Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.81(1348-1362) သမင်ဖြူအကယ်ဒမီသို့

၁၃၄၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၄၈ - မင်းက ငါ့ဇနီးပဲ

ဘမ်း!

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်
သူတို့ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်သည်ပင် ချက်ချင်း
ကွဲထွက်သွားပါတော့သည်။
အဘိုးအိုမိုယွမ်လည်း တန်ပြန်အားကြောင့်
အကြိမ်ကြိမ် နောက်ပြန်ဆုတ်သွားပြီး မီတာ

၃၀ ကျော်အကွာထိပင်
လွင့်ထွက်သွားခဲ့သည်။ ဤအချိန်တွင်
ယန်ယွဲ့သည် ရှေ့သို့တိုးကာ
အဘိုးအိုမိုယွမ်ကို
လက်သီးဖြင့်ထိုးလိုက်ပြန်သည် ။

အုန်း!

အဘိုးအိုမိုယွမ်က
နောက်တစ်ကြိမ်လွင့်ပျံသွားသော်လည်း

ယန်ယဲ့သည် ရပ်တန့်ခြင်းမရှိပေ။
အဆက်မပြတ် တိုက်ခိုက်ခဲ့သည်။

အဘိုးအိုမိုယွမ်က
အလယ်အလတ်အဆင့်သိုင်းသူတော်စင်တ
စ်ယောက် ဖြစ်သည့်တိုင်
တစ်ချက်ပင်ပြန်မတိုက်ခိုက်နိုင်ဘဲ မီတာ
၅၀၀ ကျော်အကွာထိပင်
လွင့်ပျံသွားလေသည်။ ရှီထျန်း နှင့်
မြို့စောင့်တပ်ဖွဲ့များလည်း
အံ့ဩသွားကြသည်။ အဘိုးအိုမိုယွမ်က

ကောင်းကင်မြို့တော်၏
ဒုတိယမြို့တော်ဝန်ဖြစ်သလို
အလယ်အလတ်အဆင့်သိုင်းသူတော်စင်တ
စ်ဦးဖြစ်သည်။ သို့သော်လည်း ရဲယန်
ဟုခေါ်သော ထိုလူနှင့် ရင်ဆိုင်ရသောအခါ
တစ်ချက်တစ်လေမျှပင်ပြန်လည်တိုက်ခိုက်
နိုင်စွမ်းပင် မရှိခဲ့ပေ။

"သူကဘယ်သူလဲ "

ဤမေးခွန်းသည် ရှိထျန်းနှင့်
အခြားသူများ၏ စိတ်ထဲတွင်
ပေါ်လာရုံသာမကဘဲ
တိမ်ပင်လယ်ကုန်သည်အုပ်စုမှ
အမျိုးသမီးနှင့် အဖွဲ့ပင်လျှင် လေးနက်သော
အမူအရာများ ရှိနေကြသည်။

"သူက ခန္ဓာကိုယ်ကျင့်ကြံသူ
ဖြစ်နိုင်တယ်" ချောမောလှပသောအမျိုးသ
မီး၏ နောက်ကွယ်မှ မီးခိုးရောင်
ဝတ်ရုံအဘိုးအိုက "သူ့ခန္ဓာကိုယ်က

နတ်ဘုရားအဆင့်ကို ရောက်နေပြီ။ ဒီလိုမျိုး ပါရမီရှင်ဟာ ထင်းရှူးစီရင်စုကနေ တကယ်ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားပါဘူး”

လှပသောအမျိုးသမီး၏အကြည့်များသည် ယန်ယဲ့အပေါ် စူးစိုက်ကြည့်နေပြီး အချိန်တော်တော်ကြာတိတ်ဆိတ်နေခဲ့သည် ။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက အနည်းငယ်အံ့သြသွားကာ "အကြီးဆုံးအလှမယ်"

အမျိုးသမီးက

လေးနက်စွာပြောလိုက်လေသည် "သူ့ကိုနောက်တစ်ကြိမ် စုံစမ်းပါ"

...

ဘမ်း!

ယန်ယွဲ့၏ လက်သီးချက်က
အဘိုးအိုမိုယွမ်၏ ဗိုက်အား
တည့်တည့်ထိုးချလိုက်ရာ ပါးစပ်ထဲကနေ
သွေးများ အန်ထွက်လာပြီး မြေပြင်ပေါ်
ပြုတ်ကျသွားပါသည်။ သို့သော်
ယန်ယွဲ့သည် မရပ်တန့်ခဲ့ပေ၊ ရှေ့သို့
ဆက်လျှောက်လာပြီး
နောက်တစ်ကြိမ်တိုက်ခိုက်ဖို့ ပြင်လိုက်စဉ်
အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသောအခါ “ရပ်!”

အသံထွက်ပေါ်လာသည်နှင့်
ခဏအကြာမှာပဲ
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်နှင့်
အမျိုးသမီး ၁၀ ယောက် ပေါ်လာကြသည်။

အဘိုးအိုက ယန်ယဲ့ကို စိုက်ကြည့်ရင်း တဖန်
သူ့နောက်မှ အမျိုးသမီးတစ်ဦးကို
တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ
လင်းယွဲ့ရင်၊ ဒီလိုမြင်ကွင်းအတွက်ငါ့ကို
ခွင့်လွှတ်ပါ။ ဒီမှာကိစ္စတွေ ဖြေရှင်းပြီးရင်

သမင်ဖြူကမ္ဘာဆီ ငါကိုယ်တိုင်
လိုက်ပို့ပေးမယ်"

လင်းယွဲ့ရင် ဟုခေါ်သော အမျိုးသမီးက ယန်ယွဲ့ကို  တစ်ချက်ကြည့်လိုက်ပြီး “ဒါကို မြို့သခင်ချန်း။ မင်းပဲကိုင်ကွယ်လိုက်ပါ။ ငါတို့အတွက် ထွေထွေထူးထူးလုပ်စရာ မလိုအပ်ပါဘူး။ ငါတို့ အခုချက်ချင်း ထွက်သွားလိုက်မယ်”

ဤအခိုက်တွင် ယန်ယဲ့သည် လင်းယွဲ့ရင်
တို့တစ်သိုက်၏ ရှေ့ကနေ
ပိတ်ဆို့လိုက်သည်။

လင်းယွဲ့ရင်က အထင်အမြင်သေး
ရှုံ့ရှာဖွယ်အပြည့်အမူအရာများဖြင့်
အေးစက်စက် အော်ငေါက်လိုက်သည် "
ထွက်သွားစမ်း"

သို့သော်လည်း ယန်ယဲ့သည်  သူမကို လုံးဝ
ဂရုမစိုက်ခဲ့ပေ။ သူ့အကြည့်က

လင်းယွဲ့ရင်၏ နံဘေးမှ
အမျိုးသမီးတစ်ဦးကို ကြည့်ပြီး
လက်နှစ်ဖက်လုံးပင် တုန်ယင်နေကာ "ယုရှီ၊
တကယ်ပဲ မင်းလား "

မှန်သည်၊ သူ လိုက်ရှာနေသော ရှောင်ယုရှီက
လွဲ၍ အခြားသူမဟုတ်ပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့သည်
ရှောင်ယုရှီအား

အမှန်တကယ် ကြုံတွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပါ။ ဤအခိုက်အတန့်တွင် သူ၏ခံစားချက်များကို ရိုးရှင်းစွာပင် မဖော်ပြနိုင်တော့ပေ။

"နင်ငါ့ကိုသိလား" ဟု ပြောရင်း ရှောင်ယုရှီ၏ လှပသောမျက်ခုံးများက အနည်းငယ်တွန့်ကွေးသွားလေသည်။

ယန်ယဲ့က အံ့အားသင့်သွားပြီး "မင်းက ငါ့ဇနီးပဲလေ။ ငါမင်းကိုဘယ်လိုမသိဘဲနေနိုင်မှာလဲ"

ယန်ယဲ့ ပြောပြီးသည်နှင့် ရှောင်ယုရှီက သူမ၏ဓားကိုရုတ်တရက် သူမ၏ဓားကို ဆွဲထုတ်လိုက်သည်။ ဓားမှ ဓားစွမ်းအင်အလင်းတန်းတစ်ခု လက်လာပြီး ယန်ယဲ့၏ ရင်ဘတ်ကို ချက်ချင်း ထိမှန်သွားလေသည်။

အုန်း!

ယန်ယဲ့သည်လည်း မီတာ ၂၀ ကျော်အကွာထိပင် လွင့်ထွက်သွားခဲ့ရသည်။ ထို့အပြင် သူ့ရင်ဘတ်၌ စင်တီမီတာ ဒါဇင်အနည်းငယ်မျှ ရှည်လျားသော ဓားဒဏ်ရာတစ်ခု ပေါ်လာသည်။ ယန်ယဲ့သည် သူ့ရင်ဘတ်ပေါ်က ဒဏ်ရာကို စိုက်ကြည့်ရင်း အံ့အားသင့်သွားခဲ့သည်။

အန်နန်ကျင်း၏ မျက်လုံးများသည်
အနည်းငယ်
ကျဉ်းမြောင်းသွား၏။ မိုးကောင်းကင်ခွဲလုံ့က
သူမ၏ လက်ထဲ၌
အဆက်မပြတ်တုန်ခါနေသော်လည်း
ယန်ယွဲ့ထံမှ အမိန့်မရသဖြင့်
တိုက်ခိုက်ခဲ့ခြင်း မရှိပေ။

"နင့်ရဲ့ဇနီးတဲ့လား" လင်းယွဲ့ရင်၏
အကြည့်သည် ယန်ယွဲ့အပေါ်သို့
ကျဆင်းသွားပြီး "ငါ့ရဲ့

နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းဝင်တစ်ယော
က်ကို ဒီလိုပြောရဲတာလား"

ယန်ယွဲ့သည် လင်းယွဲ့ရင်ကို ဂရုမစိုက်ဘဲ
ရှောင်ယုရှီအား စူးစိုက်ကြည့်ကာ "ယုရှီ၊
မင်းက ငါ့ကို
တကယ်မမှတ်မိဘူးလား။ မင်းကတကယ်
ငါ့ဇနီးလေ။ မင်း....”

ရှောင်ယုရှီ၏ မျက်လုံးများကနေ
ရှုံ့ရှာသောအရိပ်အယောင်တစ်ခု

တောက်ပလာပြီး သူမ၏ဓားကို
ဆွဲထုတ်ကာ နောက်ထပ်တစ်ကြိမ်
ခုတ်ပိုင်းပစ်လိုက်သည် ။

ဓားစွမ်းအင်ကြိုးတစ်ချောင်းသည်
ရှေ့သို့ပြေးထွက်လာပြီး ယန်ယဲ့ ရှေ့သို့
ချက်ချင်းရောက်လာသော် လည်း
လုံတစ်ချောင်းက ရုတ်တရက်ပေါ်လာပြီး
ရိုက်ဖယ်လိုက်သည်။

အန်နန်ကျင်းက မိုးကောင်းကင်ခွဲလုံကို ဆုပ်ကိုင်ထားရင်း ယန်ယဲ့ ရှေ့ခြေပေါ်လာပြီး "သူမ နင့်ကို တကယ်မမှတ်မိတော့ဘူး" ဟု ပြောလိုက်လေသည်။

ယန်ယဲ့သည် မျက်နှာပျက်သွားကာ သူ့အကြည့်က လင်းယွဲ့ရင် ဆီသို့ စူးစူးရဲရဲစိုက်ကြည့်ရင်း "သူမနဲ့ ငါတကယ်ပဲ...."

"သူမနဲ့ စကားလာပြောဖို့
ရောက်လာတဲ့သူတွေ
အများကြီးတွေ့ဖူးပေမဲ့
နှင့်လိုလုပ်တဲ့လူတစ်ယောက်ကိုတွေ့ဖူးတာ
တော့ ဒါပထမဆုံးအကြိမ်ပဲ" လင်းယွဲ့ရင်က
ယန်ယဲ့ကို အေးစက်စက်ကြည့်ပြီး
"နှင့်ကိုသတ်လိုက်ရင် ငါ့လက်တွေ
ညစ်ပတ်သွားမှာကို ငါကြောက်တယ်။
ယုရှီ၊ သွားရအောင်"

စကားပြောပြီးသည်နှင့် လင်းယွဲ့ရင်က
ရှောင်ယုရှီနှင့် သူမ၏နောက်ရှိ လူတိုင်းကို
ဦးဆောင်ကာ ပေါ်တယ်အထက်သို့
တက်သွားလိုက်သည်။ ထို့နောက်
ပေါ်တယ်မှ အပြာရောင်အလင်းတန်းများ
ထွက်ပေါ်လာပြီး သူတို့အားလုံးကို
လွှမ်းခြုံထားကာ ခဏအကြာတွင် အားလုံး
ပျောက်ကွယ်သွားကြသည်။

ယန်ယွဲ့က ထိုအဖွဲ့နောက်သို့ လိုက်ရန်
ပြင်လိုက်စဉ် မြို့သခင်ချန်းက သူ့လမ်းကို
ပိတ်ထားလိုက်သည်။ သူက

"မင်းဘယ်သူလဲဆိုတာ ငါမသိဘူး၊ ဒါပေမဲ့
မင်းတကယ်သတ္တိရှိတယ်ဆိုတာ
ငါပြောရမယ်။ နတ်ကြိုးကြာတစ်ထောင်ဂို
ဏ်းက တပည့်တစ်ဦးကို
ဒီလိုမျိုးပြောရဲဆိုရဲတယ်။ မင်း...."

"ဖယ်စမ်း " ယန်ယွဲ့သည် ဒေါသတကြီး
အော်ငေါက်ကာ လက်သီးဖြင့်

လျှပ်တစ်ပြက် ထိုးချလိုက်သည်။
ကြောက်စရာကောင်းသော
အငွေ့အသက်များနှင့်ပ
လက်သီးတစ်ချက်က
ရှေ့သို့ပြေးထွက်လာပြီး မြို့သခင်ချန်း အား
ထိမှန်သည်။

မြို့သခင်ချန်းက အေးစက်စွာ
အော်ဟစ်လိုက်ပြီး သူ့ညာလက်ကို ရှေ့သို့
ပုတ်လိုက်ရာ ယန်ယဲ့၏ တိုက်ခိုက်မှုသည်
ချက်ချင်း ပြန့်ကျဲသွားလေသည်။

သို့သော်လည်း ယန်ယွဲ့သည် ပေါ်တယ်စနစ်
ရှေ့သို့ ရောက်နေပါပြီ။
နောက်တစ်ကြိမ်တိုက်ခိုက်ဖို့
ရည်ရွယ်ချက်ရှိပုံမရပေ။

မြို့သခင်ချန်းက လက်နှစ်ဖက်ကို
နောက်ပစ်ထားပြီး "မင်းကို ဒီအတိုင်း
လွှတ်ထားလိုက်ရင်
ငါ့လက်အောက်ငယ်သားတွေ ဘာမှအတွက်
အသေမခံနိုင်ဘူး"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
မြို့သခင်ချန်းကို
စိုက်ကြည့်ရင်း "မင်း ငါ့ကို
သွားခွင့်မပြုချင်ဘူးလား။ဒါဆို
ငါမသွားတော့ဘူး၊ မင်းကို သတ်ပြီးမှပဲ
သွားတော့မယ် "

စကားပြောပြီးသည်နှင့် လက်ကို
တစ်ချင်ယမ်းလိုက်ရာ ဟာကျူလီယံဓားက
သူ့လက်ထဲ၌ ပေါ်လာပြီး နောက်ကျောကနေ
ဓားနက်အတောင်ပံများပါ

ထွက်ပေါ်လာပါသည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် နေရာ၌ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့် မြို့သခင်ချန်း၏ အမူအရာသည် ချက်ချင်းပြောင်းလဲသွားသည်။ ယန်ယဲ့၏ အရှိန်က အလွန်လျင်မြန်နေသဖြင့် သူ့စိတ်အာရုံအသိဖြင့်ပင် အာရုံမခံနိုင်လိုက်ပေ။

ဘမ်း!

ပေါက်ကွဲသံကြီးတစ်ခု
ကျယ်လောင်စွာထွက်လာပြီးနောက်
မြို့သခင်ချုပ်၏ ခန္ဓာကိုယ်က
နောက်ပြန်လွင့်ထွက်သွားကာ ၁
ကီလိုမီတာနီးပါးအထိမှ
ရပ်တန့်လိုက်နိုင်သည်။ ထို့အပြင်
သူ့လက်ထဲမှာ ကိုင်ထားသည့် ဒိုင်းကာက
ပြင်းထန်စွာချိုင့်ဝင်သွားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုကနေ
ရိုက်ခတ်လာသော အားလှိုင်းက သူ့ကို
ထပ်မံလွင့်ထွက်သွားစေသည်။

ဤအချိန်တွင် ယန်ယဲ့သည် သူ့ရှေ့၌
ရုတ်တရက်ပေါ်လာပြီး
ဟာကျူလီယံဓားဖြင့်
ထပ်မံခုတ်ပိုင်းလိုက်လေသည်။

ဤအခိုက်အတန့်တွင်
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်တစ်ခုက ချက်ချင်းဆိုသလို

မြို့သခင်ချန်း အပေါ်ပိတ်လှောင်သွားပြီး
တိုက်ခိုက်မှုအား လုံးဝမရှောင်နိုင်တော့ပေ။

မြို့သခင်ချန်းက
အံ့အားသင့်သွား၏။ ရှင်းရှင်းပြောရလျှင်
ယန်ယဲ့၏ အော်ရာရ သူ့အား
ဖိနှိပ်ထားနိုင်လိမ့်မည်ဟု
မမျှော်လင့်ထားခဲ့ပေ။
သို့သော်လည်း သူ့တွင်
အခြားမည်သည့်အရာကိုမျှ တွေးတောနေဖို့
အချိန်မရှိသဖြင့် သူ့ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ထွက်လာပြီး

သူ့လက်ဝါးကို ဟာကျူလီယံများ ဆီသို့

ပုတ်လိုက်သည်။ လက်ဝါးနှင့်အတူ

အဖြူရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာပြီး သူနှင့် ယန်ယဲ့

နှစ်ယောက်လုံးကို တစ်ချိန်တည်းတွင်

ဖုံးအုပ်သွားခဲ့သည်။

ဘမ်း!

အဖြူရောင် အလင်းတန်းများ
ပြန့်ကျဲသွားပြီးနောက် မြို့သခင်ချန်း၏
ခန္ဓာကိုယ်သည်
လွင့်ပျံထွက်သွားခဲ့သည်။ သူ့ခန္ဓာကိုယ်
လွင့်ပျံနေသည့်အခိုက်
ရွှေရောင်လှံတစ်ချောင်းက
ကောင်းကင်ယံကို ဆုတ်ဖြဲ၍
မြို့သခင်ချန်း၏ ပုခုံးအား
ချက်ချင်းထိုးဖောက်ကာ အဝေးမှ
အဆောက်အအုံတစ်ခုနှင့်ကပ်ရိုက်ထားလို
က်သည်။

ဤမြင်ကွင်းကြောင့် ရှိထျန်း နှင့် မြို့စောင့်တပ်ဖွဲ့များပါအံ့သြသွားကြသည်။

တိမ်ပင်လယ်ကုန်သည်အုပ်စုအဖွဲ့သည်ပင် လုံးလုံးလျားလျား အံ့အားသင့်နေခဲ့၏။

အမှန်တွင် မြို့သခင်ချန်းက အလယ်အလတ်သိုင်းသူတော်စင်တစ်ဦးဖြစ်သည်။ သို့သော်လည်း တစ်ချက်မျှပင် ပြန်မတိုက်ခိုက်နိုင်ဘဲ ရှုံးနိမ့်သွားရ၏။

လှပသောအမျိုးသမီး၏နောက်ကွယ်မှ မီးခိုးရောင်ဝတ်ရုံအဘိုးအိုက ခါးသီးသောအသံဖြင့် ပြောခဲ့သည် “ဒီလို... ခွန်အားတွေ.... ငါတောင်မှ သူတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုကို ယှဉ်နိုင်မှာမဟုတ်ဘူး”

၁၃၄၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၄၉ - မင်းတို့မှာ ရှိသမျှ အကုန်ထုတ်စမ်း

မန်နေဂျာယုချင်ကလည်း ပြောလိုက်လေသည် "သူတို့က သာမန်လူတွေမဟုတ်ဘူး"

လှပသောအမျိုးသမီးက စကားမပြောဘဲ ငြိမ်နေလေသည်။ သူမက ယန်ယွဲ့ နှင့်

အန်နန်ကျင်း တို့အားအဆက်မပြတ်
အကဲခတ်နေလေသည်။

ဤအချိန်တွင် ယန်ယွဲ့သည် မြို့သခင်ချန်း
ရှေ့သို့ ရောက်သွားပြီး
“ခရမ်းရောင်သလင်းကျောက် ၂၀၀၀
လိုချင်တယ်။ မင်းမှာရှိသလား"

"ဘယ်သူလဲ...မင်းကဘယ်သူလဲ" မြို့သခင်
ချန်းက ယန်ယွဲ့ကို
စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "မင်းက

ထင်းရှူးစီရင်စုလာတာ လုံးဝမဟုတ်နိုင်ဘူး။ ထင်းရှူးစီရင်စုမှာ မင်းလောက် သန်မာတဲ့လူကို ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

ယန်ယဲ့သည် စကားထပ်မပြောဘဲ မြို့သခင်ချန်း၏ ဗိုက်အား လက်သီးဖြင့် ထိုးလိုက်ရာ ပါးစပ်မှ သွေးများ စီးကျလာခဲ့သည်။ ထို့နောက် ယန်ယဲ့သည် ကိုယ်ကို ကိုင်းညွတ်ပြီး မြို့သခင်ချန်းအား ဆွဲမလိုက်သည်။

ထို့နောက်တွင်

ဘမ်း!

မြေပြင်တစ်ခုလုံး ချက်ချင်း
ကွဲအက်သွားသည်။

မြို့သခင်ချန်းက မတ်တပ်ရပ်လိုက်စဉ်
ယန်ယဲ့၏ ဟာကျူလီယံဓားက
သူ့နှဖူးအလယ်သို့ ဖိထားပြီး “မင်းကို

နောက်ဆုံးတစ်ခေါက် ထပ်မေးမယ်။ မင်းမှာ ခရမ်းရောင်သလင်းကျောက် ၂၀၀၀ ရှိလား"

မြို့သခင်ချန်းက ယန်ယွဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "ငါပေးနိုင်တယ်၊ ဒါပေမဲ့ မင်းသူတို့ကို ယူဖို့ သတ္တိရှိသလား"

ယန်ယွဲ့က ခေါင်းညိတ်ကာ "အခုငါ့ကို ပေးပါ"

မြို့သခင်ချန်းက ယန်ယဲ့ကို
လေးလေးနက်နက် အကြာကြီး
ကြည့်လိုက်ပြီးနောက် ရှီထျန်းအား
ကြည့်လိုက်သည်။ ရှီထျန်းက ခဏကြာ
တုံ့ဆိုင်းသွားပြီးနောက် တွေဝေမနေဘဲ
ချက်ချင်း လှည့်ထွက်သွားခဲ့သည်။
သိပ်မကြာခင်မှာပဲ၊ ရှီထျန်းက
သိုလှောင်လက်စွပ်တစ်ကွင်းနှင့် ပြန်လာပြီး
ယန်ယဲ့ ထံ ပစ်ပေးလိုက်သည်။

ယန်ယဲ့သည် အထဲမှ ပစ္စည်းများကို တစ်ချက်ကြည့်လိုက်ရာ ခရမ်းရောင်သလင်းကျောက် ၂၀၀၀ အတိအကျရှိနေသည်ကို တွေ့လိုက်ရသည်။ ဤအတောအတွင်း ဘေးမှ အသံတစ်သံ ထွက်ပေါ်လာပါသည် "နင့်နေရာမှာ ငါသာဆိုရင် ငါမယူဘူး"

ယန်ယဲ့က ဘေးကို လှည့်ကြည့်လိုက်ရာ လှပသော အမျိုးသမီး နှင့် ၃

ယောက်အုပ်စုက ဖြည်းညှင်းစွာ
လျှောက်လာသည်ကို မြင်လိုက်၏။

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း
“ကောင်းကင်မြို့တော်ရဲ့
အင်အားစုတွေကြားက ဆက်စပ်မှုတွေဟာ
အတော်လေး ရှုပ်ထွေးတယ်။ သူက
မြို့သခင် ဆိုပေမဲ့ အင်အားစုတချို့ကနေ
စေလွှတ်ထားတဲ့ နယ်ရုပ်(ရုပ်သေးရုပ်)လေး
တစ်ရုပ်သာသာပဲ။ ဒီတော့ ကောင်းကင်မြို့ရဲ့
ဝင်ငွေက သူပိုင်တာမဟုတ်ဘူး၊

သူ့နောက်က

အင်အားစုပဲပိုင်တာ။တကယ်လို့ သူသေရင်

အဲဒီအင်အားစုက တခြားလူကို မြို့သခ

င်နေရာ

ပေးလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့သူတို့

က အမည်မသိ ပညာရှင် ၃ ဦးကို စော်ကားဖို့

မလိုအပ်ဘူးလေ။ ဒါပေမဲ့ နင်

ဒီသိုလှောင်လက်စွပ်ကို ယူလိုက်ရင်တော့

ဒီကိစ္စကို ငြိမ်ခံမှာမဟုတ်ဘူး”

ယန်ယဲ့က ပြန်ပြောလိုက်၏

"မင်းပြောကြည့်လေ။ ဒါဆို

ငါဘာလုပ်သင့်တယ်လို့ မင်းထင်လဲ"

အမျိုးသမီးက နောက်ဆက်တွဲ

အကြောင်းအရာကို  မတွေးမိသောကြောင့်

အနည်းငယ်

ထိတ်လန့်သွားသည်။ ယခုအချိန် ယန်ယဲ့

မေးလာမှသာ

သတိရပြီးအံ့အားသင့်သွားမိသည်။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့သည်

သူ့လက်ထဲရောက်လာသည့် အကျိုးအမြတ်ကို စွန့်လွှတ်နိုင်ပါမည်လော။

ယန်ယဲ့သည် သိုလှောင်လက်စွပ်ကို သိမ်းလိုက်ပြီး " မြို့သခင်ကို ဘယ်အင်အားစုတွေက ပံ့ပိုးပေးနေတယ်ဆိုတာ မင်းသိလား။ ငါသူတို့ကို တချက်တည်းဖြေရှင်းလိုက်မယ်”

"ငါမလုပ်နိုင်ဘူး" အမျိုးသမီးက ခေါင်းခါလိုက်ပြီး “သူတို့ကို သတ်ရုံနဲ့ ဖြေရှင်းလို့ မရဘူး။ သူတို့ကြားက ဆက်ဆံရေးတွေက ရှုပ်ထွေးပြီး သူတို့နောက်မှာ ပိုလို့တောင်ကြောက်စရာကောင်းတဲ့ အင်အားစုတွေ ရှိနေတယ်။ ဒါ့အပြင် သူတို့ကိုထောက်ပံ့ပေးတဲ့ အင်အားစုတွေရဲ့ နောက်မှာလည်း နောက်ထပ်အင်အားစုကြီးတွေပါရှိနေတယ် ။ ရှင်းရှင်းပြောရရင် သူတို့နောက်ကွယ်မှာ

စိန်အဆင့်အင်အားစုတောင် ရှိနေနိုင်တယ်။
ဒါဆို နင့်ရဲ့လက်ရှိခွန်အားနဲ့
စိန်အဆင့်အင်အားစုကို တိုက်ခိုက်ဖို့က
တကယ်လက်တွေ့ကျပါ့မလား”

"ဒါက တော်တော်ဒုက္ခများတာပဲ"
ယန်ယဲ့သည် ခေါင်းညိတ်လိုက်ပြီး "ငါ့မှာ
အချိန်ဖြုန်းဖို့
မရှိဘူး" သူစကားပြောနေရင်းဖြင့်
မြို့သခင်ချန်း ကို စိုက်ကြည့်ကာ "ဟေး...၊
မင်းမှာ နောက်ထပ်

ခရမ်းရောင်သလင်းကျောက်တွေ
ရှိသေးလား" ဟုမေးလိုက်လေသည်။

“မရှိဘူး” မြို့သခင်ချန်းက
ခေါင်းခါပြီးငြင်းလိုက်သည်နှင့်တပြိုင်နက်
ယန်ယွဲ့သည် ဟာကျူလီယံဓားကို
အနည်းငယ် ဝှေ့ယမ်းလိုက်ရာ
ဋင်း၏လည်ပင်းမှ  ထွက်လာသည်။

မြို့သခင်ချန်းဟာ မျက်လုံးများ
ပြူးကျယ်သွားပြီး မယုံကြည်မှုများနှင့်
ပြည့်နှက်နေသည်။

ရှီထျန်း၊ ဒုတိယမြို့သခင်မိုယွမ် နှင့်
အခြားသူများလည်း ဤမြင်ကွင်းကြောင့်
ထိတ်လန့်သွားကြသည်။ ထို့နောက်တွင်
အားလုံးက ဆက်မနေတော့ဘဲ
ပတ်ဝန်းကျင်ဆီသို့
ကမန်းကတန်းထွက်ပြေးခဲ့သည်။

ဤအချိန်တွင် အန်နန်ကျင်းက သူမ၏
ညာခြေကို ရုတ်တရက် ဆောင့်နင်းကာ
နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

အသက်ရှူ ၅ ရှိုက်စာကြာပြီးနောက်
အန်နန်ကျင်းက ပြန်ရောက်လာခဲ့သည်။
ဤနေရာနှင့် သိပ်မဝေးလှသော နေရာတွင်
ခေါင်းပြတ် ၃ လုံးရှိနေသည်။
မှန်းနေစရာမလိုအောင်ပင်
ထိုခေါင်းပြတ်များက မိုယွမ်၊ ရှီထျန်း နှင့်
ချန်းရှ တို့ ပင်ဖြစ်သည်။

"နှင် လိုချင်တဲ့ ခရမ်းရောင်

သလင်းကျောက်တွေ

ရှိတယ်" လို့ပသောအမျိုးသမီးက

“နှင်သူတို့ရဲ့

ခရမ်းရောင်သလင်းကျောက်တွေကို

ယူပြီးပြီလေ။ ဘယ်လိုဖြစ်လို့

ဒီလောက်အတိုင်းအတာထိကို

ရောက်သွားရတာလဲ”

"အဲဒီ ခရမ်းရောင် သလင်းကျောက်တွေကို ပေးလိုက်ပြီးတာနဲ့ သူတို့ကို နှုတ်မြော့မယ်လို့ မပြောခဲ့ဘူး" ယန်ယဲ့က တဟားဟားရယ်ပြီး “ဒါ့အပြင် ဒါက ကမ္ဘာကြီးရဲ့ အလုပ်လုပ်ပုံအတိုင်းပဲလေ။ လူတိုင်းဟာ သူတို့ရဲ့လုပ်ရပ်အတွက် ပြန်ပေးဆပ်ရမှာ မဟုတ်လား”

"နင်က ကိုယ့်ကို ဒုက္ခပေးနေတာပဲ" အမျိုးသမီးက ပြန်ပြောလိုက်သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ "ငါ သူတို့ကို နှမြောရင် သူတို့က ငါ့ကို ဒုက္ခမပေးဘူးလို့မင်းပြောနိုင်လား"

အမျိုးသမီးက ယန်ယဲ့ကို ခဏကြာ စိုက်ကြည့်ပြီးနောက် တစ်ဖက်ပြန်လှည့်ကာ မန်နေဂျာယုချင်ကို စိုက်ကြည့်လိုက်သည်။ မန်နေဂျာယုချင်က ကမန်းကတန်း ခေါင်းညိတ်ပြီး ထွက်သွားခဲ့သည်။

“ငါတို့လည်း ဒီကနေ နှုတ်ဆက်လိုက်မယ်” စကားပြောပြီးသည်နှင့် ယန်ယဲ့သည် နောက်လှည့်ပြီး ထွက်သွားဖို့ ပြင်လိုက်သည်။ သူသည် အခြားသူများအပေါ် စိတ်ပိုင်းဆိုင်ဖိအားပေးခြင်းကို မနှစ်သက်ပေ။ ထို့အပြင် ကုန်သည်များနှင့် ဆက်ဆံခြင်းကို သဘောမကျဘဲ ၎င်းတို့အား အတော်လေးမုန်းတီးခဲ့သည်။

“အရင်က အဲဒီအမျိုးသမီးတွေဟာ
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းကပဲ။
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက
စိန်အဆင့်အင်အားစုတစ်ခုလေ။ အဖွဲ့ကို
ဦးဆောင်လာတာက
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းရဲ့
အကြီးအကဲ လင်းယွဲ့ရင် လို့ခေါ်တယ်။
သူမက အလယ်အလတ်သိုင်းသူတော်စင်
တစ်ယောက်ဆိုပေမဲ့ တကယ်တမ်းကျ
မြို့သခင်ချန်း
ထက်ပိုအားကောင်းတယ်။ သူ့ဘေးနားက

အမျိုးသမီးတစ်ယောက်ကတော့
ငါပြောတာမမှားဘူးဆိုရင်တော့ သူမဟာ
မကြာသေးမီနှစ်တွေကမှ
နာမည်ကျော်ကြားလာတဲ့
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းရဲ့ပါရမီရှင်
ရှောင်ယုရှီ " ဤအထိ ပြောပြီးနောက်
အမျိုးသမီးက ငြိမ်သွားသည်။

ယန်ယဲ့သည် ရပ်လိုက်ပြီး သူမကို
လှည့်ကြည့်လိုက်ကာ "ငါ သူ့အကြောင်း

အကုန်သိချင်တယ်။ ဒီလိုအချက်အလက်တွေ ပေးနိုင်ရင် အရမ်းကျေးဇူးတင်မိမှာပါ”

လှပသောအမျိုးသမီးက "ငါ့မေးခွန်းကို ဖြေနိုင်မလား"

ယန်ယဲ့က “ဆက်ပြော”

အမျိုးသမီးက ယန်ယဲ့ကိုကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး “နင်က ယန်ယဲ့လား"ဟုမေးလေသည်။

ယန်ယဲ့ တို့သုံးယောက်စလုံး အမူအရာများ ပြောင်းလဲသွားကြသည်။ အမျိုးသမီးက ဤတည့်တိုးဆန်သောမေးခွန်းမျိုး မေးလာလိမ့်မည်ဟုလည်း မမျှော်လင့်ထားကြပေ။ ယန်ယဲ့က ခေါင်းညိတ်ကာ "မှန်တယ်၊ ငါက ယန်ယဲ့"

"တကယ်ပဲ နင်ဖြစ်နေတာကိုး" အမျိုးသမီးက ဆက်ပြောလိုက်သည် “ထင်းရှူးစီရင်စုတစ်ခုလုံးမှာမှ ဒီလို

ကြောက်စရာကောင်းတဲ့ ခွန်အားကို
ပိုင်ဆိုင်ထားတဲ့ လူငယ်ကျင့်ကြံသူ။
ဟုတ်တာပေါ့၊ အဓိကအကြောင်းရင်းက
နင့်နာမည်ပဲ။ ရဲယန်...
ရဲယန်.... ပြန်လှန်လိုက်ရင် ယန်ယဲ့
မဟုတ်ဘူးလား" ဤအချက်အထိပြောပြီး
နောက် အမျိုးသမီးက ယန်ယဲ့
ဆီသို့ တစ်ဖန် စိုက်ကြည့်လာပြီး
"ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို
ချေမှုန်းပစ်မယ်လို့ ပြောတဲ့သူက

မျှော်လင့်ထားသလိုပဲ။ မင်က တကယ့်ကို ထူးထူးခြားခြားပဲ”

ယန်ယဲ့က "အခု မင်းငါ့ကိုပြန်ဖြေပေးဖို့ အလှည့်ရောက်ပြီ"

“အတိအကျတော့ ငါလည်းမသိဘူး။ ငါသိတာတစ်ခုက သူမဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းမှာ ရုတ်တရက်ကြီးပေါ်လာတယ်ဆိုတာပဲ။

ပြီးတော့ သူမက
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့အဆင့်
၃၅ ပညာရှင် မိုယွန်ထျန်း
ရဲ့ကမ်းလှမ်းချက်ကို
ငြင်းဆိုထားသေးတယ်။ မိုယွန်ထျန်းက
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့
ပညာရှင်ဖြစ်လို့ မရေမတွက်နိုင်တဲ့
အမျိုးသမီးတွေ သဘောကျပေမဲ့ သူမက
ပြတ်ပြတ်သားသား ငြင်းဆိုခဲ့တယ်။
အဲဒီနောက်ပိုင်းမှာ မိုယွန်ထျန်း
နဲ့ပတ်သက်ပြီး

ဗဟိုနတ်ဘုရားစီရင်စုတစ်ခုလုံးက သူမကို သိလာခဲ့တယ်။ မှန်တယ်၊ နောက်ဆုံးတစ်ခုကတော့ မိုယွန်ထျန်းဟာ သမင်ဖြူအကယ်ဒမီရဲ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက တပည့်တစ်ယောက်ပဲ"

လှပသောအမျိုးသမီးက “နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက စိန်အဆင့်အင်အားစုဖြစ်ပေမဲ့ ဘယ်သူမှ သိုင်းပညာအဆင့်သတ်မှတ်ချက်ကို

မဝင်နိုင်ကြဘူး။ အခုကြည့်ရတာတော့ နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက သူမကို မိုယွန်ထျန်း နဲ့ ပူးပေါင်းဖို့ စေလွှတ်လိုက်တာ ဖြစ်နိုင်တယ်။

သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့ ပညာရှင်တွေက ထူးခြားတဲ့ပညာရှင်တွေ ဖြစ်လာမှာသေချာလို့ အခုကတည်းက မိတ်ဆွေဖွဲ့ထားဖို့ ရည်ရွယ်ထားပုံပဲ။ နောက်ဆုံးပြောရရင် သူတို့က အင်အားစုတိုင်းကို ဆွဲဆောင်နိုင်တယ်"

ယန်ယဲ့က "သူက ငါ့ဇနီးပဲ"

လှပသောအမျိုးသမီးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်သော်လည်း သူမ၏မျက်လုံးများက သူ့ကိုမယုံကြောင်း ရှင်းရှင်းလင်းလင်းပြသနေသည်။

တစ်ချိန်တည်းမှာပဲ ရှူဝူရှန်းက ယန်ယဲ့ ဆီသို့ လျှောက်လာပြီး ခေါင်းခါလိုက်ရင်း "ရိုးရိုးသားသားပြောရရင် မင်း မိန်းမတွေကို

လိုက်တဲ့နည်းလမ်းက
တော်တော်မိုက်တယ်..."

ယန်ယွဲ့သည် ထိုစကားကြောင့်
ဘာပြောရမှန်းမသိလိုက်ပေ။

လှပသောအမျိုးသမီး သို့မဟုတ်
ရှုဝူရှန်း.ပင်ဖြစ်စေ ယန်ယွဲ့သည်
ဗဟိုနတ်ဘုရားစီရင်စု သို့ပင်
တစ်ခါမှမရောက်ဖူးသောကြောင့်
မယုံကြခြင်းပါ။ ယန်ယွဲ့သည်

ထင်းရှူးစီရင်စုမှဖြစ်ပြီး ရှောင်ယုရှီ ကတော့ ဗဟိုနတ်ဘုရားစီရင်စု၏ ပါရမီရှင်တစ်ဦး မဟုတ်ပါလား။

သို့သော်လည်း ယန်ယဲ့သည် ခေါင်းခါလိုက်ပြီး ရှင်းပြမနေတော့ဘဲ "သွားရအောင်"

၁၃၅၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၀ - အဆုံးအစွန်သောနိယာမကို ပေါင်းစပ်ခြင်း

"သမင်ဖြူကမ္ဘာကို ဘာလို့များ အလျင်စလိုသွားနေတာလဲ"

တစ်ချိန်တည်းမှာပင်

လှပသောအမျိုးသမီးက “ငါသိသလောက်

ပြိုင်ပွဲမစဖို့ ၁၀ ရက်လောက်လိုသေးတာ မဟုတ်လား”

"အကြောင်းရင်းကို သိဖို့လိုတယ်" ယန်ယဲ့က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။ ရှောင်ယုရှီက သူ့ကို အသိအမှတ်မပြုသည်ဖြစ်ရာ အဖြေရှာရပေမည်။

"ဒါဆို နင်ချက်ချင်းမသွားရတဲ့ အကြောင်းရင်းက ပိုလို့တောင်

ရှိသေးတာပဲ" အမျိုးသမီးက ဆက်ပြောလေသည် "သူတို့က အခု သမင်ဖြူအကယ်ဒမီမှာ ဖြစ်နိုင်တယ်။ ဖိတ်ကြားထားတဲ့ ညှော်သည်တော်တွေအဖြစ် သမင်ဖြူအကယ်ဒမီကို သွားတာပဲ။ နင်က သမင်ဖြူအကယ်ဒမီကို ခိုးဝင်နိုင်မယ်လို့ ထင်နေတာလား။ နင်တတ်နိုင်ရင်တောင် သူက မင့် အခုမှမမှတ်မိတော့ဘူးလေ"

ယန်ယဲ့က လှပသောအမျိုးသမီးကို
ကြည့်ပြီး "သူက ငါ့ဇနီးဆိုတာ မင်းယုံလား"

သူမ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး
“ငါ မပြောတတ်ပါဘူး။ ဒါပေမဲ့
နင်လည်းငါ့ကိုလိမ်ဖို့
အကြောင်းပြချက်မရှိဘူးလေ"

ယန်ယဲ့က သူမ၏စကားကြောင့်
အနည်းငယ်မျက်လုံးပြူးသွားသည် ။

သူမက “ငါ့ရဲ့
တိမ်ပင်လယ်ကုန်သည်အုပ်စုက စုံစမ်းတဲ့
အချက်အလက်နဲ့ပတ်သက်ရင်
မဆိုးပါဘူး။တကယ်လို့ နင်က အခုနေ
အလျင်စလိုမဟုတ်ရင်
ကောင်းကင်မြို့တော်မှာ
ခဏလောက်နေလို့ရတယ်။သိပ်မကြာပါဘူး
၊ နင်လိုချင်တဲ့အချက်အလက်တွေရမှာပါ။
အဆင်ပြေလား"

ယန်ယဲ့က သူမကို ချက်ချင်း ပြန်မဖြေဘဲ “ဘာလို့ ငါ့ကို ကူညီနေတာလဲ” ဟုသာ ပြန်မေးလိုက်သည်။

အမျိုးသမီးက ပြုံးပြီး "နင်က ယန်ယဲ့ ဖြစ်နေလို့"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "မင်းဘာကိုဆိုလိုတာလဲဆိုတာ ငါနားမလည်ဘူး"

"ဘာလို့လဲဆိုတော့ နင့်နာမည်က စီးပွားဖြစ်တန်ဖိုးကြီးတယ်" အမျိုးသမီးက ဆက်ပြောလိုက်သည် “ကဏ္ဍပေါင်းစုံမှာ လက်တွဲလုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။ ငါတို့ နှစ်ယောက်စလုံးအတွက် အကျိုးရှိပါတယ်။ ဒါ့ပြင် ငါ နင့်ကို အများကြီး အကူအညီတောင် ပေးနိုင်သေးတယ်”

"ငါဘာပြန်လုပ်ပေးရမှာလဲ" ယန်ယဲ့က မေးလိုက်သည်။ ဤလောကတွင် မည်သည့်အရာမဆို အလကားရသည်ဟူ၍ မရှိပေ။

အမျိုးသမီးက “လောလောဆယ် ဘာမှမဖြစ်ပါဘူး” ဟု ပြန်ဖြေခဲ့သည်။

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး "လူတစ်ယောက်ကို

ရှာပေးနိုင်မလား။ သူမက

ဗဟိုနတ်ဘုရားစီရင်စုမှာ ရှိနေသင့်တယ်"

"ရပါတယ်" အမျိုးသမီးက

ခေါင်းညိတ်လိုက်ပြီး “ဒါဆို အခုပဲ

ငါ့တိမ်ပင်လယ်ကုန်သည်အုပ်စုရဲ့ဌာနခွဲမှာ

အနားယူကြရအောင်။ စိတ်မပူပါနဲ့၊

မြို့ထဲမှာရှိတဲ့ ကိစ္စတွေကို ကိုင်တွယ်ဖို့

တစ်ယောက်ယောက်ကို စေလွှတ်ပြီးပြီ။

ဒီပြဿနာက ဘာမှဖြစ်လာမှာမဟုတ်ဘူး"

ယန်ယဲ့သည် ခဏတာတုံ့ဆိုင်းသွားပြီး ခေါင်းညိတ်လိုက်သည်။ ရှောင်ယု့ရှီ အကြောင်း

အမှန်တကယ်သိချင်သော်လည်း သူသည် စိတ်မရှည်နိုင်ဖြစ်နေမှန်း သိသည်။

မည်သို့ပင်ဖြစ်စေ အခြားအရာအားလုံးက သူ့အတွက် အရေးမကြီးပါ။ သို့သော်လည်း ပြဿနာမှာ ရှောင်ယု့ရှီက သူ့အား အသိအမှတ်မပြုဘဲ တိုက်ခိုက်ခဲ့ခြင်းပင်။

သူသည် ရှောင်ယု၍ရှိ အပြင်
တင်းရှောက်ယောင်ကိုပါ ရှာဖွေရပေမည်။

သို့သော် ဗဟိုနတ်ဘုရားစီရင်စုကား
ထင်းရှူးစီရင်စုထက်
အဆပေါင်းမရေမတွက်နိုင်အောင်
ကြီးမားသည် ဖြစ်ရာ ရှာဖွေဖို့
ဖြစ်နိုင်ပါမည်လော။

သူကိုယ်တိုင် ရှာဖွေဖို့ မဖြစ်နိုင်သည်ဖြစ်ရာ
အခြားသူတစ်ယောက်ယောက်ကို
အားကိုးရပေမည်။

...

ကောင်းကင်မြို့တော်...၊
တိမ်ပင်လယ်ကုန်သည်အုပ်စုဌာနခွဲ ။

အန်နန်ကျင်း နှင့် ယန်ယဲ့ တို့သည်
အခန်းတစ်ခုထဲတွင် တစ်ယောက်တည်း
ရှိနေကြသည်။

"နင်သူမကို စိတ်ပူနေတာလား" ဟု
မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "သူမ ငါ့ကို ကြည့်တဲ့ပုံစံက သိပ်ပုံမှန်မဟုတ်ဘူး၊ အရမ်းလည်း မရင်းနှီးဘူး။ သူမ တကယ်ပဲ ငါ့ကို အသိအမှတ်မပြုခဲ့ဘူး။ဒါက တမင်ဟန်ဆောင်နေတာလည်းမဟုတ်ဘူး"

အန်နန်ကျင်းက "ငါ့အထင်ပြောရရင် သူမ တစ်ခုခုဖြစ်နေပြီ"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး

အန်နန်ကျင်း ဆီသို့

လျှောက်သွားလိုက်သည်။ ထို့နောက်

သူ့လက်များကို ဆန့်ထုတ်ကာ

သူမ၏လက်များကို ပေါ့ပေါ့တန်တန်

ဆုပ်ကိုင်ထားရင်း “မင်းသိလား...

ငါတကယ်ကို ရှုံးနိမ့်သွားပြီလို့

တစ်ခါတစ်လေ

ခံစားရတယ်။ ဘာကြောင့်လဲဆိုတော့

ဘဝမှာ ကာကွယ်သင့်တဲ့လူတွေကို

မကာကွယ်နိုင်ခဲ့ဘူး။ ဒါ့အပြင် သူတို့ကို

မကြာခဏ ဒဏ်ရာရအောင်
ငါခွင့်ပြုနေရသလိုပဲ။
ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ
မင်းရှိနေတဲ့ အခြေအနေကို ငါမြင်တော့
ငါ့ကိုယ်ငါ
တကယ်မုန်းတယ်။ ငါတကယ်အမှားလုပ်ခဲ့
မိတယ်"

အန်နန်ကျင်းက ခေါင်းကိုအနည်းငယ်ငုံ့ကာ
"ငါတို့အားလုံး အားနည်းနေပြီ"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "တကယ်ပဲ ငါတို့က အားနည်းလွန်းတယ်"

သူ၏ လက်ရှိခွန်အားသည်
သာမန်သိုင်းသူတော်စင်များနှင့်
ယှဉ်နိုင်သော်လည်း
စစ်မှန်သောသိုင်းသူတော်စင်များကိုတော့
တစ်ချက်မျှပင်
ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိပေ။

အန်နန်ကျင်းက ရုတ်တရက် မေးလိုက်သည်
"အဲဒီနေ့က လော့ချန်းရှောင်ကိုအနိုင်ယူဖို့
နင်ဘာကို အသုံးပြုခဲ့တာလဲ"

ယန်ယဲ့က "အဆိုးအစွန်သောနိယာမ"

အန်နန်ကျင်းက "အဆိုးအစွန်သောနိယာမ
လား"

ယန်ယဲ့က ခေါင်းညိတ်ပြီး
ရှင်းပြသည်။ အန်နန်ကျင်းက "နင့်ရဲ့

ဥပဒေသက လော့ချန်းရှောင်ရဲ့
စိတ်ဆန္ဒဥပဒေသထက် အများကြီး
အားကောင်းတယ်"

ယန်ယွဲ့က “တကယ်ကို
ပိုအားကောင်းတယ်။ငါ့ရဲ့
ပျက်သုဉ်းခြင်းဥပဒေသ တောင်
အဆုံးအစွန်သောနိယာမ ထက်
နိမ့်ကျနေနိုင်တယ်။ တကယ်တော့
ပျက်သုဉ်းခြင်းဥပဒေသ မဟုတ်ဘဲ
အဆုံးအစွန်သောနိယာမကိုပဲ

ဆက်ပြီးလေ့ကျင့်ဖို့
ရည်ရွယ်ထားတယ်။ဒါက ငါ့ရဲ့ကိုယ်ပိုင်ခွန်
အားနဲ့ ကြီးထွားလာမှာလေ”

အန်နန်ကျင်းက ရုတ်တရက် "အဲဒါကို
ရုပ်ခန္ဓာခွန်အားအတွက်ပဲ သုံးလို့ရမှာလား"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး
"ဘာကိုဆိုလိုတာလဲ"

အန်နန်ကျင်းက ပြန်မဖြေဘဲ “လာ၊ နင့်ရဲ့ဓား
ကြိုးတစ်ချောင်းလောက်
ထုတ်ကြည့်လိုက်"ဟု ထပ်ပြောလိုက်သည်။

ယန်ယဲ့သည် အံ့သြသွားသော်လည်း
ချက်ချင်းဆိုသလိုပင် သူ၏ ဓားစိတ်ဆန္ဒကို
ရုတ်ချည်း ထုတ်လွှတ်လိုက်သည်။
တစ်ချိန်တည်းမှာပင် အန်နန်ကျင်း၏
ခန္ဓာကိုယ်ထဲမှ
ကြောက်မက်ဖွယ်ကောင်းသော
စိတ်ဆန္ဒတစ်ခု

ထွက်ပေါ်လာသည်။ ၎င်းပေါ်လာသည်နှင့် တပြိုင်နက် ယန်ယဲ့၏ ဓားစိတ်ဆန္ဒသည် သူ့ခန္ဓာကိုယ်ထဲသို့ ချက်ချင်းပြန်ဝင်သွားခဲ့သည်။

"မင်း....ဘယ်လိုလုပ် " ယန်ယဲ့သည် အန်နန်ကျင်းကို ထိတ်လန့်စွာ စိုက်ကြည့်နေသည်။ အန်နန်ကျင်း၏ စိတ်ဆန္ဒက သူ၏ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကိုပင် ဖိနှိပ်နိုင်မည်ဟု

မမျှော်လင့်ခဲ့ပေ။ ၎င်းသည်
ကောင်းကင်အုတ်ဂူကို သုံးပြီး
ထွက်ပေါ်လာသော သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
နှင့်ညီမျှပေသည်။

အန်နန်ကျင်းက "ငါ့ရဲ့စိတ်ဆန္ဒက
တိုက်ပွဲစိတ်ဆန္ဒလေ။ လုံ့စိတ်ဆန္ဒ၊
လက်သီးစိတ်ဆန္ဒ နဲ့ တခြားစိတ်ဆန္ဒ ၃ ခု
ပေါင်းစပ်ထားတာပဲ။ ပြောရရင် စိတ်ဆန္ဒ
(၆)ခုကို ပေါင်းစပ်ထားတဲ့ ငါ့ရဲ့စိတ်ဆန္ဒက
တခြားစိတ်ဆန္ဒတွေထက်

အများကြီးပိုအားကောင်းတယ်။ အခု ငါ လက်သီးစိတ်ဆန္ဒကို ထုတ်ဖော်လိုက်ရင် ထွက်ပေါ်လာတဲ့စွမ်းအားက စိတ်ဆန္ဒ ၆ ခုပေါင်းလေ။ ငါ့ရဲ့လုံ့စိတ်ဆန္ဒကို သုံးရင် စိတ်ဆန္ဒ ၆ ခုပေါင်းထားတဲ့ လုံ့စိတ်ဆန္ဒကို အလိုလိုထုတ်ဖော်နိုင်တယ်။ ငါဆိုလိုတာကို နင်နားလည်လား"

ယန်ယဲ့က "မင်းပြောတာက အဆုံးအစွန်သောနိယာမကို တခြားအရာတွေမှာ သုံးလို့ရတယ်"

အန်နန်ကျင်းက ခေါင်းညိတ်ပြီး
တုံ့ပြန်သည်။

“မင်းမှန်တယ်” ယန်ယဲ့၏ မျက်လုံးများသည်
စိတ်လှုပ်ရှားမှုများဖြင့်
တောက်ပလာသည်။ "ရုပ်ခန္ဓာခွန်အားကို
အထွတ်အထိပ်သို့ စုစည်းပြီး ဓားစိတ်ဆန္ဒ
ဖြင့် ပေါင်းစပ်ခြင်း "

ဤအခိုက်အတန့်တွင် ယန်ယဲ့သည် သူ၏
ခေါင်းတာအိုက တံခါးတစ်ချပ်ပွင့်သွားသလို
ခံစားလိုက်ရသည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး "ငါ
ခဏလောက်
တံခါးပိတ်ကျင့်ကြံလိုက်ဦးမယ်"

အန်နန်ကျင်းက ခေါင်းညိတ်လိုက်ပြီး “နင်
အဲဒါကို စမ်းကြည့်လို့ရတယ်။ ဒါပေမဲ့
တကယ်မလုပ်နိုင်ရင် အတင်းမလုပ်နဲ့။ ငါတို့

နောက် ၁၀ ရက်အတွင်း
သမင်ဖြူအကယ်ဒမီကို သွားတော့မယ်”

ယန်ယဲ့က အသာခေါင်းညိတ်လိုက်သည်
"စိတ်မပူပါနဲ့ ငါ့ရဲ့ကန့်သတ်ချက်တွေကို ငါသိတယ်။ မှန်တယ်၊ ကျင်းအာ၊ မင်းလည်း အဆုံးအစွန်သောနိယာမကို လေ့လာကြည့်ပါလား။ ဒါဆို မင်းရဲ့ ခွန်အားကို သေချာပေါက် မြှင့်တင်ပေးနိုင်မှာ သေချာတယ်”

အန်နန်ကျင်းက ခေါင်းခါလိုက်၏

“ငါ့ခန္ဓာကိုယ်က မသန်မာဘူး။ ငါ့ခွန်အားကို အထွတ်အထိပ်ထိ လုံးဝ စုစည်းလို့မရဘူး။ နင့်လို ငါ့ရဲ့ခွန်အားကို အထွတ်အထိပ်ထိ ပေါင်းစပ်မယ်ဆိုရင် အရင်ဆုံး ငါသေသွားလိမ့်မယ်"

ယန်ယဲ့သည် ခဏလောက်စဉ်းစားပြီး "မှန်တယ်" အဆုံးအစွန်သောနိယာမကို စတင်လေ့ကျင့်ချိန်က အဖြစ်အပျက်ကို သူ မှတ်မိနေသေးသည်။ ထိုအချိန်တွင် သူ၏

ခွန်အားသည် သူ့လက်သီးပေါ်တွင်
အပြည့်အဝစုစည်းသွားပြီး
တစ်ကိုယ်လုံးပေါက်ကွဲလုမတတ်
ဖြစ်ခဲ့သည်။ ခံစားရသည်။ ထို့အပြင်
ထိုစွမ်းအင်ကို
လုံးလုံးလျားလျားထုတ်လွှတ်လိုက်သည်နှင့်
သူကိုယ်တိုင်လည်း
အားကင်ကုန်ခန်းသွားခဲ့ရသည်။

ထိုအချိန်ကတည်းက သူ၏ခန္ဓာကိုယ်ဟာ
သိုင်းသူတော်စင်များထက်

သာလွန်နေပြီဖြစ်သည်။ သို့သော်လည်း
အဆုံးအစွန်သောနိယာမကို
အသုံးပြုပြီးနောက်
တစ်ကိုယ်လုံးကွဲကြေသွားလုမတတ်ပင်။

အကယ်၍ အန်နန်ကျင်းသာ
အဆုံးအစွန်သောနိယာမကို
ကျင့်ကြံမည်ဆိုလျှင် သူမ၏ ခန္ဓာကိုယ်သည်
၎င်းကို ခံနိုင်ရည်ရှိမည်မဟုတ်ပေ။

အဆုံးအစွန်သောနိယာမက ခွန်အားကို
အထွတ်အထိပ်သို့ထိန်းချုပ်ရန်

လိုအပ်ရုံသာမက တန်ပြန်အားကို ခံနိုင်သော ရုပ်ခန္ဓာလည်း လိုအပ်ပေသည်။

အန်နန်ကျင်းသာ
အဆုံးအစွန်သောနိယာမကို
နားလည်နိုင်လျှင် သူမ၏ခွန်အားက
သေချာပေါက်
ကြောက်မက်ဖွယ်ရာအဆင့်ထိ
ရောက်သွားနိုင်သည်။ သို့သော် ကံဆိုးစွာပဲ
သူမ၏ရုပ်ခန္ဓာက

အဆုံးအစွန်သောနိယာမကို
မလေ့ကျင့်နိုင်ခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့
တွေးတောနေသည်ကို သိနေသည့်အလား
အန်နန်ကျင်းက ပြောလာခဲ့သည် "ငါ့မှာ
ကိုယ်ပိုင်အမွေအနှစ်ရှိတယ်။ အဲဒါတွေကို
နှံ့နှံ့စပ်စပ် ကျွမ်းကျင်သွားတာနဲ့
အဆုံးအစွန်သောနိယာမ ထက်တောင်
နိမ့်ကျမှာမဟုတ်ဘူး။တကယ်လို့

လောချန်းယွန်သာရှိမနေရင်
လောချန်းရှောင်ကို သတ်ပြီးတာ ကြာလှပြီ"

ယန်ယဲ့သည် ခေါင်းညိတ်လိုက်ပြီး "ငါ
တံခါးပိတ်
ကျင့်ကြံတော့မယ်။ ငါ့ကိုစောင့်ပါ"

အန်နန်ကျင်းက ခေါင်းညိတ်ပြလိုက်သည်။

May Be:

၁၃၅၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၁ - ဥပဒေထိန်းသိမ်းရေးအဖွဲ့ ရောက်လာကြပြီ

တိမ်ပင်လယ်ကုန်သည်အုပ်စုမှ လှပသော အမျိုးသမီး က ယန်ယဲ့အား သူ့တောင်းဆိုချက်အတိုင်း စီစဉ်ပေးပြီး ကျင့်ကြံခြင်းအခန်းတစ်ခု ပေးခဲ့သည်။

ယန်ယဲ့သည် အခန်းထဲတွင်
အချိန်အတော်ကြာ တိတ်တဆိတ်
မတ်တပ်ရပ်နေခဲ့သည်။ ထို့နောက်တွင်
သူ့ခန္ဓာကိုယ်ဆီကနေ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒ
ထွက်ပေါ်လာသည်။ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒ ထွက်လာသည်နှင့်
ဓားစိတ်ဆန္ဒကို တဖြည်းဖြည်း အာရုံခံကာ
စတင်ချုပ်နှောင်ဖို့ ကြိုးစားလိုက်ပါသည်။
မှန်ပေသည်၊ သူသည် ဓားစိတ်ဆန္ဒကို
အမြင်အာရုံဖြင့် မမြင်နိုင်ဘဲ

တည်ရှိနေသည်ကိုသာ
ခံစားမိခဲ့သည်။သို့သော်လည်း
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒသည်
ယန်ယဲ့၏ ထိန်းချုပ်မှုအောက်တွင်
တဖြည်းဖြည်း ကျုံ့လာခဲ့သည်။

ဘမ်း!

ပေါက်ကွဲသံကြီး ရုတ်တရက်
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏ ပုံရိပ်ဟာ

လွင့်ထွက်သွားသည်။ တစ်ချိန်တည်းမှာပင်
အခန်းတစ်ခုလုံးလည်း ပြိုကျသွားသည်။

၄ နာရီနီးပါးကြာပြီးနောက်မှ ယန်ယဲ့သည်
မြေပြင်ပေါ်မှ တွားသွားထလာခဲ့သည်။
သူ့မျက်နှာသည် အလွန်ဖြူဖျော့နေပြီး
စိတ်အာရုံအသိပင်လျှင် မှုံဝေနေပါသည်။
ထိုအရာက သူဟာ ဓားစိတ်ဆန္ဒကို
အပြည့်အဝ
မထိန်းချုပ်နိုင်ခဲ့သောကြောင့်ပါ။ သူ၏

ခားစိတ်ဆန္ဒကို တိုင်းအတာတစ်ခုအထိ စုစည်းထားပြီးနောက်

၎င်းကို ဆက်ပြီးမထိန်းထားနိုင်ဘဲ ပေါက်ကွဲထွက်သွားခဲ့၏။ ထို့အပြင် ပေါက်ကွဲမှု၏ တန်ပြန်အားက သူ၏ စိတ်ဝိညာဉ်နှင့် စိတ်အာရုံအသိအပေါ် တိုက်ရိုက်သက်ရောက်ခဲ့သည်။ အလွန်ကြောက်စရာကောင်းသော တန်ပြန်ရိုက်ခတ်မှုပါ။

ယန်ယဲ့သည် အခန်းသစ်မရခင် ၁ နာရီခန့်
အနားယူပြီး ဆက်၍ လေ့ကျင့်ခဲ့သည်။
ဤတစ်ကြိမ်တွင်ကား သူဟာ
အရင်တုန်းကလိုမျိုး ပေါ့ပေါ့တန်တန်
မလုပ်ဝံ့တော့ပေ။

ဓားနယ်မြေကို အသက်သွင်းကာ
ပတ်ပတ်လည်ကို ကာထားလိုက်၏။
ထို့နောက် ဓားစိတ်ဆန္ဒကို ထုတ်ဖော်ကာ
တဖြည်းဖြည်းချင်း စုစည်းခဲ့သည်။
အချိန်တော်တော်ကြာပြီးနောက် ယန်ယဲ့၏

မျက်လုံးများသည် ရုတ်တရက်
တောက်ပလာခဲ့သည်။ ဓားနယ်မြေကို
အသက်သွင်းပြီးနောက်တွင် သူ၏
စိတ်အာရုံအသိသည် မူလထက် ၁၀ ဆ
ပိုအားကောင်းလာသည်ကို
သတိပြုမိခဲ့သည်။ တစ်နည်းဆိုရသော်
ဓားနယ်မြေထဲ၌ သူက ဓားစိတ်ဆန္ဒ၏
အနည်းငယ်ပြောင်းလဲမှုကိုပင်
ရှင်းရှင်းလင်းလင်းခံစားနိုင်ခဲ့သည်။

"၁၀ ဆ လောက် ပိုပြီးလွယ်ကူတယ်"
ထိုအရာက မည်သို့နည်း။

သူသည် ဓားနယ်မြေထဲတွင် ရှိနေပါက
ဓားနည်းစနစ် သို့မဟုတ် နည်းစနစ်များကို
လေ့ကျင့်နေသရွေ့ အပြင်ဖက်၌
လေ့ကျင့်သည်ထက် အနည်းဆုံး ၁၀ ဆ
ပိုလွယ်ကူမည်ဟု ဆိုလိုသည်။

" ဓားနယ်မြေ "

သူ့စိတ်ထဲ၌ အမြဲတမ်းအသုံးမဝင်ဟု
ခံစားမိသောအရာတစ်ခုပါ။ သို့သော်လည်း
ဤအခိုက်အတန့်တွင်
အလွန်ကြောက်စရာဖြစ်ခဲ့သည်။
အတိတ်တွင် ဤကဲ့သို့
ကြောက်စရာမဟုတ်သော်လည်း
သူ၏ကျင့်ကြံမှု
မြင့်တက်လာပြီးနောက်မှသာ။
ဤအချိန်တွင် ယန်ယဲ့သည် သူ့ကိုယ်သူ
တုံးအမိုက်မဲသူဟုပင် ယူဆလိုက်သည်။

အကြောင်းမှာ သူသည် ဓားနယ်မြေကို
တိုက်ခိုက်ဖို့အတွက်သာ
အမြဲတွေးတောနေခဲ့သောကြောင့်ပင်။
ဓားနယ်မြေ၏ အခြားစွမ်းရည်များကို
တစ်ခါမျှ မတွေးခဲ့ပေ။
မည်သို့ပင်ဖြစ်စေကာမူ ဤအချိန်တွင်
ယန်ယဲ့သည် အတော်လေး
ဝမ်းသာနေမိသည်။

ခါးနယ်မြေက အသုံးမဝင်သည်မဟုတ်ပေ၊
ထိုအစား သူထင်ထားသည်ထက်
ပို၍ကြောက်စရာကောင်း၏။

ဤအခိုက်အတန့်တွင် သူသည်
ခါးနယ်မြေအား
မည်သို့အသုံးပြုရမည်ကို သိလာခဲ့သည်။
တစ်ချိန်တည်းတွင်
မည်သည့်နည်းစနစ်ကိုမဆို
ခါးနယ်မြေထဲတွင် ကျင့်ကြံပါက မူလထက်
ပို၍လွယ်ကူသွားပါလိမ့်မည်။ အလားတူပင်

ဓားစိတ်ဆန္ဒသည် သူမမြင်နိုင် သေးသော
အရာဖြစ်သည်ကို ခံစားမိခဲ့သည်။

ယန်ယဲ့သည် ဓားစိတ်ဆန္ဒကို စုစည်းနေရင်း
သူ့ပတ်ဝန်းကျင်ရှိ ဓားစိတ်ဆန္ဒကို အာရုံခံပြီး
ဖြည်းညှင်းစွာ
ထိန်းချုပ်ကာလိုက်သည်။ ဓားနယ်မြေကို
အသက်သွင်းထားသော်လည်း
ဤတစ်ကြိမ်တွင် သူက ပေါ့ပေါ့ဆဆ
မလုပ်ဆောင်ဝံ့သေးပေ။အကြောင်းကတော့
ဓားနယ်မြေကို အကန့်အသတ်ထိ

ချုပ်နှောင်ထားပါက သူသည်
သေခြင်းတရားကို ရင်ဆိုင်ရပေလိမ့်မည်။
တစ်ချိန်တည်းမှာပဲ စိတ်ဝိညာဉ်ကို
အပြည့်အဝ သုံးနေသောကြောင့် ယန်ယဲ့၏
မျက်နှာသည် အေးစက်သောချွေးများ
စီးကျလာပါတော့သည်။ သူ့မျက်လုံးထဲ၌ပင်
သွေးစအချို့ရှိနေလေသည်။

သူ့တွင် ဓားနယ်မြေ၏
အကူအညီရှိသော်လည်း ဓားစိတ်ဆန္ဒကို
စုစည်းခြင်းဟာ

ရိုးရှင်းသောအလုပ်မဟုတ်ကြောင်း
သတိပြုမိခဲ့သည်။

ဓားစိတ်ဆန္ဒသည် ရုပ်ခန္ဓာခွန်အားနှင့်မတူဘဲ
သူ၏ထိန်းချုပ်မှုကိုစမ်းသပ်ရုံသာမက
စိတ်စွမ်းအားနှင့် စိတ်ဝိညာဉ်ကိုပါ
စမ်းသပ်ခဲ့သည်။

ကံကောင်းထောက်မစွာ ဓားနယ်မြေထဲ၌
သူ၏စိတ်ဝိညာဉ်နှင့် စိတ်အာရုံအသိက
မြင့်မားနေခဲ့သည်။ မူလထက် ၂ ဆနီးပါး

မြင့်တက်လာသောကြောင့် ဤအချိန်တွင် သူ၏ထိန်းချုပ်မှုက အလွန်ချောမွေ့စွာ တိုးတက်နေပါသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့နှင့် ပတ်ပတ်လည် မီတာ ၃၀ ခန့် ဧရိယာက တဖြည်းဖြည်း တုန်ခါလာပါတော့သည်။ ယန်ယဲ့၏ မျက်နှာပေါ်တွင်လည်း ချွေးများ အဆက်မပြတ်စီးကျနေခဲ့လေသည်။

အချိန်များက တဖြည်းဖြည်းကုန်သွား၏။
ယန်ယဲ့၏

ပတ်ပတ်လည် နေရာသည်
တုန်ခါနေဆဲဖြစ်သော် လည်း ယခုအခါ ၂၄
မီတာသာ ရှိတော့သည်။

ထို့နောက်တွင်တော့ ယန်ယဲ့၏
အနီးတစ်ဝိုက်နေရာသည်
တဖြည်းဖြည်းကျုံ့လာပြီး ဓားစိတ်ဆန္ဒကို
စုစည်းရ ခက်ခဲလာပါသည်။

ဥပမာအားဖြင့် သူသည် မီတာ ၃၀ မှ ၂၄ မီတာအထိ ချုံ့ဖို့၂ နာရီသာကြာသော်လည်း ၂၁ မီတာထိ ချုံ့ရန် ၆ နာရီနီးပါးကြာခဲ့သည်။ ထို့အပြင် ၂၁ မီတာကနေ ၁၈ မီတာထိ ချုံ့ရန် နာရီပေါင်း ၂၀ ကြာမြင့်ခဲ့သည်။

အချိန်ပိုကြာလာသော်လည်း ယန်ယဲ့သည် စိတ်ပျက်မသွားဘဲ ပို၍ပင် စိတ်လှုပ်ရှားလာသည်။

အကြောင်းမှာ ဓားစိတ်ဆန္ဒကို အဆက်မပြတ် ချုံ့နေရင်း သူ၏

ခါးစိတ်ဆန္ဒက မူလထက်
ပို၍ကြောက်စရာကောင်းလာသည်ကို
သတိပြုမိခဲ့သောကြောင့်ပါ။

ဤအခြေအနေက အလွန်နားလည်နိုင်သော
ရလာဒ်တစ်ခုပါ။
သတ္တုအပိုင်းအစတစ်ခုလိုပင်။အဆက်မပြ
တ်ထုရိုက်ပြီး ချံ့နေပါက နောက်ဆုံးတွင်
ဓါးတစ်လက် ဖြစ်လာပါလိမ့်မည်။
အစပိုင်းတွင် သတ္တုအပိုင်းအစတစ်ခုသာ
ဖြစ်သော်လည်း ၎င်း၏ ခွန်အားက

လုံးဝကွဲပြားသွားမည်ဖြစ်သည်။

အလားတူပင် သူ၏ ဓားစိတ်ဆန္ဒကို

ချုံ့(စုစည်း)နေခြင်းက သတ္တုအပိုင်းအစကို

ဓားတစ်လက်ဖြစ်အောင်

ထုရိုက်နေသကဲ့သို့ပင်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်

အရှူးတစ်ယောက်ကဲ့သို့

ကျင့်ကြံနေပါသည်။

ယန်ယဲ့သည်
လေ့ကျင့်နေစဉ်အတောအတွင်း
ပြဿနာတစ်ခုကို သတိပြုမိခဲ့သည်။
ဓားစိတ်ဆန္ဒကို စုစည်းနေချိန်တွင်
၎င်း၏စွမ်းအားကို အပြည့်အဝ
နားမလည်နိုင်ခဲ့ပေ။

ဓားစိတ်ဆန္ဒ နှင့် အနှစ်သာရက
မည်သည်ကိုဆိုလိုသနည်း။ ဓားစိတ်ဆန္ဒ၏
စွမ်းအားက မည်သို့ထွက်ပေါ်လာသနည်း။

အတိတ်တွင် ဤသို့သောမေးခွန်းများကို မဖြေနိုင်ခဲ့ပေ။

ဤအခိုက်အတန့်တွင် သူသည် ခံစားနယ်မြေထဲကနေ ခံစားစိတ်ဆန္ဒကို အာရုံခံမိပြီး ခံစားစိတ်ဆန္ဒကို ထိန်းချုပ်ဖို့အတွက် ခံစားစိတ်ဆန္ဒကို နားလည်လိုခြင်းပင်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် သူ၏ ခံစားစိတ်ဆန္ဒကို တဖြည်းဖြည်း နားလည်လာခဲ့သည်။

ဓားစိတ်ဆန္ဒသည်

စိတ်ဆန္ဒပုံစံတစ်ခုဖြစ်သော်လည်း

ထိုအရာက

လုံးဝဆန်းကြယ်နေသလိုပါ။ ရိုးရိုးရှင်းရှင်း

ပြောရလျှင် ဓားစိတ်ဆန္ဒသည်

၎င်း၏အခြေခံအုတ်မြစ်ဖြစ်သည့် ဓားဖြင့်

နားလည်သဘောပေါက်ထားသော

ဆန္ဒတစ်မျိုးဖြစ်သည်။

တစ်နည်းဆိုရသော် ဓားစိတ်ဆန္ဒသည်
မြင့်မြတ်သောအော်ရာ
နှင့်တူသည်။ အင်ပါယာတစ်ပါး ကဲ့သို့
မြင့်မြတ်သောအရှိန်အဝါ ထုတ်လွှတ်ပြီး
မရေမတွက်နိုင်သော သက်ရှိသတ္တဝါများကို
ဖိနှိပ်နိုင်ပေသည်။ စိတ်အလိုဆန္ဒနှင့်
အော်ရာက အတူတူပင်ဖြစ်သည်ဟု
ဆိုနိုင်လေသည်။ မမြင်နိုင်သော်လည်း
အမှန်တကယ်ရှိနေ၏။ အဆင့်တစ်ခုထိ
ရောက်လာမှသာ ၎င်းကို လုံးလုံးလျားလျား
ပိုင်ဆိုင်နိုင်ပါလိမ့်မည်။

" ဓားစိတ်ဆန္ဒ ...." အထူးသဖြင့်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒသည်
ရုပ်ဝတ္ထုတစ်ခုမျှသာမဟုတ်ပေ။

၎င်းကို စုစည်းနေစဉ်တွင် ယန်ယွဲ့သည်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒက
သူ၏ဓားစိတ်ဆန္ဒထက်
ပိုအားကောင်းရသည့်
အကြောင်းအရင်းအားနားလည်ခဲ့သည်။
ထိုအရာက ဟင်းလင်းပြင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ သူ၏
ဓားစိတ်ဆန္ဒ ထက်ပို၍သိပ်သည်းပြီး
ကျုံ့နေသာကြောင့်ပါ။

ဤအခိုက်အတန့်တွင် သူသည်
ဓားစိတ်ဆန္ဒကို အဆုံးအစွန်ထိ သိပ်သည်းဖို့
ရည်ရွယ်နေသည့်ဖစ်ရာ
အရင်ဦးဆုံးလုပ်ရမည်က ဓားစိတ်ဆန္ဒကို
ဖိနှိပ်ထားခြင်းပင်။

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာပြီး မျက်စိတစ်မှိတ်အတွင်းမှာပဲ ၅ ရက်တာ ကုန်ဆုံးသွားပါတော့သည်။

ဤအခိုက်တွင် ယန်ယဲ့၏ ပတ်ဝန်းကျင်ရှိ နေရာသည် လုံးဝငြိမ်သက်သွားသော်လည်း သူ့မျက်နှာကတော့ အလွန်လေးနက်သော အရိပ်အယောင်များရှိနေသည်။ဟာကျူလီ ယံခါးက သူ့လက်ထဲ၌ ရှိနေပြီး အဆက်အပြတ်တုန်ခါနေပါသည်။ အကြောင်းမှာ သူ့ပတ်ပတ်လည်မှ

ခားစိတ်ဆန္ဒအားလုံးကို ဟာကျူလီယံခား
ထဲသို့ ထည့်ပေါင်းလိုက်သောကြောင့်ပါ။

ဤအချိန်တွင် သူ၏ ခားစိတ်ဆန္ဒသည်
အကန့်အသတ်သို့ ရောက်ရှိသွားခဲ့သည်။

ဤကဲ့သို့အခြေအနေမျိုးတွင်
ထွက်ပေါ်လာသော ဖိအားက မည်မျှထိ
ကြောက်စရာကောင်းသည်ကို
ခံစားမိနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ယန်ယဲ့သည် သူ၏

ခါးနယ်မြေက မတည်မငြိမ်ဖြစ်နေပြီဟု

ခံစားမိသည်။ အကယ်၍ သူသည်

အတွေးဖြင့်သတ်ဖြတ်ခြင်းကို

ထုတ်ဖော်လိုက်လျှင် ၎င်း၏ စွမ်းအားက

အနည်းဆုံး အဆ ၅၀ တိုးလာပါလိမ့်မည်။

ထို့အပြင် ထိုတိုက်ခိုက်မှုက

အဆင့်မြင့်သိုင်းသူတော်စင်

တစ်ယောက်အား

ချက်ချင်းသတ်ပစ်နိုင်လေသည်။

သို့သော်လည်း သူ့ခန္ဓာကိုယ်အပေါ်
မူတည်ပါသည်။

သူ၏ရုပ်ခန္ဓာက နည်းစနစ် သို့မဟုတ်
ဓားစိတ်ဆန္ဒ ထက်ပို၍ သန်မာနေရပါမည်။

ထိုကဲ့သို့ပင် ယန်ယွဲ့သည်
အရူးတစ်ယောက်ကဲ့သို့ သူ၏
ဓားစိတ်ဆန္ဒကို ထုတ်ဖော်ပြီး
နောက်တစ်ကြိမ် ကျင့်ကြံလိုက်သည်။

...

နောက်ထပ် ၂ ရက်ခန့်အကြာ…။

ကောင်းကင်မြို့တော်၊ ပေါ်တယ်စနစ်…။

ရုတ်တရက်
ပြိုးပြိုးပြက်ပြက်ပြက်ပြက်လက်နေသော
အပြာရောင်အလင်းတန်းတစ်ခု
ထွက်ပေါ်လာပြီးနောက် လူ ၃ ဦး
ပေါ်လာသည်။ သူတို့သည်
အဖြူရောင်ဝတ်ရုံကို

ဝတ်ဆင်ထားပြီး ရင်ဘတ်ပေါ်တွင် '书'
စာလုံးသေးသေးလေးစီ တပ်ထားသည်။

အဖွဲ့ကို ဦးဆောင်သူသည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
လက်ဝဲဖက်ရှိ လူငယ်ကို ကြည့်လိုက်ပြီး
"ဂျူနီယာညီလေးလင်း၊ ငါတို့ရဲ့
အနာဂတ်ခယ်မကို နှောင့်ယှက်ခဲ့တဲ့လူရဲ့
နာမည်နဲ့ နေရာကို
သွားရှာကြည့်လိုက်။ ငါတို့အစ်ကိုကြီးက
ဒီလိုလူတွေကို ဂရုမစိုက်ပေမဲ့

သူညီငယ်တွေဖြစ်တဲ့

ငါတို့ကအနာဂတ်ခယ်မကို

အခွင့်ကောင်းယူဖို့ ခွင့်မပြုနိုင်ဘူး

မဟုတ်လား”

၁၃၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၃၅ - လက်သီးတစ်ချက်နဲ့ အနိုင်ယူခြင်း

ဂျူနီယာညီလေးလင်း ဟုခေါ်သော လူငယ်က ရယ်မောရင်း "အစ်ကို တန်ဖုန်း၊ ငါတို့ရဲ့အစ်ကိုကြီးနဲ့ ခယ်မယုရှီ တို့က တကယ်ပဲပေါင်းစပ်လိမ့်မယ်လို့ မင်းထင်လား"

"အဲဒါ ဘယ်လိုလူမိုက်စကားလဲ" တန်ဖုန်းက မျက်နှာတွင် အပြုံးတစ်ခုနှင့်

"ငါတို့အစ်ကိုကြီးက
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့
ပညာရှင်လေ။ ချောမောတဲ့
ခပ်တုံးတုံးခယ်မ ရှောင်ယုရှီက ငါတို့ရဲ့
အစ်ကိုကြီး သူမကို သဘောကျတာ
ကံကောင်းတယ်။ အရင်တုန်းက သူ့ကို
ငြင်းဆိုခဲ့ပေမဲ့ သူနဲ့
အချိန်အတော်ကြာအောင် သိလာရင်တော့
သူ့ရှေ့မှောက်မှာ သေချာပေါက်
ဝန်ခံလာမှာပါ”

တန်ဖုန်းက ပြုံးပြီး “အခုကြည့်စမ်း၊
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းက သူမကို
ငါတို့ သမင်ဖြူအကယ်ဒမီရဲ့ပြိုင်ပွဲတွေမှာ
လာကြည့်ဖို့ အဖွဲ့ထဲမှာ
စေလွှတ်လိုက်တယ်။ ဒါက
ဘာကိုဆိုလိုတာလဲ။ ဆိုလိုတာက
နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းဟာ သူမကို
ငါတို့အစ်ကိုကြီးနဲ့
ပေါင်းစည်းစေချင်တယ်။ ဒီတော့ သူမက
ငါတို့ခယ်မအဖြစ်ကနေ
ထွက်ပြေးသွားလို့မရဘူး။ တိမ်ပင်လယ်အ

ကယ်ဒမီနဲ့ဒီကိစ္စကို ဖြေရှင်းပြီးတာနဲ့ သူတို့ချင်း ပေါင်းစည်းနိုင်လိမ့်မယ်လို့ ငါထင်ပါတယ်”

" တိမ်ပင်လယ်အကယ်ဒမီ

" ဂျူနီယာညီလေးလင်း၏ မျက်လုံးများတွင် အထင်အမြင်သေးမှုတစ်ခု ထွက်ပေါ်လာပြီး “ဒီလူ ယန်ယဲ့ရဲ့တောင်းဆိုချက်ကို ဘာကြောင့် သဘောတူကြတာလဲဆိုတာ ငါတကယ် နားမလည်ဘူး။ ဒီလို အမှိုက်သင်တန်းကျောင်းကို ဖြို့ခွင်းဖို့

တစ်ယောက်ယောက်ကို စေလွှတ်ဖို့က
မလွယ်ဘူးလား"

တန်ဖုန်းက သူ့ခေါင်းကို ခါလိုက်ပြီး "ဒီလိုမျိုး
ဘယ်သူမှ ဂရုမစိုက်တာ
သဘာဝပါပဲ။ အဲဒီတောင်းဆိုချက်ကို ငါတို့
သဘောတူရတာက
အထက်အာဏာပိုင်တွေနဲ့
စာပေပညာရှင်အဖွဲ့ခွဲကြားက
သဘောတူညီချက်ကြောင့်လေ။ ကောင်းပြီ၊
ငါတို့ရဲ့အချိန်တွေကို

မဖြုန်းမိစေနဲ့။ ပြီးသွားရင်
သူတို့ဘယ်မှာရှိလဲဆိုတာကို
မြန်မြန်သွားရှာပါ”

"ဒါက ပြဿနာမဟုတ်ဘူး"
ဂျူနီယာညီလေးလင်းက
တဟားဟားရယ်ပြီး
ချက်ချင်းပျောက်ကွယ်သွားသည်။

...

ကောင်းကင်မြို့တော်၊....

တိမ်ပင်လယ်ကုန်သည်အုပ်စုဌာနခွဲ ။

တိမ်ပင်လယ်ကုန်သည်အုပ်စု၏ ပြိုင်ပွဲက မကြာမီ စတင်တော့မည် ဖြစ်ရာ ယန်ယွဲ့ တို့သုံးယောက်စလုံးက ရှုးသွပ်စွာ ကျင့်ကြံနေကြသည်။

ခန်းမတစ်ခုထဲတွင်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက
ချောမောလှပသော အမျိုးသမီး၏ ရှေ့တွင်
ရပ်နေကာ “အကြီးဆုံး သခင်မလေး၊
မင်းတကယ် လုပ်မှာလား”

သူမ ခေါင်းမညိတ်ခင်
အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေခဲ့ပြီး
“အန္တရာယ်မရှိဘဲနဲ့ အကျိုးအမြတ်ဆိုတာ
မရှိပါဘူး။ တကယ်လို့ ငါတို့က
ဒီလောင်းကစားကို နိုင်ရင် ငါတို့အတွက်
အဆုံးမဲ့ အကျိုးအမြတ်တွေ

ယူဆောင်လာပေးမှာ မဟုတ်ဘူး၊ ငါလည်း လုံး၀ အဆင့်မြင့်အာဏာပိုင်တစ်ယောက် ဖြစ်လာနိုင်လိမ့်မယ်"

"ဒါပေမဲ့ ဒီလောင်းကြေးကိုရှုံးရင် မင်းရဲ့လုပ်ပိုင်ခွင့်အားလုံးကို ဆုံးရှုံးမဲ့အပြင် နောက်ကလူတွေပါ အကုန်လုံးဒုက္ခရောက်လိမ့်မယ်" မီးခိုးရောင်၀တ်ရုံအဘိုးအိုက "ဒါက ဘိုးဘေးကိုတောင် ထိခိုက်နိုင်တယ်"

လှပသောအမျိုးသမီးသည်
မျက်လုံးများကိုမှိတ်ပြီး
တိတ်ဆိတ်နေခဲ့သည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက
ဆက်ပြောလိုက်သည် "သူတို့ရဲ့အစွမ်းက
မဆိုးပါဘူး။ ဒါပေမဲ့ သမင်ဖြူအကယ်ဒမီမှာ
ဖုံးကွယ်ထားတဲ့ ပညာရှင်တွေ
ရှိတယ်။ အရေးအကြီးဆုံးကတော့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှာ
ထိပ်သီးပါရမီရှင် ၂

ယောက်ရှိတယ်။ ယန်ယဲ့က အဲဒီ ၂
ယောက်ကို
ယှဉ်နိုင်ပါ့မလား။ အနည်းဆုံးတော့ သူတို့
အခုအချိန်အထိ ထုတ်ဖော်ပြသထားတဲ့
ခွန်အားကို အခြေခံရင်
သိုင်းပညာအဆင့်သတ်မှတ်ချက်က
ပညာရှင်တွေနဲ့ ယှဉ်ဖို့ မဖြစ်နိုင်သေးဘူး။
အတော်လေး အားနည်းနေသေးတယ်လို့
ငါထင်ပါတယ်”

အမျိုးသမီးရ စကားမပြောဘဲ
ငြိမ်ငြိမ်လေးနေလိုက်သည်။

အဘိုးအိုက စကားဆက်ပြောဖို့
ပြင်လိုက်သော်လည်း ရုတ်တရက်
မျက်နှာတစ်ချက် ပျက်သွားပြီး
ခန်းမအပြင်ဖက်သို့ လှမ်းကြည့်လိုက်ရင်း
"တစ်ယောက်ယောက် ရှိနေပြီ၊
မဖိတ်ခေါ်တဲ့ဘဧည့်သည်တွေ
ရောက်လာပုံပဲ"

အမျိုးသမီးက မျက်လုံးဖွင့်လိုက်ပြီး “လာ၊
သွားကြည့်ရအောင်” ဟုပြောလိုက်သည်။

နှစ်ယောက်လုံး ခန်းမထဲမှ
ထွက်လာပြီးနောက် တန်ဖုန်း
တို့သုံးယောက်အဖွဲ့ကို တွေ့လိုက်သောအခါ
လှပသော အမျိုးသမီးက ချက်ချင်း
မျက်မှောင်ကြုတ်သွားသည် ။

"သမင်ဖြူအကယ်ဒမီက ယန်ယဲ့နဲ့
တခြားသူတွေရဲ့ပုံရိပ်အမှန်ကို
သိသွားကြပြီလား"

တန်ဖုန်း၏ အကြည့်များသည် လှပသော
အမျိုးသမီး ပေါ်သို့ ကျဆင်းသွားကာ
ရယ်မောလိုက်သည်။ ထို့နောက် သူက
"မင်းလို လှပတဲ့သူတစ်ယောက်ဖြစ်ဖို့ ငါ
ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ မင်းလို
မိန်းမတွေကို
ငါကြိုက်တယ်။ ဟာဟာဟား...၊ လုပ်ငန်းစ

လိုက်ကြရအောင်။ ဒီလူက ရဲယန်လို့ခေါ်တာလား”

အဘိုးအိုက ရှေ့ကို လှမ်းပြီး “မင်းရဲ့အမှုအကျင့်ကို ဂရုစိုက်ပါ”

တန်ဖုန်းက အေးစက်စွာပြောခဲ့သည် "ငါ့ရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့က အမှုအကျင့်တွေကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘူး"

"ဒါဆို နည်းနည်းလောက်
သင်ပေးခွင့်ပြုပါ" အဘိုးအို၏ပုံရိပ်က
တန်ဖုန်း ဆီသို့ ခုန်ဝင်လိုက်သည်။

တန်ဖုန်းက  အေးစက်စွာ ရယ်မောလိုက်ပြီး
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ
အဘိုးအိုကို တိုက်ခိုက်လိုက်သည်။

ဘမ်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက် အဘိုးအိုသည်
နောက်သို့ ထပ်ခါတလဲလဲ
ဆုတ်သွားလိုက်ရသည်။ အဘိုးအိုဟာ
ခန်းမနံရံရှေ့သို့ ရောက်မှသာသူ့ကိုယ်သူ
ထိန်းနိုင်လိုက်ပြီး သူ၏
ညာဖက်လက်ဝါးလည်း
ပျောက်ကွယ်သွားခဲ့သည်။

"အလယ်အလတ်သိုင်းသူတော်စင် လား"
တန်ဖိုးကိုး က သူ့လက်ထဲ၌

ရုတ်တရက်ပေါ်လာသော
အဖြူရောင်ဓားမြှောင်ကို
ဆော့ကစားနေရင်း “ဘယ်လောက်
အားနည်းလိုက်သလဲ။ မင်း
သိုင်းသူတော်စင်အဆင့်ကို ရောက်ဖို့
ဆေးလုံးတွေသုံးခဲ့တာ... ဟုတ်တယ်မလား"

အဘိုးအိုက မျက်နှာပျက်သွားသည်။ သူ
တိုက်ခိုက်တော့မည်ဖြစ်သော်လည်း
ရုတ်တရက် ရပ်လိုက်ပြီး အဝေးကို
လှမ်းကြည့်လိုက်သည်။

ဤအခိုက်တွင် ယန်ယဲ့သည်
ကျင့်ကြံနေသည့်အခန်းထဲကနေ
ထွက်လာပြီး ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။

ယန်ယဲ့က တန်ဖုန်းကို ကြည့်ပြီး "မင်းငါ့ကို
ရှာနေတာလား"

တန်ဖုန်းက ယန်ယဲ့ကို စိုက်ကြည့်ပြီး
"မင်းက ရဲယန် လား"ဟု မေးလိုက်၏။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

တန်ဖုန်းက "ဒါဆို မင်းဟာ ငါ့ခယ်မကို စော်ကားတဲ့သူပဲ"

ယန်ယဲ့လည်း အံ့သြသွားပြီး "မင်းရဲ့ခယ်မ လား"

တန်ဖုန်းက
"နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းရဲ့ ရှောင်ယူ့ရှီက  ငါ့ခယ်မ"

ယန်ယဲ့၏ မျက်လုံးများသည် မှေးကျဉ်းသွားကာ "မင်း ရဲ့ အစ်ကိုကြီးက ဘယ်သူလဲ"

"မိုယွန်ထျန်း" တန်ဖုန်း၏ ပါးစပ်ထောင့်တွင် အနည်းငယ်လှောင်ပြောင်သော အပြုံးတစ်ခု ရစ်ဝဲလာသည်။

"သူက ကိုယ့်ကိုယ်ကိုဘယ်သူလို့ထင်လဲ" ယန်ယဲ့၏

ဂရုမစိုက်သောအသံက နေရာတစ်ခုလုံး ပွဲတင်ထပ်သွားသည်။

"သူ့ကိုယ်သူ ဘယ်သူထင်လို့လဲ"

ယန်ယဲ့၏ အထင်အမြင်သေးသံကို ကြားလိုက်သောအခါ အဘိုးအိုနှင့် လှပသော အမျိုးသမီး တို့သည်ပင် မျက်လုံးများ တုန်လှုပ်သွားရသည်။ မိုယွန်ထျန်းက

သိုင်းပညာအဆင့်သတ်မှတ်ချက်၏
ပညာရှင် ဖြစ်နေသောကြောင့်ပါ။

သိုင်းပညာအဆင့်သတ်မှတ်ချက်က
မည်သို့နည်း..

ဗဟိုနတ်ဘုရားစီရင်စုတွင် လူငယ်ပညာရှင်
သို့မဟုတ် ကျင့်ကြံသူ
ဘီလီယံနှင့်ချီရှိသော်လည်း အယောက် ၅၀
ကသာ သိုင်းပညာအဆင့်သတ်မှတ်ချက်သို့
တက်ရောက်နိုင်သည်။ ပါရမီရှင်များကြားမှ

ထူးခြားသော ပါရမီရှင်များကသာ
သိုင်းပညာအဆင့်သတ်မှတ်ချက်၌
ပါဝင်နိုင်သည်ဟု ဆိုနိုင်သည်။

ထိုကဲ့သို့သော ပါရမီရှင်များသည်
အနာဂတ်တွင် ထူးခြားသော ပညာရှင်များ
ဖြစ်လာမည်မှာ မလွဲပေ။

အဖြစ်မှန်များက အမှန်တကယ်
ဖြစ်လာကြောင်းသက်သေပြခဲ့သည်။ အ
ကြောင်းကတော့ ဗဟိုနတ်ဘုရားစီရင်စု၏

အထွတ်အထိပ်ပညာရှင်အများစုဟာ
အတိတ်တစ်ချိန်က
သိုင်းပညာအဆင့်သတ်မှတ်ချက်၏
ပညာရှင်များ ဖြစ်ခဲ့သောကြောင့်ပင်။

ထို့အပြင် ဗဟိုနတ်ဘုရားစီရင်စုကား
စိန်အဆင့်အင်အားစုများစွာ ရှိသော်လည်း
၎င်းတို့တွင်
သိုင်းပညာအဆင့်သတ်မှတ်နိုင်သည့်
တပည့်များ ပိုင်ဆိုင်ထားသည့် အင်အားစုက
အနည်းငယ်သာရှိသည်။

သမင်ဖြူအကယ်ဒမီ ကဲ့သို့ပင်။ ၎င်းအား ဗဟိုနတ်ဘုရားစီရင်စု၏ နံပါတ်တစ် အကယ်ဒမီဟု သတ်မှတ်ထားသော်လည်း တပည့် ၃ ယောက်သာလျှင် သိုင်းပညာအဆင့်သတ်မှတ်ချက်သို့ တက်လှမ်းနိုင်ခဲ့သည်။ထိုအချက်ကို ကြည့်၍ သိုင်းပညာအဆင့်သတ်မှတ်ချက်က  မည်မျှ ကြောက်စရာကောင်းသည်ကို ခန့်မှန်းနိုင်လေသည်။

ဤအချိန်တွင် ယန်ယဲ့သည်
သိုင်းပညာအဆင့်သတ်မှတ်ချက်၏
မိုယွန်ထျန်းကို အထင်အမြင်သေးစွာ
လှောင်ပြောင်ခဲ့သည်။ ထို့ကြောင့်
လှပသောအမျိုးသမီး နှင့် အဘိုးအိုတို့က
မိုယွန်ထျန်း အပေါ် ယန်ယဲ့
မည်သို့တွေးတောသည်ကို
အတော်လေးသိချင်သွားကြသည်။

အခြားတစ်ဖက်တွင်လည်း တန်ဖုန်း
တို့သုံးယောက်စလုံး

မှုန်ကုပ်ကုပ်ဖြစ်သွားကြလေသည်။
တန်ဖုန်းက
“မင်း....” ဟုသာ ပြောလိုက်နိုင်သည်။

သို့သော်လည်း ယန်ယဲ့သည် နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့ပါပြီ။ ဤအချိန်တွင် တန်ဖုန်း၏အမူအရာသည် ပြင်းထန်စွာပြောင်းလဲသွားပြီး သူ၏ဓားမြှောင်ကို ရှေ့သို့ လျင်မြန်စွာ ဝှေ့ယမ်းလိုက်သည်။ အေးစက်စက်အလင်းတန်းတစ်ခု လင်းလက်သွားသော်လည်း

ခဏအကြာတွင် ပျောက်ကွယ်သွားပြီး
လက်သီးတစ်ချက်က သူ့ရှေ့သို့
ရောက်လာသည်။

ခွပ်!

လက်သီးချက်က
ကြောက်မက်ဖွယ်စွမ်းအားများ
ပေါက်ကွဲလာပြီး တန်ဖုန်း၏ အနီးတစ်ဝိုက်ရှိ
လေထုဟာ ချက်ချင်းပင်
ကွဲထွက်သွားတော့သည်။

ဤမြင်ကွင်းကြောင့် တန်ဖုန်း၏
မျက်လုံးများက
အံ့သြမှုတစ်ခု
တောက်ပလာသည်။ ယန်ယဲ့၏ ခွန်အားက
ဤမျှအဆင့်ထိ ရောက်နေသည်ဟု
သူ့စိတ်ထဲ တစ်ခါမှ မထင်ထားပေ။ သူသည်
လုံးဝမပေါ့ဆဝံ့တော့ဘဲ
ဆန်းကြယ်ချီစွမ်းအင်များကို ထုတ်ဖော်၍
သူ့လက်ထဲက ဓားမြှောင်သို့
ပို့လွှတ်လိုက်ပါသည်။

ချွင်!

ဘမ်း!

ဓားမြှောင်က ထက်ပိုင်းကျိုးသွားပြီး တန်ဖိုး၏ ပါးစပ်ကနေ သွေးများ ဖျန်းခနဲ အန်ထွက်လာသည်။

"လက်သီးတစ်ချက်နဲ့ အရှုံးပေးလိုက်ရတယ်"

မီးခိုးရောင်ဝတ်ရုံအဘိုးအိုနှင့် လှပသော
အမျိုးသမီးသည်ပင်
အံ့အားသင့်သွားခဲ့သည်။

တန်ဖုန်းက
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်သာဖြ
စ်ခဲ့သော်လည်း သူ့ခွန်အားက
သိုင်းသူတော်စင်များကို ဖိနှိပ်ဖို့
လုံလောက်ပါသည်။ နောက်ဆုံးတွင်
သမင်ဖြူအကယ်ဒမီ ကဲ့သို့
စိန်အဆင့်အင်အားစုကနေ

ပျိုးထောင်ပေးထားသော ပါရမီရှင်များက
အပြင်ပန်းကိုအခြေခံပြီး
အကဲဖြတ်၍မရပါ။ အားလုံးက
အကောင်းဆုံးအရင်းအမြစ်များနှင့်
အစွမ်းထက်နည်းစနစ်များ ပိုင်ဆိုင်ထားပြီး
မရေမတွက်နိုင်သော
အဆင့်မြင့်ဆရာသခင်များ ရှိကြသည်။
တစ်နည်းဆိုရသော် အားလုံးက
အကောင်းဆုံးသောအရာများဖြင့်သာ

ပြုစုပျိုးထောင်ခံရသည်။

သို့သော် ထိုသို့သောပါရမီရှင်တစ်ဦးက လက်သီးတစ်ချက်ဖြင့် ရှုံးနိမ့်ခဲ့ရ၏။

တန်ဖုန်း နှင့်အတူ ရောက်လာသော အခြားလူငယ်နှစ်ဦး ပင်လျှင် အံ့သြသွားကြသည်။ တန်ဖုန်းသည် ထိုကဲ့သို့ အလွယ်တကူ ရှုံးနိမ့်သွားလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ပုံပါ။ တန်ဖုန်းက ဥပဒေထိန်းသိမ်းရေးအဖွဲ့၏ ထိပ်တန်း ၂၀ စာရင်းတွင် ပါဝင်ခဲ့သည်မဟုတ်လော။

၁၃၅၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၃ - မင်းက ယန်ယွဲ့

ဖြစ်နေတာကိုး

" သူက ဘယ်သူလဲ "

တန်ဖုန်းလည်း အနည်းငယ်
အံ့အားသင့်သွားသည်။သူသည် ယန်ယဲ့၏
လက်သီးချက်ကြောင့် ရှုံးနိမ့်သွားသည်ကို
အမှန်ပင် အံ့အားသင့်သွားခဲ့သည်။ သူသည်
သူ၏ကိုယ်ပိုင်စွမ်းရည်ကို
အပြည့်အဝယုံကြည်ထားခဲ့သည်။
ကိုယ်ပိုင်စွမ်းရည်ဖြင့် ကျင့်ကြံထားသော
သိုင်းသူတော်စင် တစ်ယောက်နှင့်
ရင်ဆိုင်မတွေ့ပါက
သာမန်သိုင်းသူတော်စင်များကို
လုံးဝအလေးအနက်မထားပေ။ သို့သော်

သူသည်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်၏
လက်သီးချက်တစ်ချက်တည်းဖြင့်
ရှုံးနိမ့်သွားခဲ့ရသည်။

ယန်ယဲ့သည် ရှေ့တိုးလာပြီး
နောက်တစ်ကြိမ်တိုက်ခိုက်ဖို့ ပြင်လိုက်စဉ်
လှပသောအမျိုးသမီးက
ရုတ်တရက်ပြောခဲ့သည် "အစ်ကိုရဲယန်၊
နင်ငါ့ကိုမျက်နှာသာပေးလို့ရမလား"

ယန်ယဲ့က ရပ်ပြီး သူမကို ကြည့်လိုက်သည်။

အမျိုးသမီးက “သူတို့က သမင်ဖြူအကယ်ဒမီရဲ့ကျောင်းသားတွေလေ။ ဒါ့အပြင် အနည်းဆုံးတော့ အတွင်းစည်းခြံဝန်းက ကျောင်းသားတွေဖြစ်နိုင်တယ်။ တကယ်လို့ သူတို့ဒီမှာသေရင် ငါ့ကုန်သည်အဖွဲ့ ဒုက္ခရောက်လိမ့်မယ်”

ယန်ယဲ့က

ပုခုံးတွန့်လိုက်သည်။ ချောမောလှပသော

အမျိုးသမီး၏ နံဘေးမှ အဘိုးအိုသည်

တစ်စုံတစ်ခု ပြောတော့မည်ဖြစ်သော်လည်း

မထင်မှတ်ဘဲ ရုတ်တရက်

အော်ဟစ်လိုက်လေသည် “သခင်လေးရဲ၊

သတိထား"

အဘိုးအိုပြောပြီးသည်နှင့် တပြိုင်နက်

တန်ဖုန်းသည် ယန်ယဲ့၏နောက်တွင်

ပေါ်လာပြီး သူ့လက်ထဲမှဓားမြှောင်ဖြင့်

လည်ကုပ်ကို
ပိုင်းလိုက်သည်။ တစ်ချိန်တည်းမှာပင်
တန်ဖုန်း၏ ပြင်းထန်သော အသံက
ထွက်ပေါ်လာပါသည်  "မင်း.... မင်း.."

သို့သော် စကားပင်မဆုံးသေး၊
သူ့ခန္ဓာကိုယ်က လွင့်ပျံသွားလေသည်။
ဤနေရာရှိလူတိုင်းလည်း
အံ့သြသွားကြသည်။

အထူးသဖြင့် အဘိုးအိုအတွက်

အတော်လေးတုန်လှုပ်စရာပင်။ အဖြစ်အပျ

က်ကို ရှင်းရှင်းလင်းလင်း

မြင်လိုက်သောကြောင့်

သူ့မျက်လုံးများသည် အံ့ဩမှုတို့ဖြင့်

ပြည့်နှက်သွားခဲ့သည်။

ထိုအရာက " တန်ဖိုး၏ ဓားမြှောင်က

ယန်ယဲ့အား ထိုးဖောက်နိုင်စွမ်းမရှိခဲ့ပေ"...

"သူက လူသားကောဟုတ်သလား"

ယန်ယဲ့သည် နောက်ပြန်လှည့်လာပြီး တန်ဖုန်းအား စိုက်ကြည့်လိုက်၏။

ဤအချိန်တွင် တန်ဖုန်း၏ ဗိုက်က ဟောင်းလောင်း ဖြစ်နေပြီး သွေးများ အဆက်မပြတ် ထွက်နေခဲ့သည်။

ယန်ယဲ့၏ လက်သီးချက သူ့ဗိုက်ကို ဖောက်ဝင်သွားကာ ကိုယ်တွင်းအင်္ဂါများပင် ထွက်ကျလာပါတော့သည်။

ယန်ယဲ့၏ ပုံရိပ်က ဖျတ်ခနဲတောက်ပလာပြီး

တန်ဖုန်း ဆီသို့

ဦးတည်သွားသည်။ ဤအချိန်တွင်

အခြားအဖွဲ့ဝင်နှစ်ယောက်က ယန်ယဲ့၏

လမ်းရှေ့ပိတ်ရပ်လိုက်ကြသည်။

ဂျူနီယာညီလေးလင်းက “ငါတို့ ဒီကိစ္စမှာ

ရှုံးသွပ်ပြီး မဆင်မခြင်လုပ်မိတယ်။ ဒါကို

အဆင်ပြေပြေနဲ့ ဆွေးနွေးနိုင်မယ်လို့

မျှော်လင့်ပါတယ်....”

“စောစောကပြောရင်
ဘာမှဖြစ်မှာမဟုတ်ဘူး။ အခုကတော့၊ ဟား
ဟား....” ယန်ယဲ့ စကားပြောပြီးသည်နှင့်
သူတို့နှစ်ယောက်လုံးပါ လေထဲသို့
မြောက်တက်လာပြီး လွင့်ပျံသွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် တန်ဖုန်း ရှေ့သို့
ရောက်လာပြီး ၎င်း၏ခေါင်းအား
တက်နင်းထားလိုက်သည်။

"ဥပဒေထိန်းသိမ်းရေးအဖွဲ့"

ယန်ယဲ့အတွက်တော့ ဥပဒေထိန်းသိမ်းရေး

အဖွဲ့သည် သူ၏ရန်သူများသာ။

အကြောင်းကတော့ သူသေသွားပါက

ဥပဒေထိန်းသိမ်းရေးအဖွဲ့ဟာ

တိမ်ပင်လယ်အကယ်ဒမီနှင့်

တိမ်ပင်လယ်မြို့ကို သေချာပေါက်

ဖျက်ဆီးပစ်မည်အား

သိထားသောကြောင့်ပင်။ ထို့အပြင်

ဥပဒေထိန်းသိမ်းရေးအဖွဲ့သည်

သမင်ဖြူအကယ်ဒမီ၏ ပြိုင်ပွဲအတွင်း

သူ့အား မည်သည့်ကရုဏာမျှ ပြသမည်မဟုတ်ပေ။ ထိုကဲ့သို့ဖြစ်နေသော ကြောင့်...

ပါရမီရှင်တစ်ယောက် သေဆုံးခြင်း သို့မဟုတ် ရာနှင့်ချီပြီး အစုလိုအပြုံလိုက် သတ်ဖြတ်ရလျှင်ပင် သူ့အတွက် မထူးခြားခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ သူသည် ဥပဒေထိန်းသိမ်းရေးအဖွဲ့နှင့် ရန်သူများ ဖြစ်ရာ အားလုံးကို သတ်ပစ်ရပေမည်။

ဘမ်း!

တန်ဖုန်းသည် နေရာတွင်
ပျောက်ကွယ်သွားပြီး သူ့ခြေဖဝါးအောက်က
ဗလာဖြစ်နေသောကြောင့် ယန်ယွဲ့၏
ခြေထောက်က ပစ်မှတ်ကို မထိခဲ့ပေ။
ယန်ယွဲ့သည် ကောင်းကင်ယံအထက်ကို
ချက်ချင်း မော့ကြည့်လိုက်လေသည်။
အာကာသဟင်းလင်းပြင်ထဲကနေ

လက်ကြီးတစ်ဖက် ပေါ်လာပြီး တန်ဖုန်းအား ဖမ်းဆုပ်ထားသည်ကို မြင်တွေ့လိုက်၏။

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထို့နောက် သူ့ညာခြေကို မြေပြင်သို့ ဆောင့်နင်းလိုက်ကာ အမြောက်ကျည်ကဲ့သို့ ကောင်းကင်ယံအထက် ပျံတက်လာပြီး ရောမလက်ကြီးအား တိုက်ခိုက်လိုက်သည်။

ခွမ်း!

ပေါက်ကွဲသံအကျယ်ကြီး
ထွက်ပေါ်လာပြီးနောက်
ကောင်းကင်ယံအထက်ရှိ
ရောမလက်ကြီးက အပိုင်းပိုင်း
ကွဲအက်သွားလေသည်။

ဤအခိုက်တွင် ယန်ယဲ့သည် မြေပြင်ပေါ်သို့
ပြန်ဆင်းလာခဲ့သည်။
တစ်ချိန်တည်းမှာပင်
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ဦးက သူ့နှင့်

မီတာ ၃၀ အကွာတွင်

ပေါ်လာခဲ့သည်။ အဘိုးအိုက ယန်ယဲ့ကို

စိုက်ကြည့်ပြီးနောက် တန်ဖုန်း

မြေပြင်ပေါ်သို့ လွှတ်ချလိုက်ပြီး

"ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့

ကျောင်းသားတစ်ယောက်အနေနဲ့

မင်းတကယ်ပဲ အကယ်ဒမီဆီကနေ

အကူအညီတောင်းခဲ့တယ်။ ဒါ့အပြင်

မင်းရဲ့ရန်သူဟာ

သူတော်စင်တစ်ပိုင်းအဆင့်ပဲ ရှိသေးပါလား။

ဘယ်လိုတောင် ထူးဆန်းတဲ့အောင်မြင်မှုလဲ"

တန်ဖုန်းက ဒေါသထွက်နေသော်လည်း ပြန်မပြောရဲပေ။

အဘိုးအိုက တန်ဖုန်းအား ဂရုမစိုက်တော့ဘဲ ယန်ယဲ့ကို  စူးစိုက်ကြည့်ကာ "တကယ်ပဲ ငါ့သမင်ဖြူအကယ်ဒမီရဲ့အဖွဲ့ဝင်တွေကို သတ်ဖို့သတ္တိရှိလိုက်တာ။ မင်းက တကယ်သတ္တိရှိတယ်။ မင်းရဲ့ခွန်အားက မင်းရဲ့ရဲတင်းတဲ့အစွမ်းသတ္တိနဲ့ အတူတူပဲလို့ ငါမျှော်လင့်တယ်”

ဤအချိန်တွင် အဘိုးအိုက
တိုက်ခိုက်တော့မည်ဖြစ်သော်လည်း
ချောမောလှပသော အမျိုးသမီးက
ရုတ်တရက် ပြောလိုက်လေသည်
“အကြီးအကဲ၊ ဒီကိစ္စ....”

"မင်းပါးစပ်ပိတ်ထားလို့ရတယ်" အဘိုးအိုက
အမျိုးသမီးအား စကားဖြတ်ပြောသည်
"မင်းရဲ့မိုက်မဲတဲ့စကားတွေကို
ငါနားမထောင်ချင်ဘူး။ ငါသိတာတစ်ခုက
သူဟာ ငါ့ရဲ့

သမင်ဖြူအကယ်ဒမီကျောင်းသားတွေကို
သတ်လိုက်တာပဲ။
ဒါ့အပြင်သူသတ်လိုက်တာက
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့
ကျောင်းသားတွေတောင် ဖြစ်
နေသေးတယ်။ မင်းတို့၂
ယောက်အတွက်တော့
တိမ်ပင်လယ်ကုန်သည်အုပ်စုရဲ့
မျက်နှာကြောင့် အသက်ကို ငါ
နှမြောလိုက်မယ်။ ဒါပေမဲ့ အခုကစပြီး
ကောင်းကင်မြို့တော်မှာ ထပ်ပြီး

ပေါ်မလာမိစေနဲ့။ မဟုတ်ရင် ဘယ်သူ့ကိုမှ မျက်နှာသာပေးတော့မှာ မဟုတ်ဘူး"

လှပသောအမျိုးသမီးနှင့် အဘိုးအို တို့နှစ်ယောက်လုံး ပျက်သွားကြသည်။ ဤအချိန်တွင် ယန်ယဲ့သည် ရုတ်တရက် ရယ်မောလိုက်ပြီး "ငါ ထင်းရှူးစီရင်စုမှာ ရှိနေချိန်ကတည်းက မင်းရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ ဘယ်လောက်မောက်မာတယ်ဆိုတာ ကြားဖူးတယ်။ အခု ငါကိုယ်တိုင်

မျက်မြင်တွေ့လိုက်ရတော့
အမှန်ဖြစ်နေတာပဲ”

"ထင်းရှူးစီရင်စု" အဘိုးအိုက ယန်ယဲ့အား
အချိန်အတော်ကြာအောင်
စိုက်ကြည့်နေရင်း အသံတိုးတိုးနှင့်
ပြောလိုက်လေသည် "မင်းရဲ့ခန္ဓာကိုယ်က
သိုင်းသူတော်စင်တစ်ယောက်နဲ့
ယှဉ်နိုင်တယ်။ ပြီးတော့ မင်းဟာ

ထင်းရှူးစီရင်စုက ဖြစ်နေတယ်။
ငါသိပြီ…၊ မင်းက ယန်ယဲ့ ပဲ”

ဤစကားကိုကြားသောအခါ တန်ဖုန်းဟာ
အံ့အားသင့်သွားပြီး ယန်ယဲ့ကို
မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်။

ယန်ယဲ့လည်း အနည်းငယ်
အံ့အားသင့်သွားပြီး “မင်း
ဘယ်လိုသိတာလဲ” ဟု ပြန်ပြောလိုက်သည်။

"တကယ်ပဲ မင်းဖြစ်နေတာကိုး" အဘိုးအိုက ဆက်ပြောလိုက်သည် "မင်းဟာ ဗဟိုနတ်ဘုရားစီရင်စုထဲ ရောက်နေပြီဆိုတာ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ မင်းက တော်တော်လေးသတ္တိကောင်းသလို ခွန်အားလည်းနည်းနည်းရှိတယ်။ ဒီလိုမျိုး ကြွားဝံ့တာ မဆန်းပါဘူး။ ဒါပေမဲ့ မင်း ဘယ်လောက်ရယ်စရာကောင်းပြီး အားနည်းနေတယ်ဆိုတာ မကြာခင်မှာ နားလည်ပါလိမ့်မယ်။ ဒီနေ့ မင်းကို

ငါမသတ်ဘူး။ ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ
က မင်းကို သမင်ဖြူအကယ်ဒမီမှာ နောက်
၂ရက် ကြာရင်တွေ့မယ်”
ထိုစကားပြောပြီးသည်နှင့် အဘိုးအို၏
ပုံရိပ်က တောက်ပလာပြီး ထွက်သွားဖို့
ပြင်လေသည်။

ဤအချိန်တွင် အလင်းတန်းတစ်ခု
ရုတ်တရက် လင်းလက်လာပြီး
အဘိုးအိုနောက်သို့ လိုက်ပါသွားသော တန်

ဖုန်း၏ ခေါင်းက လေထဲသို့
ပျံတက်သွားသည်။

အဘိုးအိုသည် နေရာတွင် မလှုပ်မယှက်
ရပ်သွားပြီး မျက်နှာတစ်ပြင်လုံး
မှုန်မှိုင်းသွားပါတော့သည်။

ယန်ယဲ့က ပြုံးပြီး "မင်းရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကပါရမီရှင်တွေ
ကို ငါယန်ယဲ့ရောက်လာပြီ၊ သူတို့ငါ့ကို
စောင့်နေဖို့ပြန်ပြောလိုက်"

"သေချာတဲ့အကြောင်းပြချက်ကြောင့်သာမဟုတ်ရင်
မင်းကိုငါသတ်ပြီးသားဖြစ်မှာ" အဘိုးအိုက
ယန်ယွဲ့ကို မှုန်ကုပ်ကုပ်နှင့် ကြည့်ပြီး "ဒါပေမဲ့
ကောင်းပါတယ်၊ ငါ တို့က မင်းကို
နောက်ထပ် ၂ ရက်လောက်
အသက်ရှင်ခွင့်ပေးလိုက်တာပေါ့"

စကားပြောပြီးသည်နှင့် အဘိုးအိုသည်
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ချောမောလှပသော အမျိုးသမီးက
“နှင့်ကိုယ်နှင့် ယုံလား ”

ယန်ယဲ့က အမျိုးသမီး ပြောလိုသည့်
အဓိပ္ပါယ်ကို သဘာဝကျကျသိပြီး
ချက်ချင်းပဲ ခေါင်းယမ်းလိုက်ပါသည်။

အမျိုးသမီးနှင့် မီးခိုးရောင်ဝတ်ရုံအဘိုးအို
တို့နှစ်ယောက်စလုံး အံ့အားသင့်သွားကာ
“နှင်… မင်း ကိုယ့်ကိုယ်ကို

မယုံကြည်ဘူးလား"ဟု
ပြိုင်တူပြောလိုက်မိကြသည်။

ယန်ယဲ့က “အရင်တုန်းက
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲရဲ့
အဖွဲ့ဝင်တစ်ယောက်နဲ့ တွေ့ဖူးတယ်။ သူ့ရဲ့
ခွန်အားက
တကယ်မဆိုးပါဘူး။ ဒါ့အပြင် သူက
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှာ အဆင့် ၁၅
ပဲရှိသေးတယ်။ ဒါကြောင့်
တခြားကျောင်းသားတွေက

သူ့ထက်အဆင့်မြင့်တဲ့ သူတွေ
ဘယ်လောက် သန့်မာသလဲဆိုတာကို
တွေးကြည့်နိုင်တယ်လေ”

အမျိုးသမီးက ခေါင်းညိတ်ရင်း
“ရိုးရိုးသားသား ပြောရရင် ဒါက နင့်ရဲ့
ခွန်အားအတိုင်းအတာ ဆိုရင်တော့
လုံလောက်ဖို့ ဝေးနေပြီ”

ယန်ယွဲ့က ပြုံးရုံသာပြုံးပြီး
ဘာမှပြန်မပြောပေ။ အမှန်စင်စစ်

သူ့စိတ်ထဲလည်း ပြိုင်ပွဲကိုအနိုင်ရဖို့
ယုံကြည်မှုမရှိခဲ့ပေ။
သမင်ဖြူအကယ်ဒမီဟာ
တိမ်ပင်လယ်အကယ်ဒမီနှင့်
နှိုင်းယှဉ်၍မရပါ။
လော့ချန်းရှောင်ထက်သာလွန်သော
သို့မဟုတ် သူ့ထက်
ပို၍ကြောက်စရာကောင်းသော
ပါရမီရှင်များစွာရှိနေပေသည်။
သို့သော်လည်း သူ့တွင်
အခြားရွေးချယ်ခွင့်မရှိပေ။လော့ချန်းရှောင်

နှင့်အဆင့်တူလို့မပြောဘဲ
အင်ပါယာတစ်ပါးနှင့် ရင်ဆိုင်ရလျှင်ပင်
သမင်ဖြူအကယ်ဒမီသို့ သေချာပေါက်
သွားပေမည်။

သူသာ မသွားပါက သမင်ဖြူအကယ်ဒမီနှင့်
တိမ်ပင်လယ်အကယ်ဒမီဟာ သေချာပေါက်
စစ်ဖြစ်လာပါလိမ့်မည်။ အကယ်၍
စစ်ပွဲဖြစ်လာပါက
တိမ်ပင်လယ်အကယ်ဒမီဟာ
ခုခံနိုင်မည်မဟုတ်ပေ။

ချောမောလှပသောအမျိုးသမီးက ရုတ်တရက်ပြောခဲ့သည် "မှန်တယ်၊ နှင်ငါ့ကိုရှာခိုင်းတဲ့ တင်းရှောက်ယောင် ဆိုတဲ့အမျိုးသမီးနဲ့ပတ်သက်တဲ့ အချက်အလက်အချို့ကို ရထားတယ်"

"ဟမ်" ယန်ယဲ့က အမျိုးသမီးကို စိုက်ကြည့်ရင်း "မင်းမှာ သူနဲ့ပတ်သက်တဲ့အချက်အလက်တွေရှိလား "

အမျိုးသမီးက ခေါင်းခါလိုက်ပြီး "သူမ တစ်ချိန်က ရောက်ရှိခြင်း( Arrival City)မြို့မှာ ပေါ်လာတယ်ဆိုတာပဲ ငါသိတယ်"

၁၃၅၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၄ - ဒီကစားပွဲမှာ ငါ့ဘဝနဲ့ လောင်းကြေးထပ်မယ်

"ရောက်ရှိခြင်းမြို့လား" ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "အောက်ဘုံကလူတိုင်း ရောက်လာတတ်တဲ့မြို့လား"

အမျိုးသမီးက ခေါင်းညိတ်ပြီး "နင့်ရဲ့ မိတ်ဆွေက အောက်ဘုံကနေလာတာလား "

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးသည် ယန်ယဲ့ကို စိုက်ကြည့်ကာ အကြာကြီး တိတ်တိတ်နေခဲ့ပြီး "ဒါဆို ရှောင်ယုရှီ လည်း အောက်ဘုံကနေ ဖြစ်နိုင်ပါတယ်"

ယန်ယဲ့က "မင်းပြောတာ အကုန်မှန်တယ်"

ချောမောလှပသော အမျိုးသမီးက “မင်ကရော အဲဒီကနေ ရောက်လာတာလား”

ယန်ယဲ့က သူမကို ပြန်စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့်မို့လို့ကိုး" အမျိုးသမီးက ခေါင်းညိတ်ပြီး “ငါ နားလည်ပါပြီ”

"ဟားဟား" ဤအခိုက်အတန့်တွင် ကောင်းကင်ယံအထက်၌ ရယ်မောသံများစွာ ရုတ်တရက်ထွက်ပေါ်လာသည် "ယန်ယဲ့

ဘယ်မှာလဲ။ ငါတို့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို
ဖျက်ဆီးမယ်လို့ပြောခဲ့တဲ့သူက
ဘယ်မှာလဲ။ လာပါ၊ ဒီကို
မြန်မြန်ထွက်လာခဲ့။ ငါတို့တွေ
အနည်းအပါးဆုံကြရအောင်....”

ထိုအသံ ပဲ့တင်ထပ်ပြီးသည်နှင့်
အလင်းတန်းတစ်ဒါဇင်ကျော်ဟာ
ကောင်းကင်ယံအထက်မှ
ဆင်းသက်လာခဲ့သည်။

အုန်း!

တိမ်ပင်လယ်ကုန်သည်အုပ်စု၏
ဘွာနခွဲတစ်ခုလုံးကို ချက်ချင်း
ဖျက်ဆီးပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်အောင်
ကျယ်လောင်သော အော်ဟစ်သံများက
ရေးယာအန္တံ့
ကျယ်လောင်စွာထွက်ပေါ်လာသည်။

သိပ်မကြာလိုက်ပေ၊ ဤနေရာတွင် လူ ၅ ဦးသာ ကျန်ရှိတော့သည်။ ထို ၅ ဦးက ယန်ယဲ့ တို့သုံးယောက်အုကစ့ု အပါအဝင် အဘိုးအိုနှင့် လုပသော အမျိုးသမီးတို့ပါ။

သူတို့ ၅ ယောက်ကလွဲ၍ ကျန်လူအားလုံး အပျက်အစီးများအောက်တွင် မြှုပ်နှံခံလိုက်ရသည်။

ယန်ယဲ့သည် ဤအခြေအနေကို မမျှော်လင့်ထားခဲ့ပေ၊ အလားတူပင်

အဘိုးအိုနှင့် လုပသောအမျိုးသမီးတို့လည်း မျှော်လင့်မထားကြပေ။
သမင်ဖြူအကယ်ဒမီ၏
ကျောင်းသားများသည်
တိမ်ပင်လယ်ကုန်သည်အုပ်စု၏ ဌာနခွဲအား တိုက်ခိုက်ပြီး
အစုလိုက်အပြုံလိုက်သတ်ဖြတ်ပစ်လိမ့်မည် ဟု မည်သူမျှ မထင်ထားပါ။

ယန်ယဲ့သည် လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်ကိုင်လိုက်ပြီး အသံထွက်လာရာဆီသို့

လှမ်းကြည့်လိုက်သည်။ မီးခိုးရောင်ဝတ်ရုံလူ

ငယ်နှင့် ပညာရှင် အယောက် ၂၀ ကျော်က

သူနှင့် မဝေးလှသောနေရာတွင်

ပေါ်လာကြသည်။ ထိုအဖွဲ့ထဲတွင်

အမျိုးသားအမျိုးသမီးပါပြီး

သူတို့၏ဝတ်ရုံပေါ်၌ '书'

စာလုံးသေးသေးလေး တစ်ခုစီရှိနေသည်။

"မင်းက ယန်ယဲ့ လား" အဖွဲ့ကို ဦးဆောင်သူ

လူငယ်က လက်ထဲတွင်

သံမဏိတုတ်ချောင်းကိုင်ထားရင်း

ရယ်မောလိုက်ပြီး "မင်း ငယ်ငယ်တုန်းက နံ့ရှံ့ကို ရိုက်မိခဲ့တာများလား"

"အစ်ကိုလင်းယု၊ မင်းဘာလို့ဒီလိုပြောတာလဲ" ၎င်း၏ ဘေးချ်ရပ်နေသော ဓားမြှောင်ကိုင်လူငယ်က ရယ်မောရင်း မေးလိုက်လေသည်။

“တကယ်လို့ သူ့ခေါင်းနဲ့ နံ့ရှံ့သာမတိုက်မိရင် ငါတို့ရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို ဖျက်ဆီးပစ်မယ်လို့ ထုတ်ဖော်ရဲမှာလား"

အစ်ကိုလင်းယု ဟုခေါ်သောလူငယ်က ရယ်မောလိုက်သည်။

"သူ့ခေါင်းကို မြည်းကန်ခံရတာ ဖြစ်နိုင်တယ် ထင်တယ်။ ဟားဟား..."

"ဟီးဟီး...၊ ဆိုတော့ အဲဒီလူက ယန်ယွဲ့ပေါ့။ သူကြည့်ရတာ ဘာမှလည်း ထူးခြားပုံမပေါ်ပါဘူး။ သူက ဘာလို့ဒီလိုဝါကြွားဝံ့တာလဲ။ ငါတကယ်နား မလည်ဘူး။ ဟေး... ယန်ယွဲ့၊

မင်းဘာလို့ဒီလိုစကားမျိုးပြောရဲတာလဲ ပြောပြနိုင်မလား။ တကယ်ပဲ ခေါင်းနဲ့နံရံကို ဆောင့်မိလိုက်တာလား။ ဟားဟား"

“နောက်ထပ် ၂ ရက်စောင့်စရာမလိုဘူးလို့ ထင်ပါတယ်။ ဒီနေ့ သူနဲ့ တိုက်ခိုက်လို့ရတယ်။ မင်းတို့အားလုံး ဘယ်လိုထင်လဲ"

“ဟမ်.... အဲဒါ အကြံကောင်းပဲ။ ဟုတ်တယ်၊ သူ့ကိုနောက်ဆုံးစကား

ပြောခွင့်ပြုလိုက်ရအောင်။ မဟုတ်ရင်
လူတွေက ငါတို့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲရဲ့
ကျောင်းသားတွေက လူမဆန်ဘူးလို့
ပြောကြလိမ့်မယ်”

ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး
"ငါက မင်းတို့ရဲ့ပစ်မှတ်ပဲ။
တိမ်ပင်လယ်ကုန်သည်အုပ်စုရဲ့
အဖွဲ့ဝင်တွေကို
ဘာလို့သတ်လိုက်တာလဲ" အများအားဖြင့်

တော့ ယန်ယဲ့သည်
ကြင်နာတတ်သူမဟုတ်သော်လည်း
အခြားသူများကို ဆွဲခေါ် မိခြင်းအား
မကြိုက်ပေ။

"တိမ်ပင်လယ်ကုန်သည်အုပ်စုရဲ့
အဖွဲ့ဝင်တွေလား " လင်းယုက ယန်ယဲ့ကို
ငုံ့ကြည့်ကာ အံ့သြဟန်ဆောင်ပြီး "အိုး၊ ဒီမှာ
တခြားသူတွေ ရှိလိမ့်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ အိုက်ယား
ငါ့! ငါတကယ်စိတ်မကောင်းပါဘူး။ မင်းဒီမှာ

ရှိနေတာကိုကြားရတဲ့အခါ
ငါတို့အရမ်းစိတ်လှုပ်ရှားလွန်းလို့
မတော်တဆ
အင်အားသုံးမိသွားတာပဲ။ ဟုတ်တယ်၊
ငါတို့က အဲဒါကို ရည်ရွယ်ပြီး
လုပ်ခဲ့တာမဟုတ်ဘူး။ တကယ်လို့...မကြို
က်ရင် ငါတို့ကိုလာတိုက်ခိုက်ပါ။ ဟားဟား"

"ဟားဟား! ငါတို့ကို
လာပြီးတိုက်ခိုက်လှည့်။ ဟားဟား"

"ငါ မင်းနဲ့ တိုက်ခိုက်ချင်နေတာ ကြာပြီ။ လာ! ငါ့ကိုယ်ငါ မထိန်းထားချင်တော့ဘူး! လာပါ... မင်းမှာ ခွန်အားရှိသမျှ ငါတို့ကို အနိုင်ယူလိုက်"

"ဒီအရူးတွေကို ငါ သည်းမခံနိုင်တော့ဘူး" ရှူဝူရှန်းက မြေပြင်ကို ခြေတစ်ချက်နင်းကာ ရှေ့သို့ ခုန်ထွက်သွားသည်။

“သူတို့ထဲက တစ်ယောက်မှ အသက်ရှင်လျက် မထားနဲ့။ ဒီနေ့ ခေါင်းပြတ်

၂၀ နဲ့ စမယ်" တစ်ချိန်တည်းတွင်
ယန်ယဲ့၏အသံသည် လေထဲ၌
ပဲ့တင်ထပ်ကာ
ပတ်ဝန်းကျင်လေထုသည်ပင်
တုန်ခါလာခဲ့သည်။

ဤသို့ဖြင့် ယန်ယဲ့သည် နေရာတွင်
ပျောက်ကွယ်သွားကာ
သမင်ဖြူအကယ်ဒမီ၏အုပ်စုထဲ၌
ပြန်ပေါ်လာလေသည်။ ထို့နောက်
ပုံရိပ်တစ်ပုံခုက

အရုပ်ကြိုးပြတ်လွင့်စင်သွားခဲ့သည်။ အလ
င်းတန်းတစ်ခုက လေထဲသို့
လင်းလက်သွားပြီး
ကျောင်းသူတစ်ယောက်၏ ခေါင်းက
လေထဲသို့ ပျံတက်လာခဲ့သည်။

သိပ်မကြာလိုက်ပါ၊ ပတ်ဝန်းကျင်တွင်
သွေးများ
စမ်းရေကဲ့သို့ စီးကျလာပါတော့သည်။

"သတ်" ယန်ယဲ့ နှင့် ရှုဝူရှန်းတို့
တိုက်ခိုက်နေသည်ကို မြင်လိုက်သောအခါ
လင်းယု၏ မျက်လုံးများက အေးစက်သော
အလင်းတန်းတစ်ခု
လင်းလက်သွားသည်။သို့သော်
လေထုကွဲအက်သံနှင့်အတူ
အေးစက်စက်ဓားတစ်ချောင်းက သူ့ရှေ့တွင်
ချက်ချင်း ပေါ်လာသည်။

လင်းယုက ထိတ်လန့်သွားပြီး ပေါ့ပေါ့ဆဆ
ပြုမူခြင်း မရှိပေ။ သူ့လက်ကိုမြှောက်၍

ကိုင်ထားသော သံမဏိတုတ်ဖြင့်
အမြန်ရိုက်ချလိုက်သည်။

ခွမ်း!

တိုက်ခိုက်မှုကနေ ရိုက်ခတ်လာသည့်
တန်ပြန်အားက လင်းယုကို
လွင့်ပျံသွားစေပြီး သူ့လက်ထဲမှ
သံမဏိတုတ်ချောင်းပါ
ကွဲအက်သွားခဲ့သည်။ ဤအချိန်တွင်
ယန်ယွဲ့သည် သူ့နောက်တွင် ရုတ်တရက်

ပေါ်လာခဲ့သည်။ လင်းယု၏
မျက်လုံးများသည် ကျဉ်းမြောင်းသွားကာ
ကိုယ်ကိုတစ်ပါတ်လှည့်လိုက်သော်လည်း
နောက်ကျသွား၏။ ပြင်းထန်အားပါသော
လက်သီးတစ်ချက်က သူ့နောက်ကျောကို
ထိမှန်သွားပြီး မျက်လုံးများ အဆမတန်
ပြူးကျယ်လာပါတော့သည်။

ခွပ်…ဖောင်း !

လင်းယုန်၏ ခန္ဓာကိုယ်သည်
အပိုင်းပိုင်းပေါက်ကွဲသွားကာ
မရေမတွက်နိုင်သော
အသားအပိုင်းအစများက ကောင်းကင်ယံမှ
မိုးရွာချလာသကဲ့သို့ပင် ကျဆင်းလာခဲ့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ
ကျောင်းသားများလည်း
ထိတ်လန့်သွားကြသည်။ ဤအခိုက်အတန့်
တွင် သူတို့သည် မည်မျှပင် မိုက်မဲနေပါစေ

ရန်သူကို လျှော့တွက်မိကြောင်း
သိသွားကြပါပြီ။

ထို့အပြင် အချိန်အနည်းငယ်အတွင်းမှာပဲ
သူတို့၏ အဖွဲ့ဝင် အယောက် ၂၀ အနက်မှ ၅
ယောက် သို့မဟုတ် ၆ ယောက်လောက်က
အသတ်ခံခဲ့ရပြီးဖြစ်သည်။

ယန်ယွဲ့တို့သုံးယောက် နှင့်
ရင်ဆိုင်တွေ့ပြီးနောက်တွင်
သူတို့အားလုံးဟာ

ပြန်လည်တိုက်ခိုက်နိုင်စွမ်းပင်မရှိကြကြော
င်း သတိပြုမိခဲ့သည်။ ဤအချိန်တွင်
ကျန်ရှိနေသည့်
ကျောင်းသားတစ်ဒါဇင်ကျော်ဟာ
ကြောက်ရွံ့မှုများနှင့် ပြည့်နှက်နေပြီး
နောက်ဆုတ်ဖို့ပင် ပြင်နေကြသည်။

"အမြန်
နောက်ဆုတ်ကြ" ရုတ်တရက်ဆိုသလိုပဲ
ကျောင်းသားတစ်ယောက်က
အော်လိုက်သည်။

သို့သော် စကားဆုံးသည်နှင့်
လှံတစ်ချောင်းက သူ့ရင်ဘတ်ကို
ထိုးဖောက်သွားသဖြင့်
ၚင်း၏အသက်မဲ့နေသောခန္ဓာကိုယ်ဟာ
ကောင်းကင်အထက်မှ ပြုတ်ကျလာခဲ့သည်။

"ထွက်ပြေးတဲ့သူကို အရင်သတ်လိုက်"
ယန်ယွဲ့သည် အေးစက်စက် ပြောပြီး
သူ့လက်ညှိုးနှင့် လက်ခလယ်ကို ပူးကပ်ကာ
ရှေ့သို့တောက်လိုက်သည်။ လက်ညှိုးထိပ်မှ

ဓားစွမ်းအင်တစ်ခု ပြေးထွက်လာပြီး ၁
ကီလိုမီတာ နီးပါးအကွာမှ
ကျောင်းသားတစ်ဦး၏ ခေါင်းအား
ဖြတ်တောက်ပစ်လိုက်လေသည်။

ဤတိုက်ခိုက်မှုက
ဓားစွမ်းအင်သက်သက်မျှသာမဟုတ်ဘဲ
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒဖြင့်ပါ
အဆင့်မြှင့်တင်ထားခဲ့သော တိုက်ခိုက်မှုပါ။
ထို့အပြင် လက်ရှိတွင် သူ၏ ဟင်းလင်း
ပြင်အဆင့် ဓားစိတ်ဆန္ဒက ယခင်ထက်

အဆအနည်းငယ် ပိုအား
ကောင်းလာခဲ့သည်။

ထို့နောက်တွင်တော့....၊

တစ်ဖက်သက်ဆန်စွာ သတ်ဖြတ်ခြင်း....

အစုလိုက်အပြုံလိုက် သတ်
ဖြတ်ခြင်းဖြစ်ခဲ့သည်။

ယန်ယဲ့ တို့သုံးယောက်သာ ရှိသော်လည်း

သမင်ဖြူအကယ်ဒမီ၏

ကျောင်းသားများဟာ

ကျားရှေ့ရောက်နေသော

သိုးငယ်များကဲ့သို့ပင် ခုခံဖို့ပင်မဖြစ်နိုင်ခဲ့ပေ။

ဤမြင်ကွင်းကြောင့် နံဘေးကနေ

စောင့်ကြည့်နေသော

မီးခိုးရောင်ဝတ်ရုံအဘိုးအိုနှင့် အမျိုးသမီး

သည်ပင် အံ့အားသင့်သွားခဲ့ကြသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ နှင့် အန်နန်ကျင်း တို့အား စူးစိုက်ကြည့်ကာ "သူတို့က သန်မာလွန်းသလား ဒါမှမဟုတ် တစ်ဖက်လူတွေကပဲ အားနည်းလွန်းတာလား" ဟု အမှတ်မဲ့မေးလိုက်မိသည်။

"သူတို့က အပြင်စည်းကျောင်းသားတွေပဲ ဖြစ်သင့်တယ်" အမျိုးသမီးက ဆက်ပြောလိုက်၏ "ဒါပေမဲ့ သူတို့ကို ဒီလိုမျိုးတော့ အသတ်မခံရသင့်ဘူး"

စကားပြောနေရင်းဖြင့် အမျိုးသမီး၏
အသံသည် သိသိသာသာ
တုန်လှုပ်နေလေသည်။

ထို့နောက် သူမက
ခဏကြာတိတ်ဆိတ်သွားပြီး မျက်လုံးထဲ၌
ပြတ်သားသောအမူအရာတစ်ခု ပေါ်လာကာ
"ငါ့လက်အောက်မှာရှိတဲ့ ဌာနခွဲတွေ
အားလုံးကို လောင်းကြေးဖွင့်ဖို့
အမိန့်ပေးလိုက်။ သမင်ဖြူအကယ်ဒမီဖက်
ကနေ လောင်းကြေးထပ်တဲ့သူတွေက အဆ

၁၀၀ ဆိုရင် ၁၀ ဆပဲ ရမယ်။
တိမ်ပင်လယ်အကယ်ဒမီကနေ
လောင်းကြေးထပ်တဲ့သူတွေက ၁ ဆ ဆိုရင်
၁၀ ဆပြန်ရမယ်"

“အကြီးဆုံး
အလှမယ်.... မင်း....” မီးခိုးရောင်ဝတ်ရုံအ
ဘိုးအိုက မျက်လုံးထဲတွင် ထိတ်လန့်မှု
အပြည့်နှင့်ပါ။လှပသောအမျိုးသမီးက
ယန်ယဲ့တို့သုံးယောက်အဖွဲ့ အနိုင်ရဖို့
အခွင့်အရေးကောင်းရှိကြောင်း

တစ်ထစ်ချယုံကြည်နေပုံပါ။ သို့သော်လည်း
ဤလောင်းကြေးသာ ရှုံးနိမ့်သည်နှင့်
သူတို့အားလုံး ပြီးဆုံးသွားမည်ကို
သိနေသောကြောင့်
အကြီးအကျယ်ထိတ်လန့်သွားခဲ့ခြင်းပါ။
လောင်းကြေးဖွင့်လိုက်သည်နှင့်
မရေမတွက်နိုင်သောလူများက
သမင်ဖြူအကယ်ဒမီဖက်ကနေ
လောင်းကြေးထပ်ကြမည်မှာ
ခန့်မှန်းနေစရာပင်မလိုပေ။

ထို့နောက်တွင် ယန်ယဲ့တို့အဖွဲ့သာ
ရှုံးနိမ့်ခဲ့ပါက သူတို့လည်း အမှန်တကယ်
ပြီးဆုံးသွားမည်ဖြစ်သည်။ ထို့အပြင်
နောက်ဆက်တွဲရလာဒ်ဟာ သူမ၏မျိုးနွယ်စု
အခြေခံအုတ်မြစ်ကိုပါ
ယိုင်နဲ့သွားစေနိုင်သည်။

လှပသောအမျိုးသမီးက
အသက်ပြင်းပြင်းရှူကာ
“ငါတို့ရဲ့ဘိုးဘေးတွေက စွန့်စားခြင်းမရှိဘဲနဲ့
တိတ်ဆိတ်စွာသေဆုံးသွားကြတယ်လို့

တစ်ချိန်ကပြောခဲ့ဖူးတယ်။

ဒါ့အပြက် စွန့်စားရဲခြင်းမရှိရင်

ဆုလာဘ်ဆိုတာလည်း ရှိမှာမဟုတ်ဘူး။ ငါ...

ငါ့အနာဂတ်ကို ဒီကစားပွဲမှာ

လောင်းကြေးထပ်မယ်"

၁၃၅၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၅ - သူတို့ခေါင်းတွေကို ကြိုးနဲ့သီလိုက်

မီးခိုးရောင်ဝတ်ရုံအဘိုးအိုသည် ခဏမျှ တုံ့ဆိုင်းသွားကာ အဆုံးတွင် ခေါင်းညိတ်လိုက်၏ "ဒါဆို အခုချက်ချင်းသွားကြရအောင်။ ဌာနခွဲအားလုံးကို အမိန့်ပေးလိုက်မယ်"

အမျိုးသမီးက ခေါင်းညိတ်လိုက်ပြီး ကောင်းကင်ယံအထက်ကို

မော့ကြည့်လိုက်သည်။ ဤအချိန်တွင် သမင်ဖြူအကယ်ဒမီမှ ကျောင်းသား ၃ ဦးသာ ကျန်ရှိတော့၏ ။

ယန်ယဲ့၏ လက်ကနေ မလွတ်မြောက်နိုင်ကြောင်း သိထားသဖြင့် မည်သူမျှ ထွက်မပြေးခဲ့ကြပေ။ ထွက်ပြေးသူတိုင်းသည် အရင်ဦးဆုံးအသတ်ခံရပါမည်။

၁၀ မိနစ်မပြည့်မီတွင် ရောက်လာသည့်
အယောက် ၂၀ အုပ်စုက လူ ၃ ဦးသာ
ကျန်တော့သည်။

ဆူး!

ဘမ်း!

ပေါက်ကွဲသံနှစ်ချက်ဆင့် ထွက်ပေါ်လာပြီး
ခန္ဓာကိုယ်နှစ်ခု
ပြုတ်ကျသွားသည်။ တစ်ယောက်က

ရင်ဘတ်တွင် ဟောင်းလောင်းဖြစ်နေပြီး
နောက်တစ်ယောက်က
ခေါင်းပြတ်နေလေသည်။

ဤအချိန်တွင်တော့ ကျောင်းသူတစ်ဦးသာ
နောက်ဆုံး ကျန်ရှိတော့သည်
။ ကျောင်းသူက အသက် ၂၀ ဝန်းကျင်ရှိပြီး
ဆံပင်ကို လက်နှစ်ဖက်ဖြင့်
တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်ထားသည်။ သူမ၏ပုံစံက
အပြင်ပန်းသန်မာပုံရသော်ငြား

တဆတ်ဆတ်တုန်ခါနေသောဓားက
သစ္စာဖောက်နေခဲ့သည်။

"အလှတရားကို ပြင်းပြင်းထန်ထန်
နှိပ်စက်သလိုမျိုး ငါ
မလုပ်နိုင်ဘူး" ရှုဝူရှန်းက ခေါင်းယမ်းပြီး
ဘေးသို့ ရွှေ့လိုက်သည်။

"မင်းသာရှုံးရင် သူတို့က ကရုဏာပြမယ်လို့
မင်းထင်လား" ယန်ယွဲ့သည်
ရှုဝူရှန်းကို စိုက်ကြည့်ကာ

ထိုကျောင်းသူအား အဆုံးသတ်ဖို့
ရည်ရွယ်လိုက်သည်။ သို့သော်
ကောင်းကင်အထက်ရှိ
အာကာသဟင်းလင်းပြင်က ရုတ်တရက်
တုန်ခါသွားပြီးနောက် လွန်ခဲ့သည့်
မကြာသေးမီကမှ ထွက်ခွာသွားသော
အဖြူရောင်ဝတ်ရုံအဘိုးအိုက
နောက်တစ်ကြိမ် ပြန် ပေါ်လာခဲ့သည်။

ဤနေရာ၌ ဖြစ်ပျက်ခဲ့သည်များကို
မြင်သောအခါ အဘိုးအို၏ မျက်နှာသည်

ပြင်းထန်သော အမူအရာတစ်ခု ချက်ချင်း ပေါ်လာလေသည် "ယန်ယွဲ့၊ မင်း.... မင်းက သေလမ်းရှာနေတာ "

အဘိုးအိုက ဒေါသတကြီးအော်ဟစ်ကာ တိုက်ခိုက်ဖို့ပြင်လိုက်စဉ် ယန်ယွဲ့သည် ရုတ်ချည်းပင် ရှေ့တက်လာပြီး လက်သီးဖြင့် လှမ်းထိုးလိုက်သည်။

ဤအချိန်တွင် အန်နန်ကျင်းကလည်း မိုးကောင်းကင်ခွဲလှံကို မြှောက်ကာ အဘိုးအိုအား လျှပ်တစ်ပြက်

ထိုးသွင်းလိုက်လေသည်။ သူမ၏အရှိန်သည် ယန်ယဲ့ထက် အနည်းငယ်ပိုမြန်ပြီး မိုးကောင်းကင်ခွဲလုံက အဘိုးအိုရှေ့သို့ ချက်ချင်းရောက်လာသည်။

အဘိုးအိုက အတော်လေး အံ့သြသွားသည်။ သို့သော် လုံကနေ ထွက်ပေါ်လာသည့် စွမ်းအားကို ခံစားမိသောအခါ နှလုံးခုန်သံများပင် မြန်ဆန်သွားပြီး တိုက်ရိုက်မတိုက်ဝံ့ဘဲ ရှောင်တိမ်းလိုက်သည်။ သို့သော်

ဤအခိုက်တွင် ကြောက်မက်ဖွယ်ရာ
စွမ်းအားလိုင်းလုံးကြီး ၂ လုံးက သူ့အပေါ်သို့
ရုတ်တရက် ကျရောက်လာသည်။

အဘိုးအိုဟာ အလွန်ထိတ်လန့်သွားခဲ့ပါပြီ။

ဘမ်း!

မိုးကောင်းကင်ခွဲလုံက အဘိုးအို၏
ရင်ဘတ်ကို ထိမှန်ကာ
လွင့်ပျံသွားခဲ့သည်။ သို့သော်လည်း

အဘိုးအို၏ ရင်ဘတ်ကနေ
ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး
ကာထားလိုက်သဖြင့် မိုးကောင်းကင်ခွဲလှံက
ဆက်ပြီး မထိုးဖောက်နိုင်တော့ပေ။
ရွှေရောင်အလင်းတန်းများက
မိုးကောင်းကင်ခွဲလှံကို တားဆီးထား၏။

ဤအတောအတွင်း အဘိုးအိုသည်
သက်သာရာရသွားပြီး သက်ပြင်းချလိုက်၏။
သို့သော်လည်း ချက်ချင်းဆိုသလိုပင်
အဘိုးအို၏မျက်လုံးများသည် ရုတ်တရက်

ကျဉ်းမြောင်းသွားကာ ဆံပင်များ
အဆုံးမဲ့ထောင်မတ်သွားလေသည်။
တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ကို
လျင်မြန်စွာ လှည့်၍ လက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည် ။

ဘမ်း!

အဘိုးအို၏ လက်ဝါးက ရှေ့သို့
ရိုက်ချသွားသည်နှင့် တပြိုင်နက်

လက်သီးတစ်ချက်က လေထုကိုထိုးခွဲ၍
တန်ပြန်ထိုးချလိုက်သည်။

ခွပ်!

အရိုးကွဲအက်သံက ကျယ်လောင်စွာ
ထွက်ပေါ်လာ၏။ ထို့နောက်
အဘိုးအို၏ပုံရိပ်သည်
နောက်အတော်ဝေးဝေးသို့တိုင်
လွင့်ထွက်သွားသည်။ ဤအချိန်တွင်
အန်နန်ကျင်းက အဘိုးအို၏ နောက်၌

ရုတ်တရက် ပေါ်လာပြီး
မိုးကောင်းကင်ခွဲလုံ့ဖြင့်
ဆတ်ခနဲထိုးသွင်းလိုက်သည်။

အုန်း!

အဘိုးအိုသည် မြေပြင်ပေါ်သို့
ပြုတ်ကျသွားကာ မျက်လုံးများ
ပြူးကျယ်နေပြီး သေသည်၊ရှင်သည်ပင်
မသိနိုင်ပေ။

ယန်ယဲ့သည် တိုက်ခိုက်ဖို့ပြင်လိုက်စဉ်
သူ့အပေါ်မှ တည့်တည့်
အာကာသဟင်းလင်းပြင်က ရုတ်တရက်
ကွဲထွက်သွားပြီး ရောမလက်ဝါးကြီး
ရိုက်ချလာသည်ကို
သတိထားမိလိုက်လေသည်။

"သမင်ဖြူအကယ်ဒမီက ဒီလို
အရှက်မဲ့သူတွေနဲ့ ပြည့်နေတာလား။
တစ်ယောက် အဆင်မပြေရင် အုပ်စုတစ်ခု
လာမယ်။ အုပ်စုပျက်စီးသွားရင်

စီနီယာမျိုးဆက်ဟောင်းတွေ

လာမယ်။ မျိုးဆက်ဟောင်းပညာရှင်တွေ

အသတ်ခံရရင် အဆင့်မြင့်အာဏာပိုင်တွေ

ရောက်လာတယ်လား"

ထိုစကားပြောပြီးသည်နှင့်

သူ့လက်ကိုယမ်းပြီး ရှေးဟောင်းဓားအိမ်ကို

ထုတ်ယူလိုက်သည်။ တစ်ချိန်တည်းတွင်

ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒဓားတစ်ချောင်းကို ဖန်တီး၍

ဓားအိမ်ထဲထည့်ကာ လျှပ်တစ်ပြက်

ပြန်ဆွဲထုတ်လိုက်၏။

အလင်းတန်းတစ်ခု လင်းလက်သွားပြီး ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၈၀ ထပ် ဓားအလင်းတန်းက ကောင်းကင်အထက်သို့ ပြေးတက်သွားသည်။

အောင်း!

ဓားစွမ်းအင်အလင်းတန်းက လေထုကို ဆုတ်ဖြဲပြီး ရောမလက်ဝါးကြီးအား ခုတ်ပိုင်းလိုက်သည်။

ကောင်းကင်ယံအထက်ဟာ ခဏမျှ တိတ်ဆိတ်သွားပြီး ရောမလက်ဝါးကြီးက အပိုင်းပိုင်းပေါက်ကွဲသွားခဲ့သည်။

ထိုအချိန်တွင် "ယန်ယဲ့၊ ငါ့ရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက မင်းကို နည်းနည်းလေး လျှော့တွက်မိလိုက်တာ" ကောင်းကင်ယံအ

ထက်ကနေ အေးစက်လှသော အသံတစ်သံ
ထွက်ပေါ်လာသည်။

သို့သော်လည်း ယန်ယွဲ့သည် အသံကို
ဂရုမစိုက်ဘဲ မြေပြင်ပေါ်တွင်
လဲလျောင်းနေသော အဘိုးအိုကို
လှည့်ကြည့်လိုက်သည်။ ထို့နောက်
ဓားကြိုးတစ်ချောင်း ပစ်လွှတ်လိုက်ရာ
အဘိုးအို၏ ခေါင်းက
တန်းပြီးပြတ်ထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ ရှုဝူရှန်းကို
လှည့်ကြည့်ကာ "သူတို့ခေါင်းတွေကို
ကြိုးနဲ့ဖောက်သီလိုက်။ ငါတို့က
သမင်ဖြူအကယ်ဒမီကို လက်ဗလာနဲ့
ဘယ်လိုသွားနိုင်မလဲ။ငါတို့က
ဂျူနီယာမျိုးဆက်တွေဆိုတော့ သူတို့ကို
လက်ဆောင်အကြီးကြီးပေးရမယ်”

ယန်ယဲ့၏ စကားကို ကြားလိုက်သောအခါ
ရှုဝူရှန်း၏ အမူအရာက
ပြောင်းလဲသွားသည်။

"ဒါက ငါလိုချင်တာ

အတိအကျပဲ" ယန်ယဲ့သည် စကားပြောရင်း

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။ သူသည်

လူမိုက်မဟုတ်ပါ၊ သဘာဝအားဖြင့်

အဓိပ္ပါယ်မဲ့သောအရာကို မလုပ်တတ်ပေ။

သူနှင့် ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကြားက

ပြန်လည်ပေါင်းစည်းဖို့

အခွင့်အလမ်းမရှိသည့်အပြင် သူ့ဖက်မှ

လိုလားသည့်တိုင် သေချာပေါက်

ပြဿနာတစ်ခုခုနှင့်
အကြောင်းပြနေပါလိမ့်မည်။

ထို့အပြင် ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏
စွမ်းအားသည်
တိမ်ပင်လယ်အကယ်ဒမီထက်
သာလွန်နေသဖြင့် နှစ်ဖက်စစ်ဖြစ်ခဲ့လျှင်
အသက်ရှင်ရန် အခွင့်အလမ်းမရှိပေ။

ဤကဲ့သို့အခြေအနေမျိုးတွင် သူ့အတွက် အကူအညီတစ်ခုရခဲ့သည်။

ထိုအကူအညီက သဘာဝအတိုင်း စာပေပညာရှင်အဖွဲ့ခွဲသာ ဖြစ်သည်။

စာပေပညာရှင်အဖွဲ့ခွဲက ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲနှင့် ဆန့်ကျင်ဖက်ဖြစ်ခဲ့သည်။ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို ရင်ဆိုင်ဖို့ တစ်ခုတည်းသောနည်းလမ်းက

စာပေပညာရှင်အဖွဲ့ ခွဲနှင့်
ပူးပေါင်းဖို့သာရှိ၏။သို့သော်လည်း
တိမ်ပင်လယ်အကယ်ဒမီသည်အားနည်းလွ
န်းသည်ဖြစ်ရာ စာပေပညာရှင်အဖွဲ့ ခွဲနှင့်
ပူးပေါင်းဖို့ အရည်အချင်းပြည့်မီပါသလော။

မဟုတ်ပေ၊ လက်ရှိ
သူလုပ်ဆောင်နေသောအရာများက
သူ၏အရည်အချင်းကို ပြသနေခြင်းပင်။

ရှန်းယွန်ရှီက စာပေပညာရှင်အဖွဲ့ ခွဲမှ
မဟုတ်ပါလား။

တိမ်ပင်လယ်အကယ်ဒမီသည်

စာပေပညာရှင်အဖွဲ့ ခွဲ၏ အမြင်၌ သူတို့၏

ဌာနခွဲတစ်ခုသာဖြစ်သည်။

လွန်ခဲ့သည့်နှစ်များတစ်လျှောက်လုံး

စာပေပညာရှင်အဖွဲ့ ခွဲက

တိမ်ပင်လယ်အကယ်ဒမီကို အမြဲလိုလို

ကာကွယ်ပေးနေခဲ့သည်။ ထို့ကြောင့်

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏

အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်းဟာ

အဆုံးတွင် သမင်ဖြူအကယ်ဒမီ၏

အတွင်းရေးကိစ္စအဖြစ် သာ ယူဆနိုင်သည်။

ထို့အပြင် စာပေပညာရှင်အဖွဲ့ခွဲမှ
အဖွဲ့ဝင်များ သို့မဟုတ်
အထက်အာဏာပိုင်များက
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏ အဖွဲ့ဝင်များ
ဒုက္ခရောက်နေသည် မြင်တွေ့ရလျှင်
ဝမ်းသာကြမည်ဟုပင် ယုံကြည်နေသည်။

အတိုချုပ်ဆိုရသော် သူသည်
ပို၍သန်မာလေလေ
စာပေပညာရှင်အဖွဲ့ခွဲက တန်ဖိုးထားပြီး

သူနှင့် တိမ်ပင်လယ်အကယ်ဒမီအား
ကာကွယ်ပေးမည့်
အခွင့်အလမ်းများလေလေဖြစ်သည်။

ထိုအခြေအနေသည် လောက၏ နိယာမပါ။
လူတစ်ယောက်သည်
ပေးဆပ်ရထိုက်တန်ပါက လူတိုင်းဟာ
ထိုလူ့အပေါ် သေချာပေါက်
ရင်းနှီးမြှုပ်နှံကြပါလိမ့်မည်။

လောကနိယာမက ရက်စက်သည်ဖြစ်စေ၊ ပျော့ပြောင်းသည်ဖြစ်စေ ကိုယ်ပိုင်အရည်အချင်း နှင့် ခွန်အား အပေါ် သာမူတည်ခဲ့သည်။

ရှုဝူရှန်းက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းဘေးမှာ ရှိနေတဲ့အချိန်ဆိုရင် ရဲရင့်လာပြီး နဂိုထက် ရက်စက်တတ်လာသလို ခံစားရတယ်" ထိုစကားပြောပြီးသည့်နောက် လှည့်၍ ထွက်သွားကာ ကြိုးတစ်ချောင်းနှင့်

ခေါင်းပြတ် ၂၀ ကျော်ကို
ဖောက်သီလိုက်သည်။

"သမင်ဖြူအကယ်ဒမီရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၊ မင်းတို့က
သိပ်ပြီးရက်စက်တာ မဟုတ်လား။
ကောင်းပြီ.... အခုကစလို့ ဘယ်သူက
အရက်စက်ဆုံးလဲ
ကြည့်လိုက်ရအောင်" ယန်ယွဲ့သည်
ပျံသန်းသွားဖို့ မရွေးချယ်ခဲ့ပေ။ ထိုအစား
ရှုဝူရှန်း နှင့် အန်နန်ကျင်း တို့အား

အချက်ပြကာ ပေါ်တယ်စနစ် ဆီသို့ လှမ်းလျှောက်သွားခဲ့သည်။

"အကြီးဆုံး အလှမယ်... သူက အ ...အရှူးပဲ” မီးခိုးရောင်ဝတ်ရုံအဘိုးအိုသည် လေသံပင် အနည်းငယ် တုန်လှုပ်နေလေသည်။ ယန်ယဲ့သည် ဉပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏ အဖွဲ့ဝင်များကို သတ်ပစ်သည့်အပြင် ရက်စက်ကြမ်းကြုတ်စွာပြုမူနေခဲ့သည်။ ဤကဲ့သို့လုပ်ရပ်က

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲတစ်ခုလုံးအားက
အကြီးအကျယ် ဒေါသထွက်စေဖို့
လုံလောက်သည့်ထက်ပင် ပိုနေသေး၏။
ထို့အပြင် ဗဟိုနတ်ဘုရားစီရင်စု၏ သမိုင်း
တစ်လျှောက်၌ မည်သူမျှ
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို
အရှက်ခွဲဝံ့ခြင်း မရှိခဲ့ပါ။

လှပသောအမျိုးသမီးက တဖြည်းဖြည်းနှင့်
ပျောက်ကွယ်သွားသော ယန်ယဲ့၏
နောက်ကျောအား အချိန်အတော်ကြာထိ

စိုက်ကြည့်နေကာ “အကြီးအကဲချီ၊ ထင်းရှူးစီရင်စု ဆီ တစ်ယောက်ယောက်စေလွှတ်ပြီး သူ့အကြောင်း အချက်အလက်တွေကို သေချာ စုဆောင်းပါ။ ငါတို့က သူ့အကြောင်းနည်းနည်းပဲသိထားသေးတယ်”

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက လေးနက်စွာ ခေါင်းညိတ်ပြပြီး “ကောင်းပါပြီ။ ထင်းရှူးစီရင်စုကို လူလွှတ်လိုက်မယ်။ ဒါနဲ့

အကြီးဆုံးအလှုမယ်က ဒီလောင်းကြေးကို
တကယ်လက်ခံမှာလား"

အမျိုးသမီးက လေးနက်စွာပြောလိုက်သည်
“ဟုတ်တယ်! မြန်လေလေ
ပိုကောင်းလေပဲ။ လောင်းကြေးအတွက်
ငါ့မှာ ခရမ်းရောင်သလင်းကျောက်
(၁၀၀,၀၀၀) လောက်ကို ချက်ချင်း
စုဆောင်းနိုင်တယ်။ ဒါပေမဲ့ အဲဒါက
လုံလောက်ဖို့ ဝေးနေသေးတယ်။ ငါ့ညီမနဲ့
အဖေတို့ဆီ သတင်းပို့လိုက်။ ပြီးကျရင်

အကူအညီလိုတယ်လို့ သူတို့ကို ပြောပါ။
ကုန်သည်အုပ်စုရဲ့ ဘဏ္ဍာငွေတွေကို
မသုံးနိုင်မှတော့ ငါတို့က
ကိုယ်ပိုင်အရင်းမြစ်တွေ ထုတ်သုံးရမှာပေါ့။
ဒီပွဲမှာ ငါတို့အနိုင်ရရင် အဖေက
သူ့ရဲ့ခေါင်းဆောင်အဆင့်အတန်းကို
နောက်ထပ် အနှစ် ၂၀ လောက်
ဆက်ထိန်းထားနိုင်လိမ့်မယ်”

အကြီးအကဲချီက “ဒါပေမဲ့ ငါတို့ရှုံးခဲ့ရင်....”

၁၃၅၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၆ - သမင်ဖြူအကယ်ဒမီသို့ရောက်ရှိခြင်း

“အန္တရာယ်မရှိဘဲ ဆုလာဘ်ဆိုတာမရှိဘူး” အမျိုးသမီးက ဆက်ပြောလိုက်၏

“သေဆုံးသူအားလုံးရဲ့မိသားစုတွေကို

အဆင့်လွန်စွမ်းအင်ကျောက်တုံး တုံး ၅၀၀ စီ
လျော်ကြေးပေးလိုက်ပါ။ ဒါ့အပြင်
ငါ့လက်အောက်မှာရှိတဲ့
ဌာနခွဲများအားလုံးက သမင်ဖြူအကယ်ဒမီရဲ့
ကျောင်းသားတွေကို လုံးဝ ငြင်းပယ်ရမယ်။
ပြီးတော့
ဒီမှာဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်လို့
အဖေ့ကို အသိပေးပြီး အကြီးအကဲတွေနဲ့
တွေ့ဆုံခွင့်ပြုဖို့
တောင်းဆိုပါ။ သမင်ဖြူအကယ်ဒမီကို
ဖိအားပေးဖို့ တင်ပြလိုက်။ ငါတို့ရဲ့

တိမ်ပင်လယ်ကုန်သည်အုပ်စုက
သမင်ဖြူအကယ်ဒမီရဲ့ကျောင်းသားတွေကို
လုံး၀ ပိတ်ပင်လိုက်ရင်တော့
အကောင်းဆုံးပဲ"

"ငါချက်ချင်းလုပ်လိုက်မယ်" အကြီးအကဲချီ
က စကားပြောပြီးသည်နှင့် လှည့်ပြီး
ထွက်သွားတော့သည်။

အမျိုးသမီးက ယန်ယွဲ့ ထွက်ခွာသွားသော
လမ်းကြောင်းကို စူးစိုက်ကြည့်ကာ

"နင်အနိုင်ရရင် ငါ့မိသားစု ကြွယ်ဝမှာသေချာတယ်။ အဲဒီအခါကျ ငါ့မိသားစုက နင့်ကို လက်ဆောင်ကြီးတစ်ခု ပေးမှာပါ"

...

အန်နန်ကျင်းသည် မျက်နှာတွင် ခံစားချက်မဲ့စွာဖြင့် ယန်ယဲ့နှင့် ဘေးချင်းယှဉ်ပြီး လျှောက်လာခဲ့သည်။ယန်ယဲ့၏ ညာဖက်မှ ရှုဝူရှန်းကတော့ ခေါင်းပြတ် ၂၀ ကျော်ကို

တောက်လျှောက်ဆွဲလာရသဖြင့်
ပါးစပ်ထောင့်များသည်ပင်
အဆက်မပြတ်တုန်ယင်နေလေသည်။

လမ်းတစ်လျှောက်လုံးတွင်
မရေမတွက်နိုင်သော အကြည့်များက
သူ့အပေါ်ဆက်တိုက်
ကျရောက်လာသည်ဖြစ်ရာ
အတော်လေးစိတ်မသက်မသာ
ဖြစ်နေခဲ့သည်။

ဤအခိုက်အတန့်တွင် အနီးနားရှိ လူအုပ်ထဲမှ တစ်စုံတစ်ယောက်က ရုတ်တရက် "သူတို့က သမင်ဖြူအကယ်ဒမီက ကျောင်းသားတွေပဲ" ဟု အလန့်တကြား အော်လိုက်လေသည်။

ထို့နောက်တွင် ကျယ်လောင်သော ဆူညံသံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ချက်ချင်း ပျံ့နှံ့သွားလေတော့သည်။

တစ်ချိန်တည်းတွင်

အခြားတစ်ဦး၏အသံကလည်း “တကယ်ပဲ

သမင်ဖြူအကယ်ဒမီရဲ့

ကျောင်းသားတွေပါ။ ပထမဆုံးခေါင်းပြတ်

က တန်ဖုန်း လို့ခေါ်တဲ့ အပြင်စည်းတပည့်ပဲ။

ငါက သမင်ဖြူအကယ်ဒမီရဲ့

လူသစ်စုဆောင်းတဲ့ စမ်းသပ်ပွဲမှာ

ပါဝင်ခဲ့ဖူးလို့ သူ့ကိုသိနေတယ်။ ဒါနဲ့

သူက ဘာလို့... သူ ခေါင်းဖြတ်ခံရတာလဲ"

“အဲဒီမှာ ၃ ခုမြောက် ခေါင်းပြတ်က
မင်ကျန်း မဟုတ်လား။ ငါ အရင်တုန်းက
သမင်ဖြူကမ္ဘာကို
ရောက်တဲ့အချိန်မှာတောင်
သူ့ကိုတွေ့လိုက်သေးတယ်။ သူက
ဘယ်လိုဖြစ်သွားတာလဲ....”

“မဟုတ်သေးဘူး၊ သေချာကြည့်ကြည့်။
ခေါင်းပြတ်တွေအားလုံးက
သမင်ဖြူအကယ်ဒမီရဲ့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက
လူတွေချည်းပဲ ဖြစ်နေတယ်"

ပတ်ဝန်းကျင်တစ်ခုလုံးဟာ
ထိတ်လန့်တုန်လှုပ်နေသောအသံများဖြင့်
အဆက်မပြတ် ပဲ့တင်ထပ်နေသည်။
လူတိုင်း၏ အကြည့်များသည်
ရှေ့ဆုံးကနေသွားနေသော ယန်ယဲ့အပေါ်
ကျရောက်သွားကြသည်။

"သူတို့က ဘယ်သူတွေလဲ၊ သူတို့က ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို ဒီလို စော်ကားဝံ့တာလား။ အသက်ရှင်ရတာ ပင်ပန်းနေပြီလား"

"လူမိုက်! အဲဒါကို လုပ်ရဲတယ်ဆိုမှတော့ သူတို့မှာ နောက်ခံအင်အားစုကြီးတစ်ခုခု ရှိနေလို့ပေါ့။ တကယ်ပါပဲ ဒီလူသုံးယောက် ဘယ်အင်အားစုရဲ့တပည့်တွေလည်းလို့ သိချင်မိတယ်"

"ငရဲခန်းမ၊ သိုင်းနတ်ဘုရားဂိုဏ်းလား။
နတ်ဆိုးလမ်း၊ မိစ္ဆာဂိုဏ်းလား။
အဲဒီအင်အားစုတွေက
သမင်ဖြူအကယ်ဒမီကို
ဂရုစိုက်စရာမလိုပေမဲ့ သူတို့သုံးယောက်က
အဲဒီ
စိန်အဆင့်အင်အားစုတွေကဟုတ်ပုံမရဘူး။
ဒါဆို သူတို့က မဟာကလန်ကြီး ၄ ခုရဲ့
တပည့်သားမြေးတွေများလား"

"ဘာလို့
တမင်လျှောက်တွေးနေတာလဲ။ ဒီလူသုံး
ယောက်က သမင်ဖြူကမ္ဘာကို ဦး
တည်နေတာသိသာတယ်လေ။ သူတို့နောက်
ကို လိုက်ကြည့်ရင် ဘယ်ကလဲဆိုတာ ငါတို့
သိနိုင်မှာ မဟုတ်ဘူးလား။”

"ကောင်းပြီ....၊ ဒါဆို ငါတို့လည်း
လိုက်သွားကြည်လရအောင်..."

ထိုကဲ့သို့ပင် တစ်ယောက်စနှစ်ယောက်စနှင့်
တဖြည်းဖြည်း လူများလာပြီး
ယန်ယဲ့တို့သုံးယောက်နောက်တွင်
လူတန်းရှည်ကြီးပင် ဖြစ်ပေါ်လာခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
သူတို့သုံးယောက်လည်း ပေါ်တယ်စနစ်
ရှိရာသို့ ရောက်လာကြ၏။
ဤတစ်ကြိမ်တွင်ကား မည်သည့်ပြဿနာမှ
မကြုံရပေ။ ပေါ်တယ်စနစ်ထံ
လျှောက်သွားပြီးနောက်

အပြာရောင်အလင်းတန်းတစ်ခု
ထွက်လာပြီး သုံးယောက်လုံးအား
ဖုံးအုပ်သွားသည်။ ထို့နောက်
ချက်ချင်းဆိုသလိုပဲ သုံးယောက်သား
ပေါ်တယ်ထက်ကနေ
ပျောက်ကွယ်သွားကြသည်။

...

" သမင်ဖြူကမ္ဘာ..."

သမင်ဖြူကမ္ဘာသည်
သမင်ဖြူအကယ်ဒမီ၏
အဆင့်မြင့်ပညာရှင်များ ဖန်တီးထားသည့်
သီးခြားကမ္ဘာငယ်တစ်ခု ဖြစ်သည်။
သို့သော်လည်း ၎င်းသည်
ထင်းရှူးစီရင်စုကဲ့သို့ ကြီးမားပြီး
လူအရေအတွက် ဘီလျံအနည်းငယ်ခန့်
နေထိုင်နိုင်ပေသည်။

စိန်အဆင့်အင်အားစု အနည်းငယ်အပြင်
စိန်အဆင့်အင်အားစုများက ၎င်းတို့၏

ကိုယ်ပိုင်ကမ္ဘာများဖန်တီးထားပြီး အထဲတွင် မရေမတွက်နိုင်သောလူများ၊ အဖွဲ့ဝင်များကို နေထိုင်ခွင့်ပြုခဲ့သည်။ ထို့နောက်တွင် မရေမတွက်နိုင်သော လူများကြားမှ ပါရမီရှင်များ၊ ထူးခြားသောပညာရှင်များကို ရွေးထုတ်ပြီး ပြုစုပျိုးထောင်ပေးကြသည်။

အင်အားစုအသီးသီးက အရည်အချင်းရှိသော အဖွဲ့ဝင်များ လိုအပ်ပါသည်။ သက်ဆိုင်ရာအင်အားစုအတွက်

အင်အားကျဆင်းမသွားလိုပါက
အရည်အချင်းရှိသော ပါရမီရှင်များ
သို့မဟုတ် ထူးခြားသောပညာရှင်များအား
အဆုံးမဲ့မွေးထုတ်ပေးနိုင်ဖို့လိုအပ်ပေသည်။

ရောင်စဉ်ဖြာဒေသ၏ အင်အားစုတိုင်းက
အရင်းအမြစ်များအပြင် ထူးခြားသော
ပါရမီရှင်များအတွက်
ယှဉ်ပြိုင်ခဲ့ကြသည်။ အကယ်၍
၎င်းတို့သည် ဗဟိုနတ်ဘုရားစီရင်စုတွင်
ထူးခြားသောပါရမီရှင်များအတွက်

တိုက်ပွဲဝင်ကြမည်ဆိုလျှင်
စီရင်စုတစ်ခုလုံးအား သေချာပေါက်
ပရမ်းပတာဖြစ်သွားစေနိုင်သည်။

ထို့ကြောင့် စိန်အဆင့်အင်အားစုတိုင်းက
ကိုယ်ပိုင်ကမ္ဘာငယ်များကို ဖန်တီး၍
အနာဂတ်ပါရမီရှင်များ ထွက်ပေါ်လာဖို့
လေ့ကျင့်ပေးခဲ့ကြသည်။ ဤနည်းအားဖြင့်
ပါရမီရှင်များအတွက်
အခြားအင်အားစုများနှင့်

ယှဉ်ပြိုင်စရာမလိုတော့ဘဲ အလိုအလျောက် ပိုင်ဆိုင်နိုင်ပေသည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့သည် မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။ ဤအခိုက်အတန့်တွင် သူသည် ပေါ်တယ်စနစ်ထက်၌ရှိပြီး သူ့ရှေ့တွင် မြို့ကြီးတစ်မြို့ဘွားခနဲပေါ်လာသည်ကို သတိထားမိလိုက်သည်။

“သမင်ဖြူမြို့တော်…။ ဒါက သမင်ဖြူအကယ်ဒမီ ပဲ" ရှုဝူရှန်းက ဆတ်ခနဲပြောလိုက်လေသည် "ဒါပေမဲ့ သမင်ဖြူအကယ်ဒမီရဲ့အစိကဗျာနချုပ်ကို ရောက်ဖို့ ငါတို့က ဒီမြို့နဲ့ စမ်းသပ်ခြင်းတောင်တန်းကို ဖြတ်သန်းရဦးမယ်။ စမ်းသပ်ခြင်းတောင်တန်းက နာမည်အတိုင်း စမ်းသပ်မှုလမ်းကြောင်းတစ်ခုလေ။သမင်ဖြူအကယ်ဒမီက အရည်အချင်းစစ်တဲ့အထဲမှာပါတယ်။

စမ်းသပ်ခြင်းတောင်တန်းကို
ဖြတ်ကျော်နိုင်တဲ့ ဘယ်သူမဆို
သမင်ဖြူအကယ်ဒမီမှာ ပါဝင်ဖို့
အခွင့်အရေးရှိတယ်။ တကယ်တော့
သမင်ဖြူအကယ်ဒမီကို ဝင်ရောက်နိုင်ရင်
ဒါမှမဟုတ် သမင်ဖြူကမ္ဘာမှာ
နေထိုင်ခွင့်ရရင် သူတို့ရဲ့ကံကြမ္မာက
ပြောင်းလဲသွားလိမ့်မယ် လို့တောင်
ပြောလို့ရတယ်”

ယန်ယဲ့က ရှုဝူရှန်းအား
တစ်ချက်ကြည့်လိုက်ပြီး
"မင်းကိုကြည့်ရတာ
သမင်ဖြူအကယ်ဒမီအကြောင်း
နည်းနည်းလေးသိထားရုံတင်မကလောက်
ဘူးထင်တယ်"

ရှုဝူရှန်းက ခေါင်းခါလိုက်ပြီး "မင်းနဲ့အတူ
ဒီကိုလာဖို့ ငဆုံးဖြတ်ခဲ့တာဆိုတော့
ငါ့အတွက် ဘယ်လိုဖြစ်ပြီး
ကြိုတင်ပြင်ဆင်မှုတွေ မလုပ်ရမှာလဲ။

မှန်တယ်၊ သမင်ဖြူမြို့တော်ကို

အကယ်ဒမီရဲ့

တည်ထောင်သူဘိုးဘေးဖြစ်တဲ့

သမင်ဖြူအင်ပါယာက

အင်ပါယာအဆင့်ဝက်ပါအစီအရင်နဲ့

ကာကွယ်ပေးထားခဲ့တယ်။

သိုင်းသူတော်စင်တောင်တွေမှ မြို့ထဲမှာ

မပျံသန်းနိုင်ဘူး။ တကယ်တော့

သမင်ဖြူကမ္ဘာမှာ ပျံသန်းဖို့ဆိုတာ

မဖြစ်နိုင်ဘူးလို့

ပြောရင်ပိုမှန်လိမ့်မယ်။ ဒီတော့ ငါတို့က

အခုလမ်းလျှောက်ဖို့ကလွဲလို့
ရွေးစရာမရှိဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ကောင်းပြီ....၊ ဒါဆို
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲရဲ့
ပါရမီရှင်တွေကို သွားကြည့်ရအောင်"

ယန်ယဲ့သည် စကားပင်မဆုံးသေး မြို့ပြင်သို့
ပုံရိပ်အနည်းငယ်
ပေါက်ကွဲထွက်လာကြသည်။ အရှိန်က

အလွန်လျင်မြန်ပြီး အသက်ရှူ၂
ရှိုက်စာအတွင်းမှာပင် ၃
ကီလိုမီတာအကွာအဝေးကို ဖြတ်ကာ
ယန်ယဲ့တို့အဖွဲ့ ရှေ့သို့ ရောက်လာခဲ့သည်။

အဖွဲ့ထံတွင် အမျိုးသား ၃ ယောက်နှင့်
အမျိုးသမီး ၂
ယောက်ပါလာသည်။ ထို့အပြင်
အမျိုးသမီးတစ်ဦးက ရှုဝူရှန်း
မသတ်ဘဲလွှတ်ပေးခဲ့သော

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏
အဖွဲ့ဝင်အမျိုးသမီး ဖြစ်သည်။

ဤအချိန်တွင် ၅ ယောက်စလုံးက ယန်ယဲ့တို့အား စိုက်ကြည့်နေပြီးနောက် သူတို့၏အကြည့်များဟာ ရှူဝူရှန်း ကိုင်လာသည့် ကြိုးတန်းပေါ်သို့ ကျဆင်းသွားခဲ့သည်။သူတို့၏အကြည့်များ သည် ရှူဝူရှန်း အနောက်ဖက်ခြမ်းသို့ ရွေ့သွားကာ ကြိုးနှင့်ချည်ထားသည့် သွေးစီးကျစနေသော ခေါင်းပြတ် ၂၀ ကို

မြင်ပြီး အားလုံး
မျက်နှာပျက်သွားကြတော့သည်။

အဖွဲ့ကို ဦးဆောင်လာသူက ယန်ယဲ့အား
စိုက်ကြည့် ပြီး " မင်းက ယန်ယဲ့ ...
ဟုတ်တယ်
မဟုတ်လား။ ပြောစရာမလိုအောင်ပဲ၊
ငါတို့က မင်းကို
တကယ်လျှော့တွက်မိခဲ့တာ။ မင်းရဲ့
ခွန်အားကို ငါတို့ လျှော့မတွက်ဘဲ မင်းရဲ့
အကျင့်စရိုက်ကိုပါ လျှော့တွက်မိတယ်”

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ကာ
"ပြီးတော့ရော... ဆက်ပြော..."

"မင်းလုပ်ခဲ့တာတွေအတွက်
မင်းပြန်ပေးဆပ်ရမယ်" ထိုလူက ယန်ယဲ့ကို
စူးစူးစိုက်စိုက်စိုက်ကြည့်ကာ "ငါတို့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
ထင်းရှူးစီရင်စုကို အဆင့်မြင့်ပညာရှင်တွေ
စေလွှတ်လိုက်ပြီ။ စိတ်မပူပါနဲ့၊
မင်းမသေခင် တိမ်ပင်လယ်အကယ်ဒမီနဲ့

တိမ်ပင်လယ်မြို့ကို တိုက်ခိုက်ဦးမှာ
မဟုတ်သေးဘူး။ ဒါပေမဲ့
မင်းသေသွားရင်တော့ အားလုံးကို
မင်းနဲ့အဖော်ထည့်ပေးလိုက်မယ်။ ဒါကို
မင်းဘယ်လိုထင်လဲ။ ငါတို့က မင်းကို
ကြင်နာတယ်
မဟုတ်လား။ဟားဟား....၊ ငါတို့
မင်းရောက်လာမဲ့အချိန်ကို
အကယ်ဒမီကနေပဲ စောင့်နေမယ်"

ထိုစကားပြောပြီးသည်နှင့် ထွက်သွားဖို့ ပြင်လိုက်လေသည်။

ဤအတောအတွင်း ယန်ယဲ့၏ အေးစက်စက်အသံက ရုတ်တရက် ထွက်ပေါ်လာပါသည် "ဟမ့်...၊ မင်းကို ထွက်သွားလို့ရတယ်လို့ ငါပြောခဲ့သလား"

ယန်ယဲ့ စကားဆုံးသည်နှင့် အန်နန်ကျင်း၏ လက်က အနည်းငယ်လှုပ်သွားပြီး

မိုးကောင်းကင်ခွဲလုံ့ကို ရှေ့သို့
ပစ်လွှတ်လိုက်လေသည်။

ရှီး...

ရွှေရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြီး မိုးကောင်းကင်ခွဲလုံ့က
ထိုလူ၏ရင်ဘတ်ကို
ချက်ချင်းဖောက်ဝင်သွားကာ နောက်မှ
မြို့နံရံများဆီသို့ ကပ်ရိုက်ထားလိုက်သည်။

ထိုလူငယ်၏ မျက်လုံးများသည်
ပြူးကျယ်လာပြီး မယုံနိုင်စရာများဖြင့်
ပြည့်နှက်သွားသည်။

စကားလေးနည်းနည်းလောက်ပြောလိုက်ရုံ
ဖြင့် အသတ်ခံရလိမ့်မည်ဟု သူ့စိတ်ထဲ
တစ်ခါမျှ မထင်ထားခဲ့ပေ။

ရှုဝူရှန်းက သူ့ခေါင်းကို ခါလိုက်ပြီး "ဒါက
အစွမ်းပြဖို့ ကြိုးစားတဲ့အတွက်

မင်းရလာတဲ့အရာပဲ။ အခုတော့
ငရဲရောက်သွားပြီလေ"

၁၃၅၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၇ - ရက်စက်စွာသတ်ဖြတ်ခြင်း

ကျန် ၄ ယောက်က တုန်လှုပ်သွားပြီး
ထွက်ပြေးဖို့ပြင်လိုက်ကြသည်။ သို့သော်လ
ည်း ယန်ယွဲ့ နှင့် အန်နန်ကျင်း တို့က
တပြိုင်နက် ရှေ့သို့ ခြေတစ်လှမ်း
တိုးလာပြီးနောက် ကြောက်မက်ဖွယ်ရာ
လှိုင်းလုံးကြီး ၂ လုံး ထွက်ပေါ်လာပြီး
ကျန်ကျောင်းသား ၄ ဦးကို
ဖုံးအုပ်ထားလိုက်သည်။ စိတ်ဆန္ဒနှစ်ခုပေါင်း
ဖိအားက အဖွဲ့ထဲမှ
ကျောင်းသူတစ်ယောက်ကို မြေပြင်ပေါ်
ချက်ချင်း လဲကျသွားစေသည်။

ဤအချိန်တွင် အလင်းတန်းအနည်းငယ်
လင်းလက်လာသည်။

ဆူး! ဆူး! ဆူး! ဆူး!

မျက်စိတစ်မှိတ်အတွင်းမှာပဲ ၄
ယောက်စလုံးဟာ ခေါင်းဖြတ်ခံလိုက်ရပြီး
မြေပြင်ပေါ်
တဘုန်းဘုန်းပြိုလဲသွားကြသည်။

ယန်ယဲ့က ရှူဝူရှန်းကို စိုက်ကြည့်ရင်း
"သူတို့ကိုပါ ကြိုးနဲ့ချည်ထားလိုက်"

ရှူဝူရှန်းက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့နှစ်ယောက်လုံး
ရူးနေကြတာပဲ..." စကားပြောနေရင်းဖြင့်
တစ်ဖက်ခေါင်းလှည့်သွားပါတော့သည်။

ယန်ယဲ့သည် ရှူဝူရှန်းကို ဂရုမစိုက်ဘဲ
ကောင်းကင်ယံအထက်သို့ ခဏကြာ

မော့ကြည့်ရင်း
“သမင်ဖြူအကယ်ဒမီ! ငါယန်ယဲ့
ရောက်နေပြီ"

သူ၏ အသံသည် ဆန်းကြယ်ချီစွမ်းအင်ဖြင့်
မြှင့်တင်ထားသောကြောင့် မိုးချိန်းသံကဲ့သို့
ပတ်ဝန်းကျင်ဆီသို့ လွင့်ပျံသွားသည်။

ပတ်ဝန်းကျင်သည် ခဏတာပင်
တိတ်ဆိတ်သွား၏။

ဝုစ်! ဝုစ်! ဝုစ်!

ထို့နောက်တွင်တော့
ကောင်းကင်အထက်ကနေ
မရေမတွက်နိုင်သော အလင်းတန်းများသည်
ပေါ်လာပြီး ကောင်းကင်ကို ဖြတ်ကျော်ကာ
ယန်ယဲ့ တို့သုံးယောက် ဆီသို့
အလင်းတန်းများ ကျရောက်လာသည်။

အလင်းတန်းများဟာ သူတို့နှင့်
အတော်လေးဝေးနေသော်လည်း

သုံးယောက်သား
ကြောက်မက်ဖွယ်ကောင်းသည့်
အငွေ့အသက်များကို ရှင်းရှင်းလင်းလင်း
ခံစားမိလိုက်ကြသည်။

"သူတို့က ငါတို့ကို လာကြိုတာလား၊
လာပြီးတိုက်ခိုက်တာထင်တယ်" ရှုဝူရှန်းက
မျက်နှာတွင် လေးနက်သော အမူအရာများ
ရှိနေသည် ။

အချိန်သိပ်မကြာလိုက်ပါ၊
မီးခိုးရောင်ဝတ်ရုံနှင့်ကျင့်ကြံသူ တစ်ရာ
နီးပါး မြို့ပြင်သို့ ရောက်လာကြသည်။

ဤအချိန်တွင် ယန်ယဲ့၏အကြည့်များက
အဖွဲ့ကို ဦးဆောင်လာသော
ဓားကိုင်ထားသည့် လူငယ်ပေါ်သို့
ကျဆင်းသွားသည် ။ အကြောင်းမှာ
ဓားကိုင်လူငယ်က
သိုင်းသူတော်စင်တစ်ဦးဖြစ်နေသောကြောင့်
ပင်။

"အကြိုသိုင်းသူတော်စင်လား " ယန်ယဲ့၏
မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ " နောက်ဆုံးတော့
သူတို့ လေးလေးနက်နက်လုပ်လာပြီပေါ့"
ထိုအရာကလည်း ဖြစ်သင့်ပေသည်။
ဤအခိုက်အတန့်တွင်
အပြင်စည်းကျောင်းသားများကိုပါ ဆက်ပြီး
စေလွှတ်နေလျှင်
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲ၏

အထက်အာဏာပိုင်များဟာ
လူမိုက်များသာဖြစ်ပါလိမ့်မည်။

"မင်းက ယန်ယဲ့
ဆိုတာလား" ဓားကိုင်လူငယ်က ယန်ယဲ့ကို
စိုက်ကြည့်ရင်း "ငါက ကျူးရှန်၊
အပြင်စည်းခြံဝန်းရဲ့ကျောင်းသားပဲ"

ယန်ယဲ့က ခေါင်းညိတ်ကာ
“မင်းတို့ရဲ့အပြင်စည်းကျောင်းသားတစ်
ယောက်က ပြောတာတော့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
တပ်ဖွဲ့တွေကို ထင်းရှူးစီရင်စုကို
ပို့လိုက်ပြီလို့ ပြောလိုက်တယ်။ ဒါအမှန်လား
သိချင်တယ်"

"ဟုတ်တယ်" ကျူးရှန်က
ဆက်ပြောလေသည် "ဒါပေမဲ့ ငါတို့က
သူတို့ကို
ပြန်ခေါ်ထားတယ်။ငါ့ဥပဒေထိန်းသိမ်းရေး
အဖွဲ့ခွဲက မင်းရဲ့တိမ်ပင်လယ်အကယ်ဒမီနဲ့
ယှဉ်ပြိုင်ဖို့ သဘောတူထားမှတော့ စိတ်ချပါ၊

ငါတို့က

စကားပြန်ပြင်မှာမဟုတ်ဘူး။တစ်ခုတော့ရှိ

တယ်၊ မင်းသေရင်တော့

တိမ်ပင်လယ်အကယ်ဒမီနဲ့

တိမ်ပင်လယ်မြို့တော်ကို နှမြောမှာ

မဟုတ်ဘူး။ ဒါကြောင့် မင်းကိုယ်မင်း

အသက်ရှင်နေအောင်လုပ်ဖို့က

အကောင်းဆုံးပဲ။ ဒါပေမဲ့ ငါကြည့်တာတော့

မင်းမှာ ဒီလိုလုပ်နိုင်စွမ်းမရှိဘူးလို့ထင်တယ်

"

ယန်ယဲ့က ကျူုးရှန်အပါအဝင် သူ့နောက်မှ
လူများကို
 တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး
တပြိုင်တည်း တက်လာမှာလား ဒါမှမဟုတ်
ငါတို့က တစ်ယောက်ပြီးတစ်ယောက်
တိုက်ခိုက်မှာလား"

ကျယ်လောင်သော ဆူညံသံများက
ပတ်ဝန်းကျင်တစ်ခုလုံး
ပဲ့တင်ထပ်သွားသည်။

"သူက
ကိုယ့်ကိုယ်ကိုဘယ်သူလို့ထင်နေတာလဲ။
အစ်ကိုကျူးရှန်၊ အချိန်ဖြုန်းမနေဘဲ သူ့ကို
သတ်ပစ်လိုက်။ မင်းမလုပ်ရင် ငါလုပ်မယ်"

“ဒီစကားဟာ ငါကြားသမျှထဲမှာ
အကောင်းဆုံးဟာသပဲ။ သူတို့က
ငါတို့အားလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်ဖို့
ရည်ရွယ်ထားတာလား။ သူတို့ကိုယ်သူတို့ဘ
ယ်သူထင်နေတာလဲမသိ။ ကိုယ့်ကိုယ်ကို
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့

ထိပ်တန်း ၁၀ ယောက်စာရင်းက

ပညာရှင်လို့များ

ထင်နေသလားပဲ။ ဘယ်လောက်ရယ်စရာ

ကောင်းလိုက်လဲ"

“၂ ရက်စောင့်စရာမလိုပါဘူး။ အခုပဲ သူနဲ့

တိုက်ခိုက်ကြရအောင်"

"ငါတို့ အပြင်စည်းကျောင်းသားတွေ

အသတ်ခံရတာကို

ပြန်ပြီးလက်စားမချေနိုင်ရင်

စာပေပညာရှင်အဖွဲ့ ခွဲရဲ့ လူမိုက်တွေက
သေချာပေါက် လျှောင်ပြောင်လိမ့်မယ်"

"သူ့ကိုသတ်..."

ကျူးရှန်၏ နောက်ကွယ်မှ
ကျောင်းသားအုပ်စုဟာ မကျေနပ်၊
ဒေါသကြီးအသံများဖြင့်
အော်ဟစ်နေကြသည်။

သို့သော်လည်း ကျူးရှန်က
တိတ်ဆိတ်နေခဲ့သည်။ သူသည် ယန်ယဲ့ နှင့်
အန်နန်ကျင်း တို့အား အဆက်မပြတ်
အကဲခတ်နေခြင်းပင်။ သူ၏
ခွန်အားအဆင့်ဟာ လူများ သို့မဟုတ်
သူ့အား ခြိမ်းခြောက်နိုင်သည့် အရာများကို
အလိုလို
ခံစားမိနိုင်ခဲ့သည်။ ဤအခိုက်အတန့်တွင်
ယန်ယဲ့ နှင့် အန်နန်ကျင်း
တို့နှစ်ယောက်စလုံးက သူ့အတွက်
အလွန်အန္တရာယ်များသည်ဟု

ခံစားမိခဲ့သည်။ တစ်ချိန်တည်းတွင်
ထင်းရှူးစီရင်စုကနေ သူတို့
စုဆောင်းထားသောအချက်အလက်သည်
အပြည့်အဝမဟုတ်ကြောင်း သိလိုက်၏။

အမှန်စင်စစ် ယန်ယဲ့သည်
သူတို့ထင်နေသည့်အတိုင်း
အားနည်းသူမဟုတ်ဘဲ
အလွန်ကြောက်စရာကောင်းသည်။

ယန်ယဲ့က ရယ်မောပြီး ရှေ့ကို

ခြေတစ်လှမ်းတိုးကာ "ငါ့ကိုသတ်ဖို့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက မင်းကို

မပြောလိုက်ဘူးလား။ အခုကော

မင်း ဘယ်လောက်ထိ

အစွမ်းထက်တယ်ဆိုတာ

မပြချင်ဘူးလား။ လာပါ! ဥပဒေထိန်းသိမ်း

ရေးအဖွဲ့ခွဲက ဘယ်လိုအမှိုက်မျိုး တွေနဲ့

အင်အားဖြည့်ထားသလဲဆိုတာ

အတိအကျကြည့်ရအောင်”

ယန်ယဲ့ပြောလိုက်သည့်စကားဟာ
ကျူးရှန်အား
သည်းခံနိုင်စွမ်းကင်းမဲ့သွားစေသည်။

ကျူးရှန်က ချက်ချင်းပင်
ရှေ့ပြေးတက်လာပြီး ယန်ယဲ့အား
ဒေါသတကြီးတိုက်ခိုက်လိုက်တော့သည်။

"ကျင်းအာ၊ အဲဒီလူကို
ခဏလောက်တားပေးထားဦး"
ထိုစကားပြောလိုက်သည်နှင့်

အန်နန်ကျင်းက ညာခြေကို မြေပြင်ပေါ်
တစ်ချက်ဆောင့်ကာ ရှေ့သို့
ခုန်ထွက်လာခဲ့သည်။ ကျူးရှန်၏
မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားပြီးနောက်
ရက်စက်ကြမ်းကြုတ်
သောအလင်းတန်းများပေါ်လာပြီး
သူ့လက်ထဲကဓားကို အဆက်
မပြတ်ဝှေ့ယမ်းလိုက်လေသည်။

ချွင်!

လုံနှင့်ဓားက ပြင်းထန်စွာ တိုက်မိပြီး
နတ်မိုးကြိုးပစ်ချလိုက်ကဲ့သို့
ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

ထို့နောက် အန်နန်ကျင်းက မလှုပ်မယှက်ဖြင့်
ရပ်နေခဲ့ပြီး ကျူးရှန်ဟာ ခြေလှမ်း ၁၀
လှမ်းလောက် နောက်ပြန်ဆုတ်သွားရသည်။
ထို့အပြင် အန်နန်ကျင်းသည်
ရှေ့သို့တိုးလာပြီး ကျူးရှန်၏
ရှေ့၌ထပ်ပေါ်လာ ခဲ့သည်။

ကျူးရှန်၏ မျက်နှာက
ရက်စက်ကြမ်းကြုတ်သောအမူအရာများ
ချက်ချင်း ပေါ်လာပြီး "လာစမ်းပါ"

သူပြောပြီးသည်နှင့် တစ်ချိန်တည်းပင်
ရှေ့သို့ပြေးတက်လာကာ အန်နန်ကျင်း နှင့်
ထိပ်တိုက်ရင်ဆိုင်လေသည်။

ဤအတောအတွင်း ယန်ယဲ့၏
မျက်လုံးများတွင် အေးစက်သော
အလင်းတန်းတစ်ခု

လင်းလက်တောက်ပလာပါသည်။ သူ့ထံ ပြေးဝင်လာသည့် အပြင်စည်း ကျောင်းသားများကို ကြည့်ပြီး သူ့နောက်ကျောတွင် အပြာရောင်သက်စောင့်ဓားတစ်ချောင်း ပေါ်လာခဲ့သည်။

အောင်း!

ဓားတစ်ချောင်းက လေထဲသို့ လွင့်ပျံသွားပြီး ကမ္ဘာကြီးအား

ထက်ပိုင်းဖြတ်သွားသည့်အလားပင်ထင်ရ
လေသည်။

ထိုနောက်တွင် ဓားသေတ္တာကနေ
အလင်းတန်း ၃၀၀၀ ကျော် ထွက်လာပြီး
အပြင်စည်းကျောင်းသားအဖွဲ့ထဲသို့
ဝင်ရောက်သွားသည်။

ဆူး! ဆူး! ဆူး!

မရေမတွက်နိုင်သော အလင်းတန်းများက လေထဲသို့ တောက်လျှောက် ဖြတ်သွားပြီး ပတ်ဝန်းကျင်ဟာ ဓားစွမ်းအင်ဖြင့် ပြည့်နှက်သွားသည်။ တစ်ချိန်တည်းမှာပင် အနီးအနားရှိ အာကာသဟင်းလင်းပြင်က ထက်ပိုင်းခြမ်းထွက်သွားပါတော့သည်။

ထိုခဏလေးအတွင်းမှာပင် မရေမတွက်နိုင်သောအော်ဟစ်သံများ ပတ်ဝန်းကျင်အနှံ့ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော်လည်း အားလုံးက
အကြောက်အလန့်ကင်းမဲ့စွာဖြင့်
ယန်ယဲ့အား တိုက်ခိုက်နေကြ၏။

ဤအချိန်တွင် ရှုဝူရှန်းက
အနက်ရောင်လှံတစ်ချောင်းကို ထုတ်ယူပြီး
တင်းကျပ်စွာဆုပ်ကိုင်ကာ
ကျောင်းသားအုပ်ထဲသို့ ခုန်ဝင်လိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့အတွက်တော့
မည်သည့်အရာကိုမျှ ဂရုမစိုက်ဘဲ

သူတော်စင်အဆင့် ၁ား ၃၀၀၀
ကိုထိန်းချုပ်၍ သူ့ရှေ့က မြင်မြင်သမျှကို
သတ်ဖြတ်နေခဲ့သည်။

အသက်ရှူ ၃၀
ရှိုက်စာထက်မနည်းအချိန်တွင် လူ ၁၀၀
ကျော်နှုးပါး အသတ်ခံလိုက်ရ၏။

"ရပ်" ဤအချိန်တွင်
ကောင်းကင်ယံအထက်ဆီကနေ
ဒေါသတကြီးအော်သံ

ရုတ်တရက်ထွက်ပေါ်လာသည်။
တစ်ချိန်တည်းမှာပင်
အဘိုးအိုတစ်ယောက်က ဤနေရာတွင်
ပေါ်လာသည်။ အဘိုးအိုက ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ သူတော်စင်အဆင့် ၈အး
၃၀၀၀ က လေထဲတွင် အေးခဲသွားပြီးနောက်
အပိုင်းပိုင်းပေါက်ကွဲသွားခဲ့သည်။

ယန်ယဲ့၏မျက်လုံးများသည်
ဤမြင်ကွင်းကြောင့်
အနည်းငယ်ကျဉ်းမြောင်းသွားပြီး

လေးနက်သော အရိပ်အယောင်များ
ပေါ်လာပါတော့သည်။
ရောက်လာသော အဘိုးအိုက
သာမန်သိုင်းသူတော်စင်မဟုတ်ပေ၊
အနည်းဆုံး အဆင့်မြင့်သိုင်းသူတော်စင်
တစ်ဦးဖြစ်ခဲ့သည်။

အဘိုးအိုက ယန်ယွဲ့ကို အေးစက်စွာ
ကြည့်လိုက်ပြီးနောက် သူ့လက်ဝါးကို
တစ်ဖက်သို့ ပုတ်လိုက်သည်။

ကျူူးရှန်နှင့် တိုက်ခိုက်နေသည့်
အန်နန်ကျင်းဟာ ချက်ချင်းပင်
မျက်နှာပျက်သွားပြီး
သူမ၏လှံကိုလမ်းကြောင်းပြောင်းကာ
ညာဖက်သို့ ထိုးလိုက်သည်။

ဘမ်း!

ပြင်းထန်သောပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက်
မိုးကောင်းကင်ခွဲလှံက တုန်ခါသွားကာ

အန်နန်ကျင်းသည်လည်း
နောက်ပြန်လှင့်ထွက်လာခဲ့သည်။
၁ ကီလိုမီတာကျော်ထိ ရောက်မှသာ
အန်နန်ကျင်း၏ ခန္ဓာကိုယ်က နေရာတွင်
ရပ်တန့်သွား၏။

ယန်ယွဲ့သည် ချက်ချင်း
မျက်နှာပျက်သွားကာ
သူ့လက်ကိုဝှေ့ယမ်းပြီး
ရှေးဟောင်းဓားအိမ်ကို ထုတ်ယူလိုက်သည်။
တစ်ဆက်တည်း

ခါးစိတ်ဆန္ဒများတစ်ချောင်း ဖန်တီးကာ ခါးအိမ်ထဲထည့်ပြီး လျင်မြန်စွာ ဆွဲထုတ်လိုက်၏။

အောင်း!

စူးရှသောခါးအူသံနှင့်အတူ ခါးစွမ်းအင်အလင်းတန်းတစ်ခုက ရှေ့သို့ တောက်လျှောက်ပြေးထွက်လာခဲ့သည်။

" ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၇၀
ထပ် "

ယန်ယဲ့
ဓားဆွဲထုတ်လိုက်သည်ကိုမြင်သောအခါ
အဘိုးအိုသည် မျက်နှာပျက်သွားခဲ့သည်။
ထိုဓားစွမ်းအင်အလင်းတန်းကိုတွေ့လိုက်
သောအခါ အဘိုးအို၏မျက်လုံးထဲတွင်
အံ့ဩမှုတစ်ခု တောက်ပလာပြီး "မင်းမှာ
တကယ်ကို အစွမ်းအစရှိပါတယ်။ ဒါပေမဲ့

မင်းရဲ့ခွန်အားကို လွှန်ကဲစွာ
တွက်ဆနေတာပဲ"

ထိုစကားပြောပြီးသည်နှင့် အဘိုးအိုက
သူ့ညာလက်ကို ရှေ့သို့ဆန့်ကာ လေထုအား
ဆုပ်ကိုင်လိုက်လေသည်။

ချက်ချင်းဆိုသလိုပဲ ယန်ယွဲ့၏
ဓားစွမ်းအင်အလင်းတန်းက
အပိုင်းပိုင်းကွဲသွားခဲ့သည်။ သို့သော်
တန်ပြန်ပေါက်ကွဲအားက အဘိုးအိုအား

ခြေလှမ်း ၁၀ လှမ်းခန့်

နောက်ပြန်ဆုတ်သွားစေခဲ့သည်။

၁၃၅၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၈ - မင်းတို့က

အရှက်မဲ့နေတာလား

ဤအချိန်တွင် အန်နန်ကျင်းက အဘိုးအို ရှေ့တွင်ပေါ်လာပြီး သူမ၏မိုးကောင်းကင်ခွဲလုံဖြင့် ဆတ်ခနဲထိုးသွင်းလိုက်သည်။ အဘိုးအို၏ မျက်လုံးများသည် မှုန်ကုပ်ကုပ်ဖြင့် အနည်းငယ် ကျဉ်းမြောင်းသွားကာ "ဖယ်စမ်း"

အန်နန်ကျင်းကို ဒေါသတကြီးအော်ဟစ်လိုက်ရင်း သူ့ လက်ဖဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

ဘမ်း!

မိုးကောင်းကင်ခွဲလုံက
ပြင်းထန်စွာတုန်ခါသွားပြီး
အန်နန်ကျင်း၏ပုံရိပ်ဟာ မီတာ ၃၀
ကျော်အကွာသို့
လွင့်ပျံသွားသည်။ တစ်ဖက်တွင်မူ
အဘိုးအို၏ လက်ဖဝါးသည် အနည်းငယ်
ကွဲထွက်သွားပြီး သွေးများ
စီးကျလာပါသည်။

"မင်းတို့နှစ်ယောက်က

သေလမ်းရှာချင်နေတာပဲ "

သူဒေါက်ရာရသွားသည်ကို မြင်သောအခါ

အဘိုးအိုက မျက်နှာပျက်သွားပြီး

အန်နန်ကျင်းအား

တရကြမ်းတိုက်ခိုက်ဖို့ပြင်လိုက်သည်။

သို့သော်လည်း ယန်ယွဲ့သည်

အဘိုးအို၏နောက်ဖက်တွင် ရုတ်တရက်

ပေါ်လာပြီး ဓားတစ်ချောင်းက

အဘိုးအို၏လည်ကုပ်အား

ပိုင်းချလာလေသည်။ ရုတ်တရက်

တိုက်ခိုက်ခံရသဖြင့် အဘိုးအိုလည်း
မျက်လုံးများ ရုတ်တရက်
ပြူးကျယ်သွားသည်။ သို့သော်လည်း
အဘိုးအို၏ တုံ့ပြန်မှုသည်
နှေးကွေးမနေခဲ့ပေ။
သူ့ခန္ဓာကိုယ်အားဘေးဖက်သို့
အနည်းငယ်ရွှေ့လိုက်ကာ ဓားဖျားကို
ရှောင်လိုက်ပြီး ယန်ယွဲ့၏ဗိုက်ကို နောက်
ပြန်ရိုက်ချလိုက်လေသည်။

ယန်ယဲ့သည် ခြေလှမ်း ၁၀ လှမ်းခန့်
နောက်ပြန်ဆုတ်သွားသော်လည်း
ချက်ချင်းပင် ရှေ့သို့
ထပ်မံခုန်ဝင်လာခဲ့သည်။ ဤ အချိန်တွင်
ဓားစိတ်ဆန္ဒဓား အစား ဟာကျူလီယံဓားနှင့်
လဲလိုက်ပြီး အဘိုးအိုအား
တရကြမ်းပိုင်းချလိုက်သည်။ ဓားပိုင်းချက်
က အလွန်ပြင်းထန်ကြောက်စရာကောင်းပြီး
အဘိုးအို၏ ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်သည်ပင်
ကွဲထွက်သွားတော့သည်။

အဘိုးအို၏ မျက်လုံးများထဲတွင်
ထိတ်လန့်တကြား အမူအရာတစ်ခု
ထွက်ပေါ်လာသည် "သူ့ခန္ဓာကိုယ်က
ကြောက်စရာကောင်းလှချည်လား။ ငါ့လက်
ဝါးတစ်ချက်နဲ့ အရိုက်ခံရတာတောင်
ဘာမှမဖြစ်ဘူးလား" ဤအချိန်တွင်
အဘိုးအို၏ မျက်လုံးများက
အထင်အမြင်သေးမှုများ
ပျောက်ကွယ်လာကာ
အနည်းငယ်လေးနက်လာပါသည်။

ထို့နောက် ပေါ့ပေါ့ဆဆ မပြုဝံ့ဘဲ သူ့လက်ဝါးကို လိမ်ပြီး အပေါ်တည့်တည့်သို့ ပင့်ရိုက်လိုက်လေသည်။ လက်ဝါးကနေ စွမ်းအင်လှိုင်း ၂ ခု ထွက်လာပြီး ယန်ယဲ့၏လက်ထဲမှ ဟာကျူလီယံဓားကို တိုက်ရိုက်ထိမှန်သွားသည်။

ဘမ်း!

အနီးပတ်ဝန်းကျင်က ကျယ်လောင်သော ပေါက်ကွဲသံကြီးဖြင့် ဖုံးလွှမ်းသွားပြီး

တိုက်ခိုက်နေသည့် ရေယာတစ်ဝိုက်က
ချက်ချင်းပြိုကျလာပါတော့သည်။

ဤအချိန်တွင် ယန်ယွဲ့ နှင့် အန်နန်ကျင်း
တို့က နှစ်ယောက်ပေါင်းပြီး အဘိုးအိုအား
တိုက်ခိုက်နေကြသည်။

ကျူးရှန် တစ်ယောက်ကလွဲ၍
အခြားမည်သူမျှ တိုက်ပွဲကို
မမြင်နိုင်သည့်အထိ
သူတို့၏လှုပ်ရှားမှုများသည်

အလွန်တရာလျင်မြန်နေခဲ့လေသည်။
လူတိုင်း မြင်သမျှဟာ မှုန်ဝါးဝါး အရိပ် ၃
ခုနှင့် အာကာသဟင်းလင်းပြင်၊
လေထုတစ်ခုလုံး ပြိုကျလာခြင်းတို့သာ။

ဤအခိုက်အတန့်တွင်
သမင်ဖြူအကယ်ဒမီ၏
အပြင်စည်းကျောင်းသားအားလုံးလည်း
ထိတ်လန့်သွားကြပြီဖြစ်သည်။
အဘိုးအိုက အပြင်စည်းခြံဝန်း၏
နည်းပြဆရာဖြစ်ဝလို

အဆင့်မြင့်သိုင်းသူတော်စင်တစ်ဦးဖြစ်သော
ကြောင့်ပင်။ ထို့အပြင် အဘိုးအိုက
လက်ရှိအဆင့်သို့ ရောက်ရန်အတွက်
မည်သည့်ပြင်ပအင်အားကိုမျှ
အားမကိုးခဲ့ပေ၊ တစ်ကိုယ်တည်း
ကျင့်ကြံခဲ့သော အစစ်အမှန်
သိုင်းသူတော်စင်တစ်ဦးဖြစ်သည်။ထို့ကြော
င့် သမင်ဖြူအကယ်ဒမီတွင်သာမကဘဲ
ပြင်ပသို့ ထွက်ခွာလျှင်ပင် အဘိုးအိုက
ထိပ်သီးအဆင့်ပညာရှင်ဟု ဆိုနိုင်သည်။
သို့သော်လည်း ဤအချိန်တွင်မူ ယန်ယွဲ့ နှင့်

အန်နန်ကျင်း တို့က အဘိုးအိုအား
လက်ရည်တူ တိုက်ခိုက်နိုင်ခဲ့သည်။

ထိုအရာက မည်သည်ကို ဆိုလိုသနည်း။

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့၏ ခွန်အားက
သူတို့ထက် အများကြီး
ပိုအားကောင်းသည်ဟု ဆိုလိုပေသည်။
တစ်နည်းဆိုရသော်
ယန်ယဲ့တို့နှစ်ယောက်ဟာ
သမင်ဖြူအကယ်ဒမီသို့

သေလမ်းရှာဖို့အတွက်
ရောက်လာကြခြင်းမဟုတ်ပေ။ သူတို့က
အမှန်ပင် လုံလောက်သော ခွန်အားကို
ပိုင်ဆိုင်ထားကြသည်။

ဂျုန်း!

အာကာသဟင်းလင်းပြင်က
ရုတ်တရက်ပြိုကျလာပြီးနောက် ပုံရိပ် ၃
ခုဟာ ကွဲသွားကြသည်။

ဤအခိုက်အတန့်တွင် အဘိုးအို၏
မျက်နှာသည် အလွန်ပြင်းထန်သော
အမူအရာရှိနေပြီး သူ့လက်နှစ်ဖက်လုံး
ဓားဒဏ်ရာ၊ လှံထိုးချက်များ
မရေမတွက်နိုင်အောင် ရှိနေလေသည်။

"သူတော်စင်တစ်ပိုင်းအဆင့်
နှစ်ယောက်ကြောင့် ဒဏ်ရာရသွားတာလား၊
ငါဒါကို မမျှော်လင့်ခဲ့ဘူး။
ကောင်းပြီ..၊မင်းတို့နှစ်ယောက်လုံး
သေချင်နေကြလို့ မင်းတို့ရဲ့ဆန္ဒကို

ငါဖြည့်ဆည်းပေးမယ်" အဘိုးအိုက
ဒေါသတကြီး အော်ဟစ်ကာ
တိုက်ခိုက်ဖို့ပြင်လိုက်၏။ သို့သော်
ယန်ယွဲ့သည် သူ့လက်ထဲကဓားကို
ရုတ်တရက် ဆွဲထုတ်လိုက်ရာ
ရှေးဟောင်းဓားအိမ်ဆီမှ
ဓားစွမ်းအင်တစ်စင်း ထွက်ပေါ်လာပြီး
အဘိုးအိုဆီသို့ ပြေးဝင်သွားသည်။

ဤတစ်ကြိမ်တိုက်ခိုက်မှုကား
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၈၀

ထပ်ထားသော တိုက်ခိုက်မှုပင်တည်း။
ထို့အပြင် ဟင်းလင်းပြင်အဆင့်
ခားစိတ်ဆန္ဒဖြင့်ပါ ပေါင်းစပ်ထား၏။

ခားစွမ်းအင်သည် လေထုအလွှာကြီးကို
ဆုတ်ဖြဲသွားကာ အဘိုးအိုရှေ့သို့
ရောက်လာခဲ့သည်။ ဤတစ်ကြိမ်ခားစွမ်းအ
င်က အရင်ကထက်
အများကြီးအားကောင်းနေသဖြင့်
အဘိုးအိုက မျက်နှာပျက်သွားပါတော့သည်။
သူက မပေါ့ဆဝံ့ဘဲ

ညာလက်ကိုငှေ့ယမ်းကာ ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအင်များက အဘိုးအိုထံ တိုးဝင်လာသည်။ ထို့နောက် သူ့လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ပြီး ယန်ယဲ့၏ ဓားစွမ်းအင်ဆီသို့ ပုတ်လိုက်သည်။

ဘမ်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီးနောက် ဤနေရာမှ

မြေပြင်နှင့် အာကာသဟင်းလင်းပြင်သည်
ချက်ချင်းကွဲအက်သွားခဲ့လေသည်။
ဤအချိန်တွင် ယန်ယဲ့သည်
အဘိုးအိုနောက်မှ ရုတ်တရက် ပေါ်လာပြီး
လက်သီးဖြင့် အဘိုးအို၏ ကျောပြင်ကို
ထိုးချလိုက်သည်။

နောက်ကျောဖက်မှ တိုးဝင်လာသည့်
လက်သီးချက်ကို သတိပြုမိသောအခါ
အဘိုးအို၏ မျက်လုံးများသည်

ချက်ချင်း ကျဉ်းမြောင်းသွားကာ
သူ့ခန္ဓာကိုယ်ကို တစ်ပါတ်လှည့်၍ ယန်ယဲ့၏
လက်သီးကို တန်ပြန်ထိုးလိုက်လေသည်။

အုန်း!

လက်သီးချင်း
ထိမှန်သွားသည်နှင့်တပြိုင်နက် အဘိုးအို၏
ခန္ဓာကိုယ်က တစ်ချက်တုန်ခါသွားပြီး
နောက်ပြန်လွင့်ထွက်သွားခဲ့သည်။
ဤအချိန်တွင် အန်နန်ကျင်းက

အဘိုးအို၏နောက်တွင် ပေါ်လာပြီး
မိုးကောင်းကင်ခွဲလုံကို ရှေ့သို့
ထိုးလိုက်သည်။

လုံချက်က လျှပ်စီးကြောင်းကဲ့သို့
လျင်မြန်ပြီး ယန်ယွဲ့၏
လက်သီးချက်ကြောင့်
နောက်ပြန်လွင့်ထွက်သွားသည်ဖြစ်ရာ
အဘိုးအိုက
ရှောင်တိမ်းနိုင်ခြင်းမရှိတော့ပေ။

ဘမ်း!

မိုးကောင်းကင်ခွဲလုံက အဘိုးအို၏ ပုခုံးကို ထိုးစိုက်သွားကာ နောက်တစ်ကြိမ် လွင့်ပျံထွက်သွားခဲ့သည်။ ဤအချိန်တွင် ယန်ယဲ့သည် သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး အဘိုးအို၏ဗိုက်ကို ကန်ထုတ်လိုက်သည်။

ဖူး!

အဘိုးအို၏ ပါးစပ်ထဲမှ သွေးများ ဖျန်းခနဲ
အန်ထုတ်လိုက်ပြီး မြေပြင်ပေါ်သို့
ပြုတ်ကျကာ မြေပြင်တစ်ခုလုံးဟာ
တုန်လှုပ်သွားခဲ့သည်။

ယန်ယဲ့သည် မြေပြင်ပေါ်သို့ ဆင်းချလာပြီး
အဘိုးအို ထံသို့
လျှပ်တပြက်ခုန်ဝင်လိုက်သည်။ ထို့နောက်
သူ့ခြေထောက်တစ်ဖက်ကိုဆန့်ကာ
အဘိုးအို၏ ခေါင်းဆီသို့
လှမ်းနင်းလိုက်သည်။

ဤအခိုက်အတန့်တွင် သူတို့အထက်
တည့်တည့်ရှိ အာကာသဟင်းလင်းပြင်က
စုတ်ပြဲသွားပြီး အလင်းတန်းများ
ဆင်းသက်လာကာ ယန်ယဲ့၏ ရင်ဘတ်ကို
ထိမှန်သွားသည်။

ဘုန်း!

ယန်ယဲ့သည်လည်း အတော်ဝေးဝေးထိ
လွင့်ပျံသွားသည်။

အန်နန်ကျင်း၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူမ၏ပုံရိပ်က
တဖျပ်ဖျပ်တောက်ပလာပြီး
ယန်ယွဲ့၏နောက်ဖက်တွင်ပေါ်လာကာ
ဆီးတားထားလိုက်လေသည်။ သို့သော်
တိုက်ခိုက်မှု၏ တန်ပြန်အားက
နှစ်ယောက်စလုံးကို မီတာ ၃၀ အကွာသို့
တွန်းထုတ်ခဲ့သည်။

ယန်ယွဲ့သည် သူ့ပါးစပ်ထောင့်က
စီးကျလာသော သွေးများကို သုတ်လိုက်ပြီး

ကောင်းကင်ယံအထက်ကို
မော့ကြည့်လိုက်လေသည်။
တစ်ချိန်တည်းမှာပင် သူက
"ဘာလဲ။ အရှုံးကို လက်မခံနိုင်ဘူးလား"

သူ့အသံက ဆန်းကြယ်ချီစွမ်းအင်ဖြင့်
မြှင့်တင်ထားပြီး သမင်ဖြူကမ္ဘာ
တစ်လျှောက် မိုးချိန်းသံကဲ့သို့
တဟုန်ထိုးမြည်ဟီးသွားသည်။

"ငါ့ရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက အရှူးကို
သဘာဝအတိုင်း
လက်ခံနိုင်တယ်" ကောင်းကင်ယံအထက်မှ
အသံတစ်သံ ထွက်ပေါ်လာသည်။

"ဖြစ်နိုင်ပါတယ်" ယန်ယဲ့က
ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

အသံက နောက်တစ်ကြိမ်ထပ်ပြီး
“မင်းဘာရယ်တာလဲ”

"အဲ့ဒါက ဘယ်လောက်ရယ်စရာကောင်းလဲ၊ ရယ်စရာကောင်းလို့ ရယ်တာလေ" ယန်ယဲ့သည် ကောင်းကင်အထက်ကို မော့ကြည့်လိုက်ပြီး "မင်းရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက အရှုံးကို လက်ခံနိုင်တယ်ပေါ့။ ဒီစကားက ရယ်စရာလို့ မထင်ဘူးလား။ ငါဗဟိုနတ်ဘုရားစီရင်စုကို ရောက်ကတည်းက မင်းရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲနဲ့ပဲ ပြဿနာ

ခဏခဏတက်နေရတယ်။ ပထမတော့
ဂျူနီယာမျိုးဆက်နဲ့
အရေအတွက်တွေသုံးတယ်။
အရေအတွက်က
အသုံးမဝင်ဘူးလို့သိသွားတော့
မျိုးဆက်ဟောင်းတွေ
အစားဝင်လာတယ်။ မျိုးဆက်ဟောင်းတွေ
မအောင်မြင်တဲ့အခါကျ
အဆင့်မြင့်အာဏာပိုင်တွေ
ဝင်ပါလာကြတယ်။ ဒါက
အရှုံးကိုလက်ခံနိုင်တယ်လို့

မင်းယူဆနေတဲ့အရာလား။ မင်းမှာ
အရှက်ရှိလား။ မင်းတို့အားလုံး
အရှက်တရားရှိကြလို့လား"

"ဘယ်လောက်တောင်
မောက်မာလိုက်သလဲ" အသံသည်
မိုးချိန်းသံကဲ့သို့ ပဲ့တင်ထပ်ကာ ယန်ယဲ့၏
ရှေ့မျ အာကာသဟင်းလင်းပြင် ပင်လျှင်
တုန်လှုပ်သွားသည်။
လုံးဝကို ထိတ်လန့်စရာကောင်းသော
မြင်ကွင်းတစ်ခုပါ။

"ငါက မောက်မာတာလား" ယန်ယဲ့က တဟားဟား ရယ်မောလိုက်ပြီး “မင်းရဲ့ ဉပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲမှာ ငါ့တိမ်ပင်လယ်အကယ်ဒမီက ယှဉ်နိုင်တာ ဘာမှမရှိဘူး။ မင်းတို့ဖက်မှာက အဆင့်မြင့်သိုင်းသူတော်စင်တွေ ရာနဲ့ချီရှိတယ်။ ပြောရရင် မင်းကို စော်ကားဖို့ ငါတို့ တကယ် မတတ်နိုင်ဘူး။ ဒါဆို ပြိုင်ပွဲကို ဘာကြောင့် မဖျက်တာလဲ။ ငါ့ရဲ့

တိမ်ပင်လယ်အကယ်ဒမီက

အရှုံးပေးမယ်လေ။ မင်းရဲ့

ဥပဒေထိန်းသိမ်းအဖွဲ့ခွဲက

အနိုင်ရသူပေါ့။ ငါအလေးအနက်ထားပြီး

ပြောနေတာနော်။ မင်းက

အနိုင်ရယူဖြစ်မှာလေ။ ဒီတော့

အချိန်မဖြုန်းဘဲနေကြမလား"

ယန်ယဲ့၏ စကားအား ကြားလိုက်သည်နှင့်

ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှ

ကျောင်းသားအားလုံး၏ မျက်နှာပေါ်တွင်

မမြင်နိုင်သော အမူအရာများ
ရုတ်ချည်းပေါ်လာသည်။

အပြင်စည်းနည်းပြုဆရာ ကတော့
မျက်နှာတစ်ပြင်လုံး ဆိုးရွားနေသော်လည်း
သိပ်မကြာလိုက်ပေ၊
အချိန်မှီဖုံးကွယ်ထားလိုက်သည်။
သို့သော်လည်း အတွင်းစည်းခြံဝန်း၏
ပညာရှင်ကသာ ခက်မငှားပါက
ယခုအချိန်တွင် သူဟာ လူသေဖြစ်နေပါပြီ။

အပြင်စည်းကျောင်းသားများ ရှေ့၌ ဤကဲ့သို့ အရှက်ခွဲခံရခြင်းက သူ့ဘဝတစ်လျှောက်လုံး အလွန်ဆိုးရွားသောအရာတစ်ခုဖြစ်ခဲ့သည်။ ထိုထက် အရေးအကြီးဆုံးကတော့ ဤအဖြစ်အပျက် ပြီးသည့်နောက် သူ၏ နည်းပြဆရာရာထူးကို ဆက်ထိန်းထားဖို့ မဖြစ်နိုင်တော့ပေ။

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၅၉ -

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲ၏ အာဏာပိုင်

ကောင်းကင်အထက်ရှိ အသံက

ခဏကြာတိတ်ဆိတ်သွားပြီး

အချိန်အတော်ကြာမှသာ

ထပ်မံထွက်လာခဲ့သည်

"ငါ့ရဲ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက

အရှုံးကိုးလက်ခံနိုင်ပေမဲ့ ငါတို့ကြားက ပြိုင်ပွဲက နောက် ၂ ရက်ကြာမှဆိုတာကို မင်းမေ့နေတာထင်တယ်။ ၂ ရက်လောက်ကျန်သေးတာတောင် မင်းက ငါ့လူတွေကို ဘာလို့သတ် တာလဲ။ ပြိုင်ပွဲအတွက်သာမဟုတ်ရင် ငါမင်းကို အခုချက်ချင်းသတ်ပစ်မယ်ဆိုတာ မင်းသိလား။ ဒါကိုကျေးဇူးတင်သင့်တယ်"

"နောက်ဆုံးတော့ မင်းထက်
ပိုအရှက်မဲ့တဲ့သူကို ငါရှာတွေ့ခဲ့ပြီ"
ရှူဝူရှန်းက ခေါင်းယမ်းလိုက်သည်။

ယန်ယဲ့သည် အေးစက်စွာ ရယ်မောပြီး
"ဒါဆို ၂ ရက်အတွင်း သိလာမှာပါ! ဒါနဲ့ မင်းရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ဝင်တွေက ဒီနေ့
ငါ့ကိုသတ်ဖို့ ဘာလို့ လာတာလဲ
ငါတကယ်နားမလည်ဘူး။ ကောင်းပြီ...၊
ငါတို့က ရန်သူတွေဆိုတော့ ငါ့ကို
သတ်ဖို့လာတာ ဘာပြဿနာမှ

မရှိပါဘူး။ ဒါပေမဲ့ ပြောချင်တာက မင်းက ပိုအားသန်တဲ့ ကျောင်းသားတွေကို ပို့နိုင်မလား။ ဒီလိုမှမဟုတ်ရင် ငါ့ရဲ့အချိန်တွေကို အမှိုက်တွေနဲ့ ဖြုန်းနေတာ ရပ်လိုက်ပါ"

ယန်ယဲ့ပြောလိုက်သည့် စကားကြောင့် အပြင်စည်းကျောင်းသားအားလုံး ဒေါသတထွက်သွားကြသည်။

"ယန်ယဲ့၊ မင်းဘာတွေ
အရူးထနေတာလဲ။ အခုမင်းရောက်နေတာ
က သမင်ဖြူအကယ်ဒမီနော်။
ထင်းရှူးစီရင်စုလိုမျိုး
ပေါက်လွှတ်ပဲစားနေရာမဟုတ်ဘူး။

မင်းမှာ ခွန်အားတွေရှိလို့
စိတ်ရှိတိုင်းလုပ်နိုင်တယ်ဆော့
မထင်လိုက်နဲ့။
ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲမှာ မင်းကို
သတ်နိုင်တဲ့ သူတွေအများကြီးရှိတယ်"

"ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ! ဒီ
လောက် မိုက်မဲပြီး မာနကြီးတဲ့လူကို
ငါ့တစ်သက် တစ်ခါမှ
မတွေ့ဖူးဘူး။ ယန်ယွဲ့... မင်းကိုယ်မင်း
ဘယ်သူထက်နေတာလဲ။ မင်းဟာ
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့
ပညာရှင်လို့ထင်နေတာများလား။
မင်းရဲ့ခွန်အားလောက်နဲ့
သိုင်းပညာအဆင့်သတ်မှတ်ချက်ကို မပြောနဲ့
ငါတို့ရဲ့
ကျောင်းသားခေါင်းဆောင်ထက်တောင်

နိမ့်ကျသေးတယ်။ ကိုယ့်ကိုယ်ကိုလည်း သေချာပြန်ကြည့် ...ယန်ယဲ့။ မင်းက နှစ်ထောင်ချီကျင့်ကြံလာတဲ့ သိုင်းသူတော်စင်တောင် မဟုတ်သေးဘူး။ ဒါကို ဘာဂုဏ်မောက်ပြီး ကိုယ့်ကိုယ်ကို ဝင့်ကြွားနေတာလဲ၊ မင်း အစား ငါရှက်မိတယ်"

“ထင်းရှူးစီရင်စုလို ဆိုးရွားတဲ့ အရပ်ကလူတွေက ကိုယ့်ကိုယ်ကို ပြိုင်ဖက်ကင်းတဲ့သူတွေလို

လုပ်နေကြတယ်။ သူတို့က ဘာဆိုဘာမှ
သိနားလည်တာမဟုတ်ဘူး။
ခွန်အားနည်းနည်းရှိလာရုံနဲ့ သူတို့ကိုယ်သူတို့
ပြိုင်ဖက်ကင်းပြီလို့
နေကြတယ်။ ဘယ်လောက်ရယ်စရာကော
င်းပြီး ဝမ်းနည်းစရာကောင်းလိုက်တာလဲ"

ယန်ယွဲ့သည် လူတိုင်း၏ စကားသံများကို
နားထောင်ပြီး
တဟားဟားရယ်မောလိုက်သည်။ ထို့နောက်
ရှေ့သို့ ခြေလှမ်း ၂ လှမ်း တိုးလိုက်ကာ

“မင်းတို့အားလုံး အမှိုက်တွေ မဟုတ်ဘူးလား။ ဒါဆို ဘာလို့ ရှေ့တက်လာပြီး ငါ့ကို လာမတိုက်ခိုက်ကြတာလဲ"

အပြင်စည်းကျောင်းသားအားလုံး ငြိမ်ကျသွားကာ မျက်နှာအမူအရာများ သိသိသာသာပင်ဆိုးရွားလာခဲ့သည်။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့က "မင်းတို့ ငါ့ကို တစ်ယောက်ချင်းစီ မတိုက်ဝံ့ဘူးဆိုရင် မင်းတို့အားလုံးပေါင်းပြီး ငါတို့ကို

တိုက်ခိုက်လို့ရတယ်။
ဘယ်လိုလဲ....၊ ငါတို့ဖက်မှာ ၃
ယောက်ပဲရှိတယ်။ လူ ၃ ယောက်ကို
မင်းတို့လို ရာကျော်တဲ့လူအုပ်စုက
မတိုက်ခိုက်ရဲကြဘူးလား။ ငါ့အထင်
မင်းတို့က သေရမှာ
ကြောက်နေတယ်ထင်တယ်"

ဤအခိုက်အတန့်တွင် ကျူးရှန်၏
အမူအရာက အတော်လေးကို
ဆိုးရွားလှသည်။ ယန်ယွဲ့

မည်မျှသန်မာသည်ကို သူ
သေချာမသိသော်လည်း အန်နန်ကျင်း၏
ခွန်အားကိုတော့ ကောင်းကောင်းသိထား
သည်။ သူသည် အန်နန်ကျင်း
ထက်အဆင့်ကြီးတစ်ဆင့်ပိုမြင့်သော်လည်း
သူမကို အနိုင်ယူဖို့ လုံးဝယုံကြည်ချက်
မရှိခဲ့ပေ။ အစောပိုင်းက ခဏလောက်သာ
တိုက်ခိုက်ခဲ့သည့်တိုင် အန်နန်ကျင်း
မည်မျှကြောက်စရာကောင်းသည်ကို
ကောင်းကောင်းကြီး ခံစားမိခဲ့သည်။

အကယ်၍ သူသာ အန်နန်ကျင်းနှင့်

တိုက်ခိုက်ပါက

အပြင်စည်းကျောင်းသားအားလုံး ယန်ယဲ့နှင့်

ရှုဝူရှန်းတို့လက်ချက်ဖြင့်

အသတ်ခံရပါလိမ့်မည်။

အပြင်စည်းနည်းပြဆရာ သာ

ထွက်ပေါ်မလာခဲ့လျှင်

အပြင်စည်းကျောင်းသားအားလုံး

ငရဲရောက်နေလောက်ပြီ ဖြစ်သည်။

"ဘာလဲ၊ မင်းတို့ရဲ့
လျှာတွေပြတ်သွားပြီလား" ယန်ယဲ့က
သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့အားလုံး အမှိုက်တွေ
မဟုတ်ဘူးလား။ လာ.... ငါ့ကိုသက်သေပြ"

ယန်ယဲ့သည် ရုတ်တရက် တဟားဟားရယ်
မောလိုက်လေသည် "တကယ်တော့
မင်းတို့အားလုံး ကြောက်
စရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့
မင်းတို့က အမှိုက်တွေ ဖြစ်နေတာတောင်

နောက်ကွယ်မှာ ပိုအားကောင်းတဲ့
နည်းပြဆရာတွေ၊ အကြီးအကဲတွေနဲ့
တခြားအာဏာပိုင်တွေ ရှိနေသေးတယ်လေ။
သူတို့
အကာအကွယ်ပေးထားမှတော့ မင်းတို့အား
လုံးကို
သတ်ရင်တောင်သေမှာတဲ့လား။ မဟုတ်ဘူး!
မင်းတို့နောက်မှာ
အားကောင်းတဲ့သူတွေရှိနေလို့
အားလုံးအဆင်ပြေသွားလိမ့်မယ်။ ဟုတ်တ
ယ်မလား"

သို့သော်လည်း အားလုံးက
လူငယ်မျိုးဆက်များသာ ဖြစ်ရာ ဤကဲ့သို့
စော်ကားမော်ကားပြောဆိုသည်ကို
မည်သူမျှ သည်းမခံနိုင်ကြပေ။
အပြင်စည်းကျောင်းသားအုပ်ထဲမှ
တစ်ယောက်က ချက်ချင်း ဒေါသတကြီး
အော်ဟစ်လေသည် “မင်းကို သေတဲ့အထိ
တိုက်ခိုက်မယ်”

ထိုသို့အော်ဟစ်ပြီးသည်နှင့် ယန်ယဲ့ ဆီသို့ ပြေးဝင်လာခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများတွင် အေးစက်သော အလင်းတန်းတစ်ခု လင်းလက်လာပြီး နေရာ၌ပင် ပျောက်ကွယ်သွားသည်။

ဘုန်း!

ပေါက်ကွဲသံတစ်ချက် ပဲ့တင်ထပ်လာပြီး ပုံရိပ်တစ်ခုက

နောက်ပြန်လွင့်ထွက်သွားသည်။
လွင့်ထွက်သွားသူက
ထိုကျောင်းသားမဟုတ်ဘဲ ယန်ယဲ့
ဖြစ်နေသည်။

ယန်ယဲ့သည် မီတာ ၃၀၀ နီးပါး အနောက်သို့
လွင့်ပျံသွားပြီး နောက်ဆုံးမှသာ
ရပ်တန့်လိုက်နိုင်သည်။ သူ့ရင်ဘတ်တွင်
လက်ဝါးရာကြီးတစ်ခု ရှိနေသည်။
ဤအခိုက်တွင် အန်နန်ကျင်းသည် ယန်ယဲ့
ဘေးနားတွင် ပေါ်လာပြီး သူမ၏

မျက်လုံးများတွင် ဖုံးကွယ်မထားသော
သတ်ဖြတ်လိုစိတ်များရှိနေလေသည်။

"ဒီမြင်ကွင်းကို ငါ
မခံနိုင်တော့ဘူး" ဤအချိန်တွင်
ကြိုးမျှင်ဝတ်ရုံအဘိုးအိုတစ်ယောက်က
လေထဲ၌ ပေါ်လာခဲ့သည်။ သူက
ကောင်းကင်အထက်တစ်နေရာသို့
မျှော်ကြည့်ရင်း "ဟေး...
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲထဲက
လူအိုကြီးတွေ၊ မင်းတို့က

လူငယ်မျိုးဆက်ပြိုင်ပွဲအတွက်
ဗဟိုနတ်ဘုရားစီရင်စုက
အင်အားစုအသီးသီးကို
ဖိတ်ခေါ် ခဲ့တာမဟုတ်လား။ ဟုတ်ပါတယ်၊
ဒါငါနဲ့မဆိုင်ပါဘူး။ ဒါပေမဲ့ မင်းတို့က
ဂျူနီယာမျိုးဆက်တွေကို အနိုင်ကျင့်ဖို့
ငါတို့ကို ဒီနေရာ ဖိတ်ခဲ့တယ်ဆိုရင် ငါက
ငါ့ဂိုဏ်းကို ပြန်တော့မယ်"

ကောင်းကင်အထက်က တစ်ခဏမျှ
တိတ်ဆိတ်သွားပြီးနောက် အသံတစ်သံ

ထပ်မံထွက်ပေါ်လာပြန်သည်

“အပြင်စည်းကျောင်းသားတွေအားလုံး၊ အကယ်ဒမီကို ပြန်လာခဲ့ကြ။ ငါ့အမိန့်မပါဘဲ အကယ်ဒမီပြင်ပကို ဘယ်သူမှ မထွက်ရဘူး။ ယန်ယွဲ့၊ ငါ့ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက မင်းကို အနိုင်ကျင့်မှာမဟုတ်ဘူး။ မင်းမှာ အရည်အချင်းရှိရင် အခုကစပြီး နောက် ၂ ရက်ကြာရင် သတ်ပစ်လိုက်။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ မင်းမှာ အခွင့်အရေး ရှိမှာ မဟုတ်ဘူး"

"သွားကြရအောင်" ကျူးရှန်က ယန်ယဲ့တို့ အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် လှည့်ထွက်သွားသည်။အခြားသော အပြင်စည်းကျောင်းသားများလည်း သူ့နောက်ကနေ ကမန်းကတန်း လိုက်ပါသွားကြသည်။

"ကျေးဇူးတင်ပါတယ် ...စီနီယာ" ယန်ယဲ့သည် အဘိုးအိုအား လက်သီးဆုပ်လျက်အရိုအသေပြုလိုက်၏။

အဘိုးအိုက ယန်ယဲ့ နှင့် အန်နန်ကျင်း
တို့အား ဝေ့ဝဲကြည့်လိုက်ပြီး
“ငါပြောရမယ်။ မင်းတို့နှစ်ယောက်လုံး
ထင်းရှူးစီရင်စုကနေ
ဘယ်လိုများပေါ်လာတယ်ဆိုတာ
စိတ်ကူးရခက်တယ်။ နှစ်ယောက်လုံးက
မဆိုးပါဘူး” ဤအချိန်တွင် အဘိုးအိုက
ရှုဝူရှန်းကို ရုတ်တရက် ကြည့်လိုက်ပြီး
"မင်းလည်း မဆိုးပါဘူး"ဟု
ထပ်ပြောလိုက်လေသည်။

ရှုဝူရှန်းက အဘိုးအိုကို
မသိမသာစိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။

ဤအတောအတွင်း အဘိုးအိုက ခေါင်းခါပြီး
“ကံမကောင်းစွာပဲ၊ မင်းတို့အားလုံး
အသက်ရှည်မှာ မဟုတ်ဘူး” ဟု
ဆက်ပြောခဲ့သည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "စီနီယာ
ဘာကိုဆိုလိုတာလဲ"

အဘိုးအိုက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
"ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ပြိုင်ပွဲကို
ကြည့်ဖို့ မရေမတွက်နိုင်တဲ့ လူတွေကို
ဖိတ်ထားတယ်။ သူတို့ဘာကြောင့်ဒီလိုလုပ်
တာလဲ။ သူတို့ရဲ့ရည်ရွယ်ချက်
အစစ်အမှန်ကို ငါလည်းမသိဘူး။ ဒါပေမယ့်
သူတို့က မင်းတို့ ၃ ယောက်ကို အနိုင်ရဖို့ခွင့်
မပြုဘူးဆိုတာတော့ သိသာတယ်။ ပြီးတော့
မင်းတို့သုံးယောက် လုံးကို လုံးဝ
အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး။ မဟုတ်ရ

င် သူတို့ကိုယ်သူတို့ အရှက်ရစေမှာ မဟုတ်ဘူးလား"

ယန်ယဲ့လည်း ငြိမ်ကျသွားသည်။ အမှန်စင်စစ် ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ဗဟိုနတ်ဘုရားစီရင်စု၏ အင်အားစုတိုင်းကို ဖိတ်ခေါ်ထားကြောင်း သိပြီးနောက် ထူးခြားမှုကို တွေးမိခဲ့သည်။ သို့သော်လည်း သူ့တွင် ရွေးချယ်စရာမရှိပေ။ မည်မျှပင်

အန္တရာယ်များနေပါစေ လုံးဝကို
အရောက်လာရပေမည်။

"တကယ်တော့ သမင်ဖြူအကယ်ဒမီဟာ
ကိုယ့်ဘာသာကိုယ်
ပျက်စီးရာပျက်စီးကြောင်းလုပ်နေတာပါ"
အဘိုးအိုက ခေါင်းယမ်းကာ
“လွန်ခဲ့တဲ့နှစ်တွေတုန်းကဆိုရင်
သမင်ဖြူအကယ်ဒမီက လုံးဝကို
အထွတ်အထိပ်ပဲ။ နောက်ပိုင်းမှာ
အတွင်းပိုင်းကွဲပြီး

အတွင်းရေးပဋိပက္ခတွေကြောင့် အင်အားက ဆက်တိုက်ကျဆင်းသွားခဲ့တယ်။ ကောင်းပြီ၊ ဒါကိုပြောနေတာက အဓိပ္ပာယ်မရှိသလောက်ပါပဲ” အဘိုးအို၏ခန္ဓာကိုယ်သည် အနည်းငယ် တုန်လှုပ်သွားပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အဘိုးအိုထွက်သွားသည်နှင့် တပြိုင်နက် သုံးယောက်စလုံး ငြိမ်သက်သွားကြသည်။

ယန်ယဲ့သည် ရှုဝူရှန်းကို စူးစိုက်ကြည့်ပြီး "တကယ်တော့ မင်းဝင်ပါဖို့ မလိုအပ်ပါဘူး"

ရှုဝူရှန်းက အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး "ငါက ဝန်ထုပ်ဝန်ပိုးလို့ မင်းတကယ်မထင်ဘူးမဟုတ်လား။ စိတ်မပူပါနဲ့၊ ငါတို့တကယ် တိုက်ပွဲဝင်ရင် မင်းငါ့ကို ဂရုစိုက်နေစရာမလိုဘူး။ အရာအားလုံးကို ငါကိုယ်တိုင်ပဲဖြေရှင်းမယ်”

ယန်ယဲ့က ခေါင်းယမ်းပြီး

လေးလေးနက်နက်ပြောလိုက်လေသည် "

ရိုးရိုးသားသားပြောရရင်

ငါတို့ရင်ဆိုင်ရမယ့်တိုက်ပွဲတွေမှာ

ငါတို့အနိုင်ရမဲ့အခွင့်အရေးရှိမယ်လို့

ငါမယုံဘူး။ ခုနအဘိုးကြီးရဲ့စကားကို

သေချာကြားလိုက်လား။ အဲဒီလူတွေက

ငါတို့နဲ့ရင်ဆိုင်တဲ့အခါ

စည်းမျဉ်း၊စည်းကမ်းတွေကို

လျစ်လျူရှုတာမျိုး ဖြစ်လာနိုင်တယ်”

ရှုဝူရှန်းက ခဏလောက်လေးလေးနက်နက်
စဉ်းစားပြီးမှ ပြန်ပြောသည်
“သမင်ဖြူအကယ်ဒမီရဲ့ကျောင်းသားတွေရဲ့
သွေးတွေက ငါ့လက်ထဲ
ရောက်နေပြီ။ အခုကျမှတော့
အဆုံးထိရောက်အောင် ဆက်သွားဖို့ပဲ
ရှိတော့တယ်၊
တခြားရွေးချယ်စရာမရှိတော့ဘူးလေ။ မဟု
တ်ရင် ငါထွက်သွားပြီးတာနဲ့ ငါ့ကိုသတ်ဖို့
အကြောင်းပြချက်တွေ ပေးလာလိမ့်မယ်”

ယန်ယဲ့က ရှုဝူရှန်းကို ခဏကြာ
စိုက်ကြည့်ပြီး "မင်းရဲ့အဖေက မင်းကို
ဘာလို့ ငါနဲ့ တွဲခိုင်းထားတာလဲ ငါမသိဘူး၊
ငါတို့က အခု မိတ်ဆွေတွေဆိုတော့
ကောင်းကောင်း အတူတူ လုပ်ကြရအောင်"

၁၃၆၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၆၀ - သူနဲ့ဘာဆိုင်လို့လဲ

ရှုဝူရှန်းက ယန်ယဲ့ကိုကြည့်ကာ "စိတ်မပူပါနဲ့
ငါမင်းကို မကောင်းကြံမှာ
မဟုတ်ဘူး။ ငါ့ဝိညာဉ်ကို
ငါကျိန်ဆိုနိုင်တယ်"

ယန်ယဲ့က “မင်းလုပ်မယ်လို့
ငါမထင်ဘူး။ ငါ့အနားမှာ မင်းဆက်ရှိနေရင်
မင်းတကယ်သေသွားနိုင်သလို
ငါခံစားရတယ်"

ရှုဝူရှန်းက တဟားဟားရယ်ရင်း

“မင်းသိလား... ငါက

ဗဟိုနတ်ဘုရားစီရင်စုမှာ

သူရဲဘောကြောင်တဲ့သူတစ်ယောက်လို

ဖြစ်ခဲ့ဖူးတယ်။ ငါဒီလိုမလုပ်ဝံ့ဘူး။ အဘာ

ကြောင့်လဲဆိုတော့ ငါကြောက်နေခဲ့လို့။ ဒုက္ခ

ရောက်မှာကြောက်တယ်

! ဒီလောကမှာရှိနေတာက တကယ့်ကို

နာကျည်းမှုတွေ ပြည့်နှက်နေတဲ့

ဘဝတစ်ခုလို့တောင်

ဆိုနိုင်တယ်။ မင်းနဲ့အတူရှိနေတဲ့အချိန်က

အချိန်မရွေးသေနိုင်ပေမဲ့ အနည်းဆုံးတော့ ကြောက်လန့်စိတ်မရှိဘူး"

ယန်ယဲ့က "စိတ်မပူပါနဲ့။ မင်းသေရင် ငါသေချာပေါက် မင်းကို ကောင်းကောင်းမွန်မွန်နဲ့သင်္ဂြိုဟ်ပေးမယ်"

ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့် ရှုဝူရှန်းဟာ ချက်ချင်းပါးစပ်ပိတ်ထားလိုက်၏။

ဤအချိန်တွင် သမင်ဖြူမြို့ထဲမှ
ပုံရိပ်တစ်ခုထွက်လာလာပြီး
ဖျတ်ခနဲဆိုသလို သူတို့သုံးဦး
ရှေ့သို့ရောက်လာခဲ့သည်။

"ဖန်းယွမ် လား" ယန်ယဲ့သည်
ပုံရိပ်၏အသွင်အပြင်ကိုမြင်သောအခါ
အနည်းငယ်အံ့သြသွားသည်။ အကြောင်းမှာ
ထိုပုံရိပ်က သူနှင့် တွေ့ဆုံခဲ့ဖူးသော
စာပေပညာရှင်အဖွဲ့ခွဲ၏ ဖန်းယွမ် ဖြစ်
နေသောကြောင့်ပင်။

ဖန်းယွမ်က ယန်ယဲ့ကို စိုက်ကြည့်ရင်း
"မင်းတကယ်ရောက်လာခဲ့တာပဲ"

ယန်ယဲ့က "အခုဘာလိုသေးလဲ"

ဖန်းယွမ်က ယန်ယဲ့အား
လေးလေးနက်နက်ဖြင့်
အချိန်တော်တော်ကြာအထိ ကြည့်လိုက်ပြီး
ခဏနေမှ "ငါနဲ့ မြို့ထဲကို လိုက်ခဲ့ပါ"

ယန်ယဲ့လည်း မငြင်းပေ၊
ခေါင်းညိတ်လိုက်ပြီး သူတို့သုံးယောက်စလုံး
ဖန်းယွမ်နှင့်အတူ သမင်ဖြူမြို့ထဲသို့
ဝင်လာကြသည်။

ဖန်းယွမ်က သူတို့အဖွဲ့ကို တိမ်အင်မော်တယ်
ဟုခေါ်သော ခန်းမ တစ်ခုဆီ
ခေါ်သွားခဲ့သည်။ ခန်းမထဲ ဝင်လိုက်သည်နှင့်
အဖြူရောင်ဝတ်ရုံလူ ၂ ယောက်က
ချက်ချင်း နှုတ်ဆက်လာခဲ့သည်။

အဖြူရောင်ဝတ်ရုံလူတစ်ယောက် “သူက ယန်ယဲ့ လား" ဟုမေးလေသည်။

ဖန်းယွမ်က ခေါင်းညိတ်ပြီး "ဒီည အိပ်စက်ဖို့ မေ့ထားပြီး သတိနဲ့ ကျင့်ကြံလိုက်ရအောင်"

နှစ်ယောက်စလုံး ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြကာ ထွက်သွားကြသည်။

ဤအချိန်တွင် ယန်ယဲ့သည်
ခန်းမပတ်ပတ်လည်၌
လူပေါင်း(၁၀၀)ကျော်သည် ရုတ်တရက်
ပေါ်လာသည်ကို သတိပြုမိခဲ့သည်။
ထို့အပြင် အားလုံး၏ အောက်ရာက
အလွန်သိပ်သည်းပြီး
အစွမ်းထက်အငွေ့အသက်များပင်
ပျံ့လွင့်နေလေသည်။

ဖန်းယွမ်က နောက်လှည့်ကာ ယန်ယဲ့ကို
စိုက်ကြည့်လိုက်ပြီး "ဒီမှာ

အေးအေးဆေးဆေး အနားယူပြီး နောက် ၂ ရက်လောက်နေမှ ပြန်ထွက်လာပေါ့။ ဒီကြားထဲ မင်းကိုဘယ်သူမှ နှောင့်ယှက်မှာမဟုတ်ဘူး”

စကားပြောပြီးသည်နှင့် ခန်းမထဲကနေ လှည့်ထွက်သွားသည်။

ယန်ယဲ့က

"နတ်ကြိုးကြာတသ်ထောင်ဂိုဏ်းရဲ့

ကိုယ်စားလှယ်အုပ်စုက မြို့ထဲမှာလား ဒါမှမဟုတ် အကယ်ဒမီမှာလား"

ဖန်းယွမ်က ရပ်လိုက်ပြီး “သူတို့က မြို့တောင်ဖက် "မွေးရန့်ခန်းမ"မှာ ရှိတယ်။ မင်းသူတို့ကိုသိလို့လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဖန်းယွမ်က ယန်ယဲ့ကို အနည်းငယ်ထူးဆန်းသည့်ပုံစံဖြင့်

တစ်ချက်ကြည့်လိုက်ပြီးနောက်
လှည့်ထွက်သွားသည်။

ဖန်းယွမ် ထွက်သွားပြီးနောက် ရှုဝူရှန်းက
ရုတ်တရက် စကားစလာခဲ့သည်
“ငါ့စိတ်ထဲမှာ သမင်ဖြူအကယ်ဒမီနဲ့
ပတ်သတ်ပြီး တစ်ခုခုတော့
လွဲနေတယ်။ကြီးကြီးမားမား တစ်ခုခု
ဖြစ်လာတော့မှာ သေချာနေပြီ”

ယန်ယဲ့လည်း
ခေါင်းညိတ်လိုက်သည်။ ဤအခိုက်တွင်
လေထုက အနည်းငယ်
လျော့ကျသွားသည်ကို သူ
သတိပြုမိလိုက်လေသည်။ ခဏအကြာတွင်
ခေါင်းယမ်းကာ "အဲဒါကို
ငါတို့စိတ်ပူစရာမလိုဘူး၊ဒီ ၂
ရက်အချိန်တွင်းမှာ
ကောင်းကောင်းလေ့ကျင့်ပြီး
အားပြန်ဖြည့်ထားဖို့ပဲ။ ငါတို့ ရှေ့မှာ
ခက်ခဲတဲ့ တိုက်ပွဲ စောင့်ကြိုနေတယ်"

အန်နန်ကျင်း နှင့် ရှုဝူရှန်း
တို့နှစ်ယောက်လုံးလည်း
ခေါင်းညိတ်လိုက်ကြသည်။

...

ညဥ့်နက်အချိန်....။

ယန်ယွဲ့သည် တိမ်အင်မော်တယ်ခန်းမမှ
ထွက်လာခဲ့သည်။ ဓားနယ်မြေနှင့်
အမှောင်တာအိုဥပဒေသကိုသုံးပြီး

သူ့ကိုယ်သူ ဖုံးကွယ်ထားသဖြင့် မည်သူမျှ

သတိပြုမိဖို့ရာ မဖြစ်နိုင်ပေ။

ယန်ယဲ့သည် မွှေးရနံ့ခန်းမသို့

ရောက်ရှိလာပြီး သူ၏ စိတ်အာရုံအသိကို

ထုတ်လွှတ်၍ အနီးပတ်ဝန်းကျင်ကို

စစ်ဆေးကြည့်လိုက်သည်။ ထို့နောက်

ခဏအကြာတွင် သူ့ပုံရိပ်က

ဖျတ်ခနဲဆိုသလို

နေရာမှာပင်ပျောက်ကွယ်သွားခဲ့သည်။

မွေးရန့်ခန်းမထဲရှိ အခန်းတစ်ခုထဲတွင်မူ
ရှောင်ယုရှီက မျက်လုံးများကိုမှိတ်ထားပြီး
ကုတင်ပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်နေသည်။ ဤအခိုက်
တွင် အခန်းထဲ၌
လူတစ်ယောက်ရှိနေသည်ကို
သတိထားမိပြီး သူမ၏မျက်လုံးများသည်
ရုတ်တရက် ပြူးကျယ်သွားသည်။

ရှောင်ယုရှီက တိုက်ခိုက်ဖို့ပြင်လိုက်စဉ်
ထိုလူက ရုတ်တရက် "မင်းရဲ့

ရင်ဘတ်အောက်နားမှာ မှဲ့တစ်လုံး ရှိတယ်”

ဟု ပြောလိုက်လေသည် "ဒါ့အပြင် မင်းရဲ့

အစာအိမ်အောက်

စင်တီမီတာအနည်းငယ်အကွာမှာအမာရွတ်

သေးသေးလေးတစ်ခုရှိတယ်။

လက်ညိုးအရွယ်လောက်ရှိတယ်။ မင်းဟာ

ကျင့်ကြံနေရင်းနဲ့ အာရုံစူးစိုက်မှု

ပျက်ပြယ်သွားတဲ့အခါတိုင်း ကိုယ့်ကိုယ်ကို

သတိလက်လွတ်မဖြစ်ဖို့ အဲဒါကို

မဖယ်ရှားခဲ့ဘူး။ မင်းရဲ့ပေါင်အတွင်းပိုင်းမှာ လည်းရှိတယ်...."

"ပါးစပ်ပိတ်ထား" ရှောင်ယုရှီက ရုတ်တရက် ဒေါသတကြီးအော်ဟစ်လိုက်ရာ သူမ၏မျက်လုံးများသည် ထိတ်လန့်အံ့သြမှုတို့ဖြင့် ပြည့်နှက်နေသည်။

ရှောင်ယုရှီက ယန်ယွဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ကာ

သူမ၏လက်ကိုယမ်းလိုက်ပြီး လက်ထဲတွင်
ဓားတစ်ချောင်း ပေါ်လာလေသည်။

ယန်ယွဲ့သည် စကားမပြောသေးဘဲ
တိတ်ဆိတ်စွာဖြင့်သာ သူမကို
စိုက်ကြည့်နေသည်။

နှစ်ယောက်သား
တစ်ယောက်နှင့်တစ်ယောက်
ခဏလောက်ကြာထိ
စိုက်ကြည့်နေလေသည်။ ရှောင်ယုရှီက

လေးနက်သောလေသံဖြင့် ပြောလိုက်၏
"ဘယ်သူလဲ....၊ နင်က  ဘယ်သူလဲ"

ယန်ယဲ့က "မင်းက ငါ့ဇနီးဆိုတော့
ငါဘယ်သူလို့ထင်လဲ"

"သေချင်နေတာလား" ရှောင်ယူ့ရှီ၏
မျက်လုံးများ သည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
ရှောင်ယူ့ရှီ ဆီကို လျှောက်သွားပြီး
"အတိတ်ကို မှတ်မိလား"

ရှောင်ယူ့ရှီက ယန်ယဲ့ကို အချိန်အကြာကြီး
စိုက်ကြည့်ရင်း "မသိဘူး"

ယန်ယဲ့၏ မျက်လုံးများသည် နာကျင်မှုတို့
ထွက်ပေါ်လာပြီး "မင်းတစ်ခုခုဖြစ်သွားတာ
သေချာတယ်။ယူ့ရှီ၊ ငါ တောင်းပန်ပါတယ်၊
ငါမင်းကို အဲဒီနေ့က သွားခွင့်မပြုသင့်ဘူး"

ရှစ်!

ရှောင်ယုရှီ၏ လက်ထဲမှဓားက

အရောင်တစ်ချက်လက်သွားပြီးနောက်

ယန်ယဲ့၏လည်ပင်းပေါ်

ဖိကပ်သွားသည်။ သူမက ယန်ယဲ့ကို

အေးစက်စွာကြည့်ကာ

“ထပ်ပြောပါရစေ။ နင့်ကိုငါမသိဘူး"

ယန်ယဲ့က သူမနှင့် မျက်လုံးချင်း တည့်တည့်ကြည့်ရင်း "ဒါဆို မင်းနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်အားလုံးကို ငါဘာလို့သိတာလဲ"

ရှောင်ယုရှီ၏ မျက်လုံးများသည် သတ်ဖြတ်လိုစိတ်ဖြင့် အေးစက်စက်တောက်ပလာပြီး "ငါလည်း ဒါကိုသိချင်နေတာပဲ"

“အတိတ်ကို မမှတ်မိတော့တဲ့အတွက်
ပြောပြခွင့်ပြုပါ။ မင်းဟာ ငါ့ဇနီးပဲ"

ယန်ယဲ့ပြောပြီးသည်နှင့် ရှောင်ယုရှီက
သူမ၏ဓားကို ရုတ်တရက်
လှုပ်ယမ်းကိုင်လိုက်သည်။

ချွင်!

ယန်ယဲ့သည် နောက်သို့
ခြေလှမ်းအနည်းငယ်ဆုတ်သွားကာ

သူ့လည်ချောင်းတွင်
အနီရောင်အစင်းကြောင်းများ ရှိနေသည်။
သို့သော်လည်း ဓားက သူ၏အရေပြားကို
မထိုးဖောက်နိုင်ခဲ့ပေ။

ဤမြင်ကွင်းကြောင့် ရှောင်ယုရှီ၏
မျက်လုံးများက ထိတ်လန့်မှုများ
ပေါ်လာလေသည်။ ပြောရလျှင် ယန်ယဲ့၏
ရုပ်ခန္ဓာအကာအကွယ်က
ဤမျှကြောက်စရာကောင်းနေမည်ဟု
မမျှော်လင့်ထားပေ။

ယန်ယွဲ့သည် သူ့လည်ချောင်းမှ
အနီရောင်အစင်းကြောင်းကို တို့ထိလိုက်ပြီး
"မင်းငါ့ကို သတ်ဖို့ကြိုးစားမယ်လို့
ငါဘယ်တုန်းကမှ
စိတ်ကူးမယဉ်ခဲ့ဖူးဘူး။ ဒါပေမဲ့ ငါ မင်းကို
အပြစ်မတင်ပါဘူးလေ။ စိတ်မပူပါနဲ့
မင်းရဲ့အမှတ်တရတွေကို ပြန်ရအောင်
ငါကူညီပေးမယ်"

"နင့်မှာ ဒီလိုလုပ်ဖို့ အခွင့်အရေးမရှိမှာကို
ငါစိုးရိမ်မိတယ်" ဤအချိန်တွင်

အေးစက်စက်အသံတစ်ခု ထွက်ပေါ်လာသည်။ ယန်ယဲ့သည် ထိုအသံကို ကြားသည်နှင့် လင်းယွဲ့ရင် ဖြစ်ကြောင်း သိလိုက်၏။

ယန်ယဲ့သည် အခန်းထဲမှ ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။ လင်းယွဲ့ရင်၏ နံဘေး၌ အခြားအမျိုးသမီး ၃ ယောက်ပါ ရှိနေပြီး အားလုံးက ယန်ယဲ့အား အေးစက်စွာ စိုက်ကြည့်နေကြသည်။

လင်းယွဲ့ရင်က အေးစက်စက်လေသံဖြင့်
ပြောလိုက်လေသည် "နင့်ရဲ့ရဲတင်းမှုက
ငါ့မျှော်လင့်ထားတာထက်တောင်
ကျော်လွန်နေပါလား။ နင်ရ
လမ်းတစ်လျှောက်လုံး ငါတို့နောက်ကို
လိုက်လာမယ်လို့ ငါ ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး"

ယန်ယွဲ့က "ငါတို့
စကားကောင်းကောင်းပြောလို့ရမလား"

"နင်လိုလူနဲ့ထိုက်တန်ရဲ့လား" လင်းယွဲ့ရင်က
အထင်အမြင်သေးစွာဖြင့်
"နင်သိအောင်ပြောရရင်
တစ်ယောက်ယောက်က ယုရှီကို
လိုက်နေပြီ။ အဲဒါက မိုယွန်ထျန်း
လို့ပြောပါရစေ။ သူက ဘယ်သူလဲ
သိလား။ သူက
သိုင်းပညာအဆင့်သတ်မှတ်ချက်ရဲ့အဆင့်
၃၅ ပညာရှင်ပဲ။ နင်ကရော...
နင့်ကိုယ်နင်ဘာထင်နေတာလဲ။ ယုရှီကို

လိုက်ဖို့ ဘာအခွင့်အရေးရှိလဲ။ နင့်ရဲ့
အကန့်အသတ်ကို မသိတာလား"

ယန်ယဲ့က “မင်းသူ့ကို
အရမ်းကာကွယ်ပေးလို့
အရမ်းပျော်မိပါတယ်။ ဒါပေမဲ့ အခုက
ငါတို့ကြားမှာ ဖြစ်နေတဲ့အတွက် ငါတို့ကိုယ်
တိုင် ဖြေရှင်းနိုင်မလား"

"ယုရှီရဲ့ကိစ္စက
ငါ့နတ်ကြိုးကြာတစ်ထောင်ချီဂိုဏ်းရဲ့

ကိစ္စပဲ"

လင်းယွဲ့ရင်က  အေးစက်စွာပြောခဲ့သည်

"သူမက မကြာခင်မှာ မိုယွန်ထျန်း

အပိုင်ဖြစ်လာတော့မယ်။

ဒါကို ဘယ်သူမှ မပြောင်းလဲနိုင်ဘူး"

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ်

မှိတ်သွားကာ "မင်းပြောတဲ့ ဒီစကားကိုတော့

ငါကြားရတာ သိပ်မကြိုက်ဘူး"

"ဘာဖြစ်သလဲ" လင်းယွဲ့ရင်က "နင့်လို သူတော်စင်တစ်ပိုင်းအဆင့်ကများ....” ဟု အထင်အမြင်သေးစွာဖြင့် ပြောလိုက်သည်။

"အကြီးအကဲလင်း" ရှောင်ယုရှီက ရုတ်တရက် စကားဖြတ်ပြောလိုက်၏ "ဒါက ငါတို့ကြားမှာဖြစ်နေတာပဲ။ ငါတို့ကိုယ်တိုင်ပဲ ဖြေရှင်းလိုက်မယ်"

ယန်ယဲ့သည် ရှောင်ယုရှီကို
တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့လက်ကို
ဖြည်းညှင်းစွာ ဖြေလျှော့လိုက်သည်။

"ယုရှီ" လင်းယွဲ့ရင်က မျက်နှာပျက်သွားကာ
"သူဘယ်သူလဲဆိုတာ ငါမသိဘူး၊ ငါ
သိလည်းမသိချင်ဘူး။အစ်ကိုကပြောပြချင်တာ
က နင်နဲ့ မိုယွန်ထျန်း တို့ရဲ့ပေါင်းစည်းမှုဟာ
နင်နဲ့သာသက်ဆိုင်တာမဟုတ်ဘူး၊
ငါတို့နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းနဲ့လည်း
သက်ဆိုင်နေတယ်။ ဒါ့အပြင် သခင်လေးမို

က နင့်ကို အတော်လေး

နှစ်သက်သဘောကျနေတာ။ ဒါကြောင့်

နင်သာ တခြားယောကျ်ားတစ်ယောက်နဲ့

အတူရှိနေတယ်ဆိုတာ သိသွားရင် သူ

စိတ်ထိခိုက်မှာ မဟုတ်ဘူးလား"

"သူ စိတ်ထိခိုက်သွားမှာလား" ယန်ယဲ့က

တဟားဟားရယ်ရင်း "ဒါက သူနဲ့

ဘာဆိုင်လို့လဲ"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၆၁ - ခါတိုင်းလိုသာဆိုရင် မင်းကို သတ်ပြီးနေပြီ

"နင် ဒီလောက် မောက်မောက်မာမာနဲ့ပြောဖို့ ဘယ်ကသတ္တိတွေရလာမှန်း ငါမသိဘူး" လင်းယွဲ့ရင်က ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဒါပေမဲ့ နင်သူနဲ့ယှဉ်ရင်

ပုရွက်ဆိတ်ထက် အားနည်းတယ်ဆိုတာ
သဘောပေါက်သင့်တယ်"

ဤအချိန်တွင် ရှောင်ယုရှီက လင်းယွဲ့ရင်ကို
ရုတ်တရက် စိုက်ကြည့်ကာ
"အကြီးအကဲလင်း၊ ဒါက ငါတို့ကြားထဲက
ကိစ္စလို့
ငါပြောခဲ့တယ်လေ။ ငါ့ကိုယ်ရေးကိုယ်တာ
ကိစ္စတွေကို
ကိုင်တွယ်ဖြေရှင်းပိုင်ခွင့်မရှိဘူးလား”

လင်းယွဲ့ရင်က သူမကို
တစ်ချက်ကြည့်လိုက်ပြီး အေးစက်စွာ
ညည်းညူရင်း "ယုရှီ၊ နင်က ကိုယ့်ကိုယ်ကို
လေးစားမှုတစ်ခုတော့ ရှိမယ်လို့
ငါမျှော်လင့်တယ်" ထိုစကားပြောပြီးသည်နှ
င့် ယန်ယဲ့ကို
အေးစက်စွာစိုက်ကြည့်လိုက်ပြီး အမျိုးသမီး
၃ ယောက်နှင့်အတူ ထွက်ခွာသွားသည်။

လင်းယွဲ့ရင် ထွက်သွားပြီးသည်နှင့်
ယန်ယဲ့သည် ရှောင်ယုရှီကို စိုက်ကြည့်ကာ

"အတိတ်တုန်းကဆိုရင် မင်းငါ့ကို
ဒီလိုပြောဖို့နေနေသာသာ
မင်းရဲ့ခြားနဲ့တောင်ရွှယ်မှာမဟုတ်ဘူး"

ရှောင်ယုရှီက "ငါနင့်ကို
တကယ်မမှတ်မိဘူး"

"ဒါက မင်းရဲ့မှတ်ဉာဏ်တွေ
ဆုံးရှုံးသွားလို့ပါ" ယန်ယဲ့က
ဆက်ပြောလိုက်သည် "
သမင်ဖြူအကယ်ဒမီက ကိစ္စတွေပြီးတာနဲ့

မင်းရဲ့မှတ်ဉာဏ်တွေကို
ပြန်ရနိုင်မယ့်နည်းလမ်းတစ်ခု
ငါရှာတွေ့မှာပါ။ ဒါ့အပြင် မင်းက အဲဒီ
နတ်ကြိုးတစ်ထောင်ဂိုဏ်းမှာ
အဆင်ပြေရဲ့လား။ ကြည့်ရတာတော့
သူတို့က မင်းကို
ကောင်းကောင်းဆက်ဆံတဲ့ပုံမပေါ်ဘူး”

ရှောင်ယုရှီက "ဒါက ငါ့ကိုယ်ပိုင်ကိစ္စပဲ"

ယန်ယွဲ့သည် နေရာတွင် ရုတ်တရက်ပျောက်သွားပြီး ပြန်ပေါ်လာသည်နှင့် ရှောင်ယုရှီ၏ ရှေ့ကိုရောက်သွားသည်။ ရှောင်ယုရှီက ဒေါသထွက်သွားပြီး တိုက်ခိုက်ဖို့ပြင်လိုက်သော်လည်း ယန်ယွဲ့၏လက်နှစ်ဖက်က သူမ၏ ပုခုံးနှစ်ဖက်ပေါ် ဆတ်ခနဲဖိချလိုက်လေသည်။ ထို့နောက်တွင် သူမ၏ခန္ဓာကိုယ်လေးက တောင့်တင်းသွားကာ တုတ်တုတ်မျှပင် မလှုပ်နိုင်တော့ပေ။ ယန်ယွဲ့သည် သူမကို

စိုက်ကြည့်ကာ "ယုရှီ၊ မင်းရဲ့ကိစ္စက ငါ့ကိစ္စဆိုတာကို သတိရပါ။ မင်းကို ဒီလိုပြောဖို့က အခိပ္ပါယ်မရှိဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ မင်းအနားမှာ ငါအမြဲရှိနေမယ်ဆိုတာ မင်းသတိရနေရမယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့သည် သူမကို လွှတ်ပေးလိုက်ပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

...

ယန်ယဲ့သည် မွေးရနံ့ခန်းမကနေ
ထွက်လာပြီးနောက် တစ်စုံတစ်ယောက်က
သူ့လမ်းကို ရုတ်တရက် ပိတ်ရပ်ထားသဖြင့်
ရှေ့ဆက်မသွားဘဲ ရပ်လိုက်ရသည်။ သူ့ကို
တားဆီးခဲ့သူက အခြားသူမဟုတ်ပေ၊
လင်းယွဲ့ရင် သာဖြစ်သည်။

လင်းယွဲ့ရင်က
အေးစက်စက်ပြောလိုက်လေသည် "နင့်ကို

ကောင်းကင်မြို့တော်မှာကတည်းက
သတ်ခဲ့သင့်တယ်"

ယန်ယဲ့က သူမကို
တစ်ချက်သာစိုက်ကြည့်လိုက်ပြီး
ဂရုမစိုက်ဘဲ
လှည့်ပတ်သွားဖို့ရည်ရွယ်သည်။
သို့သော်လည်း လင်းယွဲ့ရင်က
သူ့လမ်းကြောင်းကို ထပ်မံပိတ်ဆို့ထားပြီး
“ဒီအတိုင်းထွက်သွားချင်....”

ယန်ယဲ့က သူမရှေ့တွင် ရုတ်တရက်ပေါ်လာ
သောကြောင့် လင်းယွဲ့ရင်အသံသည်
တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ သူမက
ယန်ယဲ့ကို တိုက်ခိုက်ဖို့ပြင်လိုက်စဉ်
ရုတ်ချည်းဆိုသလို မျက်နှာအမူအရာ
ပြောင်းလဲသွားပါတော့သည်
။ ထို့နောက်တွင်
ကြောက်မက်ဖွယ်ကောင်းသော
စိတ်ဆန္ဒဖိအားက လင်းယွဲ့ရင် အပေါ်
ရုတ်တရက်ဖိချလိုက်ကာ
သူမ၏ခန္ဓာကိုယ်အား

ခဏကြာတောင့်တင်းသွားစေသည်။
တစ်ချိန်တည်းမှာပင် ပြင်းထန်အားပါသော
လက်ဝါးတစ်ချက်က လင်းယွဲ့ရင်၏
ညာဖက်ပါးပြင်ကို ဖြတ်ရိုက်ချခဲ့သည်။

ဖြောင်း!

ပါးရိုက်သံက
တိတ်ဆိတ်သောညကောင်းကင်ယံတွင်
ကျယ်လောင်စွာ ပဲ့တင်ထပ်သွားသည်။
လင်းယွဲ့ရင်က လွင့်ပျံသွားသော်လည်း

ယန်ယဲ့သည် သူမရှေ့တွင်ထပ်ပေါ်လာပြီး နောက်တစ်ကြိမ် ဖြတ်ရိုက်လိုက်ပြန်သည်။

ဖြောင်း!

လင်းယွဲ့ရင်၏ ခန္ဓာကိုယ်က နောက်တစ်ကြိမ်လွင့်ပျံသွားကာ ၁ ကီလိုမီတာလောက်ရောက်မှ ရပ်တန့်သွားသည်။ သို့သော် ယန်ယဲ့သည် သူမရှေ့တွင် ရုတ်တရက် ပေါ်လာခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင်မူ

လင်းယွဲ့ရှင်က ယခင်ကဲ့သို့
အံ့အားသင့်ခြင်းမရှိတော့ဘဲ
သူမ၏လက်ဝါးကို ဆန့်ကာ လျင်မြန်စွာ
ပုတ်လိုက်သည် ။

ယန်ယဲ့သည် လင်းယွဲ့ရှင်၏ လက်ဝါးကို
မရှောင်ဘဲ သူ့ရှင်ဘတ်အား
ရိုက်ချခွင့်ပြုလိုက်သည်။

ဘမ်း!

လင်းယွဲ့ရင်၏ လက်ဝါးက ချက်ချင်း
တုန်ခါသွားသော်လည်း ယန်ယွဲ့သည်
တုတ်တုတ်မျှပင်
မလှုပ်ခဲ့ပေ။ လင်းယွဲ့ရင်သည်
ဒုတိယမြောက်
ထပ်မံယူအံ့သြသွားပြန်သည်။ သူမက
အလျင်အမြန်တိုက်ခိုက်ခဲ့သဖြင့်
ခွန်အားအပြည့်မသုံးထားသော်ငြားလည်း
သိုင်းသူတော်စင်စွမ်းအားဖြစ်သည်။
သို့သော်လည်း ယန်ယွဲ့အား အနည်းငယ်ပင်

ထိခိုက်မှုမဖြစ်စေခဲ့ပေ "ဒီကောင်က လူလား ၊ နဂါးလား"

ဤအချိန်တွင် ယန်ယွဲ့သည် သူ့လက်ကို ထပ်မြှောက်လိုက်ပြီး လင်းယွဲ့ရှင်၏ ပါးကို ထပ်မံ ရိုက်ချလိုက်သည်။

ဖူး!

လင်းယွဲ့ရှင်ဟာ ပါးစပ်ထဲမှ သွေးများ တဖြန်းဖြန်းအန်ထုတ်လိုက်ပြီး

အတော်ဝေးဝေးထိ လွင့်ပျံသွားကာ
နောက်ဆုံးမှ မြေပြင်ပေါ်သို့ ပြင်းထန်စွာ
လဲကျသွားခဲ့သည်။ ဤအခိုက်တွင်
ယန်ယဲ့သည် သူမရှေ့တွင် ပေါ်လာပြီး
လင်းယွဲ့ရှင်၏ ဗိုက်ကို ခြေထောက်ဖြင့်
တက်နင်းထားလိုက်သည်။

လင်းယွဲ့ရှင်သည် ယန်ယဲ့ကို
အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေသည်
" ငါလို သိုင်းသူတော်စင်တစ်ယောက်က

တကယ်ပဲ သူတော်စင်တစ်ပိုင်းအဆင့်ကို ရှုံးနိမ့်ခဲ့တာလား"

ယန်ယွဲ့သည် လင်းယွဲ့ရင် ကို ငုံ့ကြည့်ပြီးနောက် ညာလက်ကို ထပ်မံမြှောက်လိုက်ပြန်သည်။ လင်းယွဲ့ရင်၏ အမူအရာက ပြောင်းသွားပြီး သူမ ခေါင်းကို ဘေးသို့ အလိုလို ရွှေ့လိုက်မိသည်။ သို့သော် ယန်ယွဲ့သည် သူ့လက်ကို ပြန်ရုတ်လိုက်၏။

လင်းယွဲ့ရင်က ဤအရာကြောင့်
ရှက်ရွံ့သွားပြီး ခေါင်းမော့ကာ
ဒေါသတကြီးဖြင့် အော်ငေါက်လိုက်သည်
“နင်.... နင် ငါ့ကို လှည့်စားဝံ့တယ်။
နင်ဘယ်လိုလုပ်ဝံ့သလဲ”

ဖြောင်း!

ယန်ယွဲ့က လင်းယွဲ့ရင်ကို ထပ်မံ
ပါးရိုက်ချလိုက်ပြီး "မင်းကို မထိရင် ငါ
လှည့်စားနေတယ် လို့

မင်းပြောတာလား။ ဒီလိုမျိုးဆိုတော့ မင်းကို
လှည့်စားနေတယ်လို့ မပြောအောင်
ပါးရိုက်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိတော့ဘူးလေ"

ဖူး!

လင်းယွဲ့ရင်သည် ပါးစပ်ထဲမှ သွေးများ
နောက်တစ်ကြိမ်
အန်ထွက်လာပါတော့သည်။ ဒဏ်ရာ

ကြောင့်လား သို့မဟုတ် ဒေါသကြောင့်လား ဟူသည်တော့ မသိနိုင်ပေ။

ယန်ယဲ့က သူမကို ငုံ့ကြည့်ပြီး "ငါ မင်းနဲ့ ကောင်းကောင်းစကားပြောချင်ပေမဲ့ မင်းကိုကြည့်ရတာဆန္ဒမရှိပုံပဲ။ ဒါဆို ငါတို့ အခု ကောင်းကောင်း စကားပြောနိုင်ပြီလား"

လင်းယွဲ့ရင်က စကားမပြောဘဲနှင့် ယန်ယဲ့ကိုသာ တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

"ငါတို့စကားပြောနိုင်မလား"

ယန်ယဲ့၏လေသံက ရုတ်ချည်းပင်

အေးစက်သွားလေသည်။ ယန်ယဲ့၏

မျက်နှာပေါ်က

ကြမ်းကြုတ်သောအမူအရာများကို မြင်ပြီး

လင်းယွဲ့ရင်၏

သိမ်မွေ့သောခန္ဓာကိုယ်လေးဟာ

တုန်လှုပ်သွားပြီး အလိုလို

ခေါင်းညိတ်လိုက်သည်။

"အဲဒါပိုကောင်းတာမဟုတ်ဘူးလား" ယန်ယဲ့
က ခေါင်းညိတ်လိုက်ရင်း “အစတုန်းက
မင်းကို ကောင်းကောင်းစကားပြောဖို့
ရည်ရွယ်ထားတာလေ။ ဒါပေမဲ့ မင်းဟာ
ဒါကို ငြင်းပယ်ပြီး ဒီလိုနည်းလမ်းတွေသုံးဖို့
အတင်းအကြပ်လုပ်ခိုင်းတယ်။ ကောင်းပြီ၊
မင်းသဘောကျနေသရွေ့တော့
အဆင်ပြေတယ်။ ကဲ… အခုတော့
မေးခွန်းလေးတွေ မေးပါရစေ။ သူတို့ကို
အမှန်အတိုင်းဖြေပေးမယ်လို့
မျှော်လင့်ပါတယ်။ မင်းငါ့ကိုလိမ်ဝံ့ရင်

မင်းရဲ့အဝတ်တွေကို ငါဆုတ်ဖြဲပြီး
မြို့တံခါးအပြင်ဖက်မှာ
ချိတ်ဆွဲထားမယ်။ မှန်တယ်၊
ငါမင်းကိုအသက်ရှင်လျက်ထားမှာပါ။
ဒါပေမဲ့ မင်းသေချင်ရင်လည်းသေနိုင်တယ်”

လင်းယွဲ့ရင်၏ အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားကာ သူမ၏မျက်လုံးများတွင်
ထိတ်လန့်မှုများ
တစ်စတစ်စပေါ်လာပါတော့သည်။

ယန်ယဲ့က "ယုရှီက နတ်ကြိုးကြာတစ်ထောင်ဂိုဏ်းကို ဘယ်လိုရောက်လာတာလဲ"

လင်းယွဲ့ရင်က မပြောခင် ခဏလောက် တွန့်ဆုတ်နေခဲ့ပြီးမှ ပြောပြခဲ့သည် "အဲဒါက သိုင်းပညာဒေါ်လေးလင်း ပြန်ခေါ်လာခဲ့တာ။ ကျန်တာတော့ ငါလည်း ဘာမှမသိဘူး"

ယန်ယဲ့က "ဒါ့ထက် သူမရဲ့မှတ်ဉာဏ်တွေက ဘာလို့ ပျောက်သွားရတာလဲ"

လင်းရွှဲ့ယင်က ထပ်မံခေါင်းခါလိုက်ပြီး “ဒါက သိုင်းပညာဒေါ်လေးလင်း ပဲ သိသင့်တယ်။ နင်သိချင်ရင် သူ့ကိုမေးလို့ရတယ်"

ယန်ယဲ့က ခဏတာ ငြိမ်သက်သွားသည်။ လင်းယွဲ့ရင်က လိမ်ညာနေခြင်းမဟုတ်ကြောင်း

သူလည်းသိနေခဲ့သည်၊ သူမက ထိုကဲ့သို့ မလုပ်ဝံ့ပေ။

"သိုင်းပညာဒေါ်လေးလင်း " ယန်ယဲ့၏ မျက်လုံးများ သည် အနည်းငယ်ပင်ကျဉ်းမြောင်းသွားသည်။ ရှောင်ယုရှီ၏ မှတ်ဉာဏ်များ ပျောက်ဆုံးနေသည့်အကြောင်းအရင်းကို သိလိုပါက ထိုအမျိုးသမီးအား ရှာဖို့ကလွဲပြီး ရွေးချယ်စရာမရှိပုံပါ။

ယန်ယဲ့က လင်းယွဲ့ရင်ကို
စိုက်ကြည့်လိုက်ပြီး "နောင်မှာ ယု၍ ကို
သူ့ကိုယ်ပိုင်ကိစ္စတွေမှာ
ကိုယ်တိုင်လုပ်ခွင့်ပြုလိုက်ပါ။ သူမကို
သိပ်ပြီးမတားဆီးနဲ့။ နားလည်လား"

လင်းယွဲ့ရင်က တိတ်ဆိတ်နေခဲ့၏။

"မင်းငါပြောတာကိုကြားလား" ယန်ယဲ့၏
အသံသည် အနည်းငယ် ပိုကျယ်လာသဖြင့်

လင်းယွဲ့ရင်ဟာ ကမန်းကတန်း ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့သည် ခရမ်းရောင်သမ်းနေသော လင်းယွဲ့ရင်၏ ညာဖက်ပါးကို ထပ်မံပုတ်လိုက်ပြီး ဘေးကို လှည့်ကြည့်ကာ "ဒီတစ်ခါတော့ မင်းကို မျက်နှာပေးလိုက်ပါ့မယ်" စကားပြောနေရင်းဖြင့် လင်းယွဲ့ရင်ကို လွှတ်ပေးလိုက်ပြီး ထွက်ခွာသွားခဲ့သည်။

သူသာ လင်းယွဲ့ရင်ကို သတ်လိုက်လျှင် ရှောင်ယုရှီအတွက် အခြေအနေဆိုးမည်ကို သေချာပေါက်သိနေပါသည်။ ထို့အပြင် လက်ရှိသူ့အတွက်က သမင်ဖြူအကာယ်ဒမီနှင့် ပဋိပက္ခကို အရင်ဦးဆုံးကိုင်တွယ်ဖြေရှင်းရပါဦးမည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် ရှောင်ယုရှီက လင်းယွဲ့ရင် ရှေ့တွင် ပေါ်လာပြီး သူမကို တစ်ချက်ကြည့်ကာ  လှည့်ထွက်သွားသည်။

လင်းယွန့်ရင်က လက်ကိုဆန့်ကာ သူမ၏
ရောင်ရမ်းနေသောမျက်နှာကို ထိလိုက်ပြီး
မကျေမနပ်ဖြစ်ကာ မျက်လုံးများတွင်
ဒေါသအပြည့်နှင့် “နင်က
ဘယ်သူပဲဖြစ်ပါစေ ငါသေချာပေါက်....”

ရုတ်တရက်ဆိုသလိုပဲ ယန်ယဲ့သည်
လင်းယွန့်ရင် ရှေ့၌ ပေါ်လာပြီး သူမကို စိုက်
ကြည့်ကာ "မင်းဘာဖြစ်မှာလဲ"

လင်းယွဲ့ရင်က ယန်ယဲ့
ပြန်ရောက်လာကြောင့်
အမှတ်တမဲ့လန့်သွားသည်။ ဤအချိန်တွင်
သူမ၏ မျက်နှာက အတော်လေးကို
ကြည့်ရဆိုးနေလေသည်။

ဤအချိန်တွင် ထွက်သွားတော့မည့်
ရှောင်ယုရှီက ရပ်သွားကာ ယန်ယဲ့ကို
လှည့်ကြည့်လိုက်သည်။

ယန်ယွဲ့သည် သူ့လက်ကိုဆန့်ပြီး
ပုံမှန်အတိုင်းရှိနေသော လင်းယွဲ့ရင်၏
ဘယ်ဖက်ပါးကို အသာအယာပုတ်ကာ
ပြုံးပြီး "တကယ်တော့ မင်းငါ့ကို
လက်စားချေချင်တာက
သာမန်ပါပဲ။ ငါလည်း ဒီလိုပဲ
လုပ်မှာပဲ။ ဟမ်... မျက်နှာက
ဒီလိုမနေနဲ့လေ။ မသိရင်
လူတွေက ငါမင်းကိုအနိုင်ကျင့်နေတယ်လို့
ထင်ကောင်းထင်သွားနိုင်တယ်”

ဤအခိုက်အတန့်တွင် လင်းယွဲ့ရင်၏
မျက်နှာသည် ဖြူဖျော့နေပြီး
နူးညံ့သိမ်မွေ့သောခန္ဓာကိုယ်လေးက
အနည်းငယ်
တုန်ယင်နေသည်။ ရောင်ရမ်းနေသော
ညာဖက်ပါးနှင့် တွဲလျက် သူမ၏ပုံစံက
အတော်လေးသနားစရာကောင်းနေလေသ
ည်။

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၆၂ -

ခန္ဓာပြောင်းလဲသစ်သီးများကို ရှုံးသွပ်စွာ

စားသုံးခြင်း

ယန်ယွဲ့က လင်းယွဲ့ရင်ကို စိုက်ကြည့်ကာ ခေါင်းခါလိုက်ပြီး "အရင်တုန်းကတော့ သိုင်းသူတော်စင်တွေက ငါ့အတွက် အရမ်းခက်ခဲတယ်။ ဒါပေမဲ့ အခု

လုံလောက်တဲ့ ခွန်အားတွေရှိလာတော့ သူတို့က သာမန်လူတွေ မထူးဘူးဆိုတာကို သတိပြုမိလိုက်တယ်။ ဘာလို့လဲဆိုတော့ သူတို့မှာ ခံစားချက်တွေရှိပြီး သေမှာကို ကြောက်ကြတယ်လေ”

ယန်ယဲ့က ခေါင်းကို တစ်ဖက်လှည့်ပြီး ရှောင်ယူ့ရှီကို လှည့်ကြည့်ရင်း "သူမ သေသွားရင်း မင်း ဒုက္ခရောက်မှာလား"

"ငါတိုက်ခိုက်မယ်"
ရှောင်ယုရှိက အနည်းငယ် မဆိုင်းမတွဘဲ ပြန်ဖြေသည်။

"အရင်တုန်းကသာဆိုရင် တစ်ခါတည်းတန်းပြီး သတ်ပစ်လိုက်မှာပဲ" ယန်ယဲ့သည် စကားပြောပြီးနောက် လှည့်ထွက်သွားသည်။ သို့သော် ခြေလှမ်း ၂ လှမ်းပြီးနောက် ရပ်တန့်လိုက်ပြီး လင်းယွဲ့ရင်ကို လှည့်ကြည့်လိုက်ရင်း "မင်း သူမရဲ့လွတ်လပ်ခွင့်ကို ထပ်ပြီး

စွက်ဖက်ထားတာ ငါတွေ့ရင် မင်းကို
အဝတ်တွေဆွဲချွတ်ပြီး မြို့ရိုးမှာ
ကိုယ်တုံးလုံးနဲ့
ချိတ်ဆွဲထားလိုက်မယ်။ မှန်တယ်၊ မင်းက
အသက်တော့ရှင်နေလိမ့်မယ်" ထိုစကား
ပြောပြီးသည်နှင့် ကောင်းကင်ကို
မော့ကြည့်လိုက်သည်။ သူ့ပါးစပ်ထောင့်က
အပြုံးသေးသေးလေးတစ်ခုပေါ်လာပြီး
ညအမှောင်အောက်တွင်
ပျောက်ကွယ်သွားပါတော့သည်။

"သူဘယ်သူလဲ" ယန်ယဲ့ ထွက်သွားသည်နှင့် လင်းယွဲ့ရင်က ခပ်လှမ်းလှမ်းရှိ ရှောင်ယုရှီကို စိုက်ကြည့်နေသည်။ သူမပ လူမိုက်မဟုတ်ပါ။ သူတော်စင်တစ်ပိုင်းအဆင့်ဖြင့် သိုင်းသူတော်စင်တစ်ယောက်ကို လုံးဝဖိနှိပ်နိုင်သောလူက သာမန်လူတစ်ယောက် မဖြစ်နိုင်ပေ။

"ငါသူ့ကိုမသိဘူး" ရှောင်ယုရှီက လင်းယွဲ့ရင်ကို တစ်ချက်ကြည့်လိုက်ပြီး

"အကြီးအကဲလင်း၊ နင် သူ့ကို
မစော်ကားမိရင်
အကောင်းဆုံးပဲ။ ဘာလို့လဲဆိုတော့ သူ
အခုလေးတင်ပြောသွားတဲ့စကားတွေက
နောက်ပြောင်နေတာ မဟုတ်ဘူးလို့
ငါထင်တယ်" ထိုအတိုင်း ပြောပြီးသည်နှင့်
ထွက်သွားသည် ။

လင်းယွဲ့ရင် သည် နေရာတွင် ရပ်နေရင်း
သူမ၏ လက်သီးများကို
တင်းတင်းဆုပ်လိုက်ပြီး မျက်လုံးကို

အနည်းငယ်မှိတ်ထားလိုက်သည်။ သူမ
မည်သည့်အရာများ
တွေးတောနေသည်ကိုတော့
မည်သူမျှမသိနိုင်ပေ။

...

တိမ်အင်မော်တယ်ခန်းမ...

အကယ်၍သာ ဖြစ်နိုင်ပါက ယန်ယဲ့ဟာ
လင်းယွဲ့ရင် ကို တစ်ခါတည်း
သတ်ပစ်ချင်ခဲ့သည်။

အကြောင်းမှာ သူမသည် အနာဂတ်တွင်
သချောပေါက် လက်စားချေမည့်မှာ
သေချာနေသလောက်ကို
တွေးတောနေစရာပင်
မလိုတော့ပေ။သို့သော်လည်း သူသာ
လင်းယွဲ့ရင်ကို
သတ်လိုက်ပါကရှောင်ယုရှီဟာ
သေချာပေါက် ဒုက္ခရောက်နိုင်သည်။
လင်းယွဲ့ရင်က ရှောင်ယုရှီ နှင့်တွေ့ဖူးသည့်
တစ်ဦးတည်းသော သိုင်းသူတော်စင်

မဟုတ်သလို သမင်ဖြူအကယ်ဒမီကလည်း
သူမကိုသတ်ခွင့်မပေးနိုင်ပေ။

အစောပိုင်းက သူ့အငွေ့အသက်ကို
မဖုံးကွယ်ထားဘဲ လွှတ်ထားသည့်အခိုက်
တစ်စုံတစ်ယောက်က သူ့အား
စောင့်ကြည့်နေကြောင်း
သတိထားမိခဲ့သည်။ သို့သော်လည်း
ထိုလူက သူ့အပေါ်ဆိုးယုတ်သော
ရည်ရွယ်ချက် မရှိသဖြင့်
ဂရုမစိုက်ခဲ့ပေ။ မည်သို့ပင်ဖြစ်စေ သူသာ

လင်းယွဲ့ရင်ကိုသတ်ပါက ထိုလူဟာ သေချာပေါက် ဝင်ရောက်စွက်ဖက်မည်ကို သိနေပေသည်။ အကြောင်းမှာ ဤနေရာကား သမင်ဖြူအကယ်ဒမီ၏ နယ်မြေပါ။ နတ်ကြိုးကြာတစ်ထောင်ဂိုဏ်း၏ အကြီးအကဲတစ်ယောက် သေဆုံးသွားပါက သမင်ဖြူအကယ်ဒမီဟာ သူတို့မျက်နှာကို မည်သို့ထားတော့မည်နည်း။

သို့သော်လည်း သူသာ လင်းယွဲ့ရင်ကို သတ်ပစ်ဖို့ စိတ်ပိုင်းဖြတ်ထားပါက

သမင်ဖြူအကယ်ဒမီ၏

အဆင့်မြင့်ပညာရှင်များပင် သူ့ကို

တားနိုင်မှာ မဟုတ်ပေ။သို့သော်

အခြေအနေက

ထိုအထိရောက်သင့်သည်မဟုတ်ပေ။

အရိပ်ထဲတွင် ပုန်းအောင်းနေသော

ပညာရှင်က သူ့အပေါ် မကောင်းသော

ရည်ရွယ်ချက်မရှိသောကြောင့်

စာပေပညာရှင်အဖွဲ့ ခွဲ၏

အဖွဲ့ဝင်ဖြစ်သည်မှာ သိသာပေသည်။

လင်းယွဲ့ရင် အတွက်နှင့်

စာပေအညာရှင်အဖွဲ့ခွဲအား
ဒုက္ခဖြစ်စေမည်မှာ မထိုက်တန်လှပေ။
ထို့အပြင် သူ့အမြင်အရ လင်းယွဲ့ရှင်ကို
သတ်ချင်လျှင်
အချိန်မရွေးလုပ်ဆောင်နိုင်သည်။

ထို့နောက် ယန်ယဲ့သည် ကုတင်ပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်ကာ ပေါ့ပေါ့ပါးပါး
အသက်ရှူသွင်းပြီးနောက်
မျက်လုံးမှိတ်ထားပြီး

ယနေ့ဖြစ်ပျက်ခဲ့သမျှကို
ပြန်တွေးမိလိုက်သည်။

ဤနေ့တွင် သူတို့နှင့် တိုက်ခိုက်ခဲ့သော
အပြင်စည်းနည်းပြဆရာက
အဆင့်မြင့်သိုင်းသူတော်စင်တစ်ယောက်ဖြ
စ်ပြီး တိမ်ပင်လယ်ကုန်သည်အုပ်စု၏
မီးခိုးရောင်ဝတ်ရုံအဘိုးအိုနှင့်
အဆင့်တူပညာရှင်ပါ။သို့သော်လည်း
သူတို့နှစ်ယောက်ကြားမှ
ခွန်အားကွာဟချက်ဟာ ကောင်းကင်နှင့်

မြေကြီး ကဲ့သို့ပင်။ ထိုအခြေအနေက
မည်သည်ကို သက်သေပြသနည်း။
တစ်နည်းဆိုရသော်
ကျင့်ကြံခြင်းအဆင့်သည်
လူတစ်ဦးတစ်ယောက်၏ ခွန်အားကို
အကဲဖြတ်ဖို့
တစ်ခုတည်းသောစံသတ်မှတ်ချက်မဟုတ်
ကြောင်း သက်သေပြခဲ့သည်။

အရိုးရှင်းဆုံး သက်သေက အန်နန်ကျင်း နှင့်
သူကိုယ်တိုင်ပင်ဖြစ်သည်။ သူတို့နှစ်ယောက်

လုံးက

အဆင့်မြင့်သိုင်းသူတော်စင်များသာဖြစ်

သော်လည်း အစစ်အမှန်ခွန်အားက အဆ

င့်မြင့်သိုင်းသူတော်စင်များထက်

အနည်းငယ်မျှပင် မနိမ့်ကျပေ။

အကြောင်းအရင်းကတော့ တိုက်ခိုက်ရေးန

ည်းစနစ်များ၊ စိတ်ဆန္ဒ၊

တိုက်ခိုက်ရေးစွမ်းအား၊ ရုပ်ခန္ဓာခွန်အားနှင့်

အရင်းအမြစ်များစွာပိုင်ဆိုင်ထားခဲ့သည်။

အရှင်းဆုံးပြောရလျှင် လူတစ်ဦး၏
ခွန်အားကို လူတစ်ဦး၏
ကျင့်ကြံမှုအဆင့်ဖြင့်သာ အကဲဖြတ်၍
မရပေ။ အခြားရှုထောင့်တိုင်းကို အခြေခံ၍
ဆုံးဖြတ်ရမည်ဖြစ်သည်။

ဤအချိန် အဖြစ်အပျက်ကြောင့် ငရဲကောရီ
ကဲ့သို့ အဆင့်နိမ့်ကျင့်ကြံသူအား
လျှော့မတွက်ဖို့
အမြဲသတိရစေသည်။ ငရဲကောရီသည်
ထိုအချိန်က သူ့ထက် အဆင့်နိမ့်သော်လည်း

သူမ၏ခွန်အားသည် သူ့ထက်
လုံးဝမအားနည်းခဲ့ပေ။
ဗဟိုနတ်ဘုရားစီရင်စုတွင် ထိုသို့သော
ပါရမီရှင်များ ရှိနေကြောင်း သိထား၏။
သို့သော် တစ်ခါမျှ မကြုံဖူးသေးပေ။

ယန်ယဲ့သည် ကုတင်ပေါ်တွင်
အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးနောက်
သူ့လက်ကို အနည်းငယ်လှုပ်လိုက်ရာ
လက်ထဲ၌ ရွှေရောင်သစ်သီးတစ်လုံး
ပေါ်လာသည် "ခန္ဓာပြောင်းလဲသစ်သီး"

ဤလောကသည်
ရက်စက်ကြမ်းကြုတ်မှုများ၊
အင်အားကြီးသူသာ အသက်ရှင်နိုင်သော၊
နိုင်ထက်စီးနင်းမှုများနှင့် ပြည့်နှက်နေခဲ့၏။

ယန်ယဲ့သည် ခန္ဓာပြောင်းလဲသစ်သီးကို
ကြည့်နေရင်း
နတ်ဆိုးသားရဲများအတွက်သာ အကျိုးရှိပြီး
လူသားများအား
အန္တရာယ်ဖြစ်စေနိုင်သည်ဟု ရှေဝူယန်

ပြောခဲ့သောစကားကို
သတိရမိသည်။ အကြောင်းမှာ လူသားတို့၏
ခန္ဓာကိုယ်က ခန္ဓာပြောင်းလဲသစ်သီးထဲရှိ
သန့်စင်သောဝိညာဉ်ချီစွမ်းအင်ကို
မခံနိုင်သောကြောင့်ပင်။

ယန်ယဲ့သည် ခန္ဓာပြောင်းလဲသစ်သီးကို
မျိုမချခင် ခဏလောက်
တုံ့ဆိုင်းသွားမိသည်။ သူ့ခန္ဓာကိုယ်က
နတ်ဆိုးသားရဲထက် မနိမ့်ကျပေ။

ခန္ဓာပြောင်းလဲသစ်သီး၏

တန်ပြန်ရိုက်ခတ်မှုက သူ့အပေါ်

သက်ရောက်မှုမရှိနိုင်ပါ။

အကြောင်းအရင်းကတော့

ကြယ်တာယာစွမ်းအင်ကို စုပ်ယူပြီးနောက်

သူ့ခန္ဓာကိုယ်က နတ်ဘုရားရုပ်ခန္ဓာအဆင့်

သို့ရောက်သွားသောကြောင့်ပင်။

တစ်ချိန်တည်းမှာပင် သူ၏ရုပ်ခန္ဓာ

သို့မဟုတ် ခန္ဓာကိုယ်က သူ့အတွက်

မည်မျှအရေးကြီးသည်ကို

ကောင်းကောင်းသိထားသည်။

"အဆုံးအစွန်သောနိယာမ သို့မဟုတ်

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ပင်ဖြစ်သေ

ရုပ်ခန္ဓာခွန်အားအလုံအလောက်ရှိမှသာ

ထုတ်ဖော်နိုင်သည်။ သူ၏ရုပ်ခန္ဓာသာ

အလုံအလောက်သန်မာနေခြင်းမရှိပါက

၎င်းကို သုံးနိုင်မည်မဟုတ်ပေ။ ထိုအချက်ကို

တွေးပြီး ခန္ဓာပြောင်းလဲသစ်သီးကို စားဖို့

ဆုံးဖြတ်လိုက်သည်။ လက်ရှိ သူ့တွင်

ခန္ဓာပြောင်းလဲသစ်သီး ၁၀၀ ကျော်ပင်

ရှိနေ၏။

ခန္ဓာပြောင်းလဲသစ်သီးကို

မျိုချလိုက်သည်နှင့် တပြိုင်နက် ယန်ယဲ့သည်

သူ့ခန္ဓာကိုယ်ထဲ၌ မီးတောက်တစ်ခု

ပေါ်လာသကဲ့သို့ ခံစားလိုက်ရကာ

သူ့တစ်ကိုယ်လုံး

ပူလောင်လာသည်။ သို့သော်

ထိုခံစားချက်မှတပါး

အခြားအကျိုးသက်ရောက်မှု မရှိခဲ့ပေ။

"ဒါကအလုပ်မဖြစ်ဘူးလား"
ယန်ယဲ့ကမျက်မှောင်ကြုတ်လိုက်သည်။ သို့
သော်လည်း သူ့ခန္ဓာကိုယ်ကနေ
တောက်လောင်နေသော မီးတောက်များ
ရုတ်တရက်ထွက်ပေါ်လာသောကြောင့်
မျက်လုံးများ ချက်ချင်း
ပြူးကျယ်သွားတော့သည်။
ထိုမီးတောက်များက အရေးကြီးဆုံးအရာမ
ဟုတ်ပါ၊ အရေးကြီးဆုံးအချက်မှာ သူ၏
ခန္ဓာကိုယ်သွေးကြောများနှင့်
တစ်ကိုယ်လုံးရှိ အရိုးများ

လောင်ကျွမ်းခံနေသလိုမျိုး
ခံစားလိုက်ရခြင်းပင်။ ထိုခံစားချက်ဟာ
အောက်ဘုံတွင် ရှိနေချိန်က
ငရဲတစ္ဆေမီးတောက်ကို သုံးပြီး
သူ့ခန္ဓာကိုယ်အား
လှေကျင့်ခဲ့သည့်အဖြစ်အပျက်ကဲ့သို့ပင်။

ခြားနားချက်မှာ ဤမီးတောက်များက
ငရဲတစ္ဆေမီးတောက် ထက် ပို၍
ကြောက်စရာကောင်းခဲ့သည်
။သို့သော်လည်း ကြယ်စွမ်းအင်ကို

စုပ်ယူလိုက်သော တုံ့ပြန်မှုကဲ့သို့
နာကျင်ခြင်းမျိုးတော့ မဖြစ်သေးပါ။

ခဏအကြာတွင် ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်၊
သွေးကြောများနှင့် အရိုးများက
ပြောင်းလဲသွားကြောင်း တဖြည်းဖြည်း
သတိပြုမိလာခဲ့သည်။ ဤအခြေအနေ
ကြောင့် သူ့စိတ်ထဲ၌
အတော်လေးဝမ်းသာသွား၏။
ခန္ဓာပြောင်းလဲသစ်သီးက သူ့အပေါ်တွင်
အလုပ်ဖြစ်ကြောင်း

သက်သေပြခဲ့သည်မဟုတ်ပါလား။ သို့သော်
တစ်နာရီခန့်ကြာပြီးနောက်တွင်
သူ့ကိုယ်ပေါ် ရှိ မီးတောက်များက
တဖြည်းဖြည်း ပြန့်နှံ့သွားကာ
အသွင်ပြောင်းလဲသည့်
ခံစားချက်သည်လည်း တဖြည်းဖြည်း
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သညခ ချက်ချင်း
မျက်မှောင်ကြုတ်သွားပြီး တစ်ခဏတာ
လေးလေးနက်နက်စဉ်းစားကာ နောက်ထပ်

ခန္တာပြောင်းလဲသစ်သီးတစ်လုံးကို
ထပ်မံမျိုချလိုက်တော့သည်။

ထိုအတိုင်းပင် အကျိုးသက်ရောက်မှုများ
ပျောက်ကွယ်သွားသည့်အခါတိုင်း
ယန်ယဲ့သည် ခန္တာပြောင်းလဲသစ်သီး
တစ်လုံးပြီးတစ်လုံး
ဆက်တိုက်မျိုချခဲ့သည်။ မျက်စိတစ်မှိတ်အ
တွင်းမှာပဲ
အရဏ်တက်ချိန်ပင်
ရောက်လာပါတော့သည်။ သို့သော်လည်း

ယန်ယဲ့သည် ကျင့်ကြံနေခြင်းကို မရပ်ဘဲ ခန္ဓာပြောင်းလဲသစ်သီးများကို ဆက်တိုက်စားနေခဲ့သည်။

ဤအခိုက်အတန့်တွင် သူ၏ဝတ်ရုံရှည်က ပြာကျသွားကာ သူ့အသားအရည်သည် တဖြည်းဖြည်း ကျွတ်ဆပ်နေပုံရသည်။

အကယ်၍သာ အန်နန်ကျင်း နှင့် ရှူဝူရှန်းတို့ရှိနေပါက သေချာပေါက် အံ့သြသွားနိုင်သည်။ အကြောင်းမှာ

လက်ရှိတွင် သူ၏ခန္ဓာကိုယ်က
ကြောက်စရာကောင်းသော အရှိန်အဝါများ
ဖြာထွက်နေသောကြောင့်ပါ။ ဤအချိန်တွင်
အဆင့်မြင့်သိုင်းသူတော်စင်တစ်ဦးပင်လျှင်
သူ၏အရေပြားကို
လှီးဖြတ်နိုင်မည်မဟုတ်ပေ။

နောက်ထပ် ၆ နာရီနီးပါးအကြာ...။

ယန်ယဲ့၏
ခန္ဓာကိုယ်အပေါ် ပိုင်းရှိအရေပြားသည်

ကျွတ်ထွက်သွားပြီး
အဝါရောင်ဖျော့ဖျော့အရေပြားအလွှာဖြင့်
အစားထိုးလိုက်သည်။

ဤသို့ဖြင့်ပင် အချိန်များ
တဖြည်းဖြည်းကုန်ဆုံးသွားသည်။
အချိန်တော်တော်ကြာသည့်နောက်တွင်
တော့ ယန်ယဲ့၏
ခန္ဓာကိုယ်အောက်ပိုင်းကလည်း
တဖြည်းဖြည်းနှင့်
ပြောင်းလဲစပြုလာပါတော့သည်။

သို့သော်လည်း ယန်ယဲ့သည် မရပ်တန့်ဘဲ ဆက်ပြီးစားနေခဲ့သည်။

ဤတစ်ရက်တာအချိန်အတွင်း ယန်ယဲ့သည် ခန္ဓာပြောင်းလဲသစ်သီး ၅၀ ကျော်ကို စားသုံးခဲ့သည်။

အကယ်၍ သူသည် ခန္ဓာပြောင်းလဲသစ်သီးများကို ထမင်းစားရေသောက်သလိုမျိုး စားနေကြောင်း အခြားသူများသာ

သိသွားပါက သေချာပေါက်

ဝိုင်းပြီးရိုက်နှက်ကြပါလိမ့်မည်။

အကြောင်းမှာ ခန္ဓာပြောင်းလဲသစ်သီးကို

ဤကဲ့သို့အလွယ်တကူမသုံးနိုင်ကြပေ။

###Book.81